C.M. 111/58—U Maung Maung Sein, Myaungmya DORP No. 21 RE of 56/57. U Maung Maung Sein submitted to the Deputy Commissioner that he has to receive godown rents. No notice was taken and without the sum being adjusted. an auction sale took placed on 17th September 1958. The sale order must be set aside and the Deputy Commissioner should ascertain the exact amount recoverable and proceed on this basis.

C.M. 121/58—U Khe Yan—Myaungmya DORP No. 47 RE of 56/57. The proceedings will continue.

C.M. 112/58—U Boon Swan—Myaungmya DORP No. 34 RE of 56/57. Judging by the list of properties, it is possible that the second item belongs to a guarantor. An auction sale was held on 9th September 1958. The

S.C. 1959

U BA HLA AND OTHERS v. S.A.M.B. AND OTHERS.

sale order must be set aside and the proceedings should continue.

C.M. 113/58—U Mutabhai—Myaungmya DORP No. 22 RE of 56/57. An auction sale took place on 8th September 1958. The Sale Order must be set aside and proceedings should continue.

C.M. 115/58—U Ba Maung—Myaungmya DORP No. 18 RE of 56/57; C.M. 116/58—U Ba Shin—Myaungmya DORP No. 25 RE of 56/57; C.M. 117/58—U Maung Thwin—Myaungmya DORP No. 28 RE of 56/57; and C.M. 118/58—U Than Maung—Myaungmya DORP No. 27 RE of 56/57. These proceedings should take their course.

Our formal orders are—

In Civil Miscellaneous Applications Nos. 111, 112 and 113, the orders of the Deputy Commissioner, Myaungmya, in respect of the auction sales are quashed. Civil Miscellaneous Applications Nos. 115, 116, 117, 118 and 121 are dismissd. Civil Miscellaneous Applications Nos. 101 and 102 are dismissed as withdrawn as the applicants by their petition dated the 3rd April 1959 have sought such withdrawal.

The parties are to bear their own costs.

SUPREME COURT.

THE BANK OF CHETTINAD LTD. (APPLICANTS)

v.

DAW HMI AND TWO OTHERS (RESPONDENTS). *

†S.C. 1959

June 26.

Urban Rent Control Act, s. 22—In reference from order fixing standard rent question of tenancy cannot be gone into—Proper procedure to be followed in case of disputed tenancy.

Where in a reference from the order of the Assistant Controller of Rents fixing the standard rent of a house, the Subdivisional Judge went into the question of tenancy, which was denied by respondent No. 1, who claimed ownership of the house in question.

Held : That the Subdivisional Judge erred in going into the question of tenancy which is a matter for a Civil Court to decide.

Daw Ngwe Tin v. *The Controller of Rents*, (1951) B.L.R. (S.C.) 85, followed.

Held further : That as no Court can accept a plaint for recovery of rent without a certificate fixing the standard rent (see s. 16 of the Urban Rent Control Act), the proper procedure would be to fix a standard rent without prejudice to the claim of title or denial of tenancy on the part of the 1st respondent.

K. R. Venkatram and *C. H. Chan* for the applicants.

No appearance for the respondents.

U MYINT THEIN, C.J.—The applicants, the Bank of Chettinad, sought to have standard rent fixed in respect of a house occupied by the respondent Daw Hmi in Pwinbyu. The applicants produced a deed of sale dated 3rd December 1934 by one Katisha to the Bank, a deed dated 6th June 1940 leasing the premises at Rs. 15 a month to the respondent Daw Hmi and her husband, and a tenancy proposal form dated 25th April 1947 offering Rs. 20 a month. The last document is in English and is alleged to bear the thumb impression of the respondent.

The respondent resisted the application by the mere allegation that she had purchased the property from an

* Civil Misc. Application No. 65 of 1959.

† *Present* : U MYINT THEIN, Chief Justice of the Union, U CHAN HTOON, J. and U BO GYI, J.

S.C. 1959

THE BANK OF CHETTINAD LTD. v. DAW HMI AND TWO OTHERS.

agent of the Chettinad Bank "some 12 years ago". The Assistant Rent Controller thought this allegation was of no substance and he therefore fixed the standard rent at K 20 a month. On reference to the Subdivisional Judge, the question whether a tenancy exists was gone into, and the learned Judge held that he was not satisfied that the thumb impression on the tenancy proposal form dated the 25th April 1947 was proved to be that of the respondent. Holding that no tenancy exists, the Subdivisional Judge set aside the order of the Assistant Rent Controller.

The applicants have come to us by way of writ proceedings and it is urged that the Subdivisional Judge had erred in going into the question of title. On the authority of *Daw Ngwe Tin* v. *The Controller of Rents* (1) this contention must be upheld. Whether or not the respondent, who was admittedly a tenant before the war, had ceased to be a tenant, is a matter for a civil Court to decide.

Since no Court can accept a plaint for recovery of rent without a certificate fixing the standard rent (see section 16 of the Urban Rent Control Act), the order of the Subdivisional Judge would debar the applicants from filing such a suit. In the circumstances prevailing in this case the proper procedure would be to fix a standard rent without prejudice to the claim of title or denial of tenancy on the part of the respondent. In the event of a suit for recovery of rent being launched, that would be the proper occasion for the respondent to aver and prove that she had ceased to be a tenant.

The order of the Assistant Controller of Rents, Pwinbyu, fixing the standard rent and issuing a certificate was correct and must be upheld. We therefore quash the order of the Subdivisional Judge, Pwinbyu, dated the 24th January 1959.

(1) (1951) B.L.R. (S.C.) 85.

SUPREME COURT.

C. K. CHIN (APPELLANT)

v.

HAJEE EBRAHIM MOHAMED SEEDAT (RESPONDENT).*

†S.C. 1959

June 26.

Civil Procedure Code, O. 40—Receiver—Subject at all times to control of appointing Court—Control can be invoked by party prejudiced by conduct of—Relief may be sought by application in receivership proceedings—Receiver has no vested interest in property—Exercises powers expressly granted subject to control of Court—Power of Court to interfere—When Court should not interfere.

The action of a Receiver is at the behest and on behalf of the Court and that he is, at all times, subject to the control of the Court which possesses the power to make all necessary orders for the control of Receivers appointed by it. Such control of the Court can therefore be invoked by a person who is prejudiced by the conduct of a Receiver and relief may be sought by way of an application in the same proceedings in which the Receiver was appointed.

Searle v. *Choat*, (1884) L.R. 25 Ch.D. 723, referred to.

The Receiver appointed under Order 40 of the Code of Civil Procedure has no vested interest in the property over which he is appointed Receiver. He is an officer of the Court on whom the Court exercises real control. For example, Order 40, Rule 4 (*c*) enables the Court to deal with the assessment of loss due to wilful default or gross negligence of a Receiver without the necessity of a separate suit. As an officer of Court who has no interest in the property, he can exercise only such powers as have been expressly granted by the Court and does so subject to the control of the Court. Consequently, when he on behalf of the Court enters into a contract of sale or effects a sale of property over which he has been appointed Receiver, the Court may, where necessary, interfere with such contract of sale in a summary manner. Such power may be exercised even where he has been authorized to sell the property without further orders of the Court. But where the sale has been completed pursuant to such authority, so that the interest of a third party in the property supervenes, normally the Court should leave the person aggrieved by the action of the Receiver to seek redress in a separate suit.

Surendro Keshub Roy v. *Doorgasoondery Dosee*, I.L.R. (1898) 25 Cal. 253; *Krista Chandra Ghose* v. *Krista Sakha Ghose*, I.L.R. (1908) 36 Cal. 52; *Ratnasami Pillay* v. *Sabapathi Pillai*, A.I.R. (1925) Mad. 318, referred to.

E Maung for the appellant.

Kyaw Myint for the respondent.

U MYINT THEIN, C.J.—The facts are not in dispute. The Receiver *pendente lite* of the estate of S. A. Sema under orders of the Court, had auctioned two properties.

* Civil Appeal No. 5 of 1957. Appeal against the order of the High Court passed in Civil Apneal No. 64 of 1955, dated the 22nd August 1955.

† *Present* : U MYINT THEIN, Chief Justice of the Union, U CHAN HTOON, J. and U BO GYI, J.

S.C. 1959

C. K. CHIN v. HAJEE EBRAHIM MOHAMED SEEDAT.

When the auction began the plaintiff enquired if the outside bidders C. K. Chin (the appellant before us) and one Albert were Burmese nationals. This question was justifiable because under the Transfer of Property (Restriction) Act a foreign national needs permission to buy landed property. It happened that these gentlemen had their citizenship papers in their pockets and the auction proceeded, and though the plaintiff went up to K 40,000 the ultimate bid was that of C. K. Chin for K 80,500. This was accepted. Next the Receiver proceeded to auction plot No. 27 which is admittedly more valuable than plot No. 29. C. K. Chin's initial bid was K 10,000 which was countered by the plaintiff with K 15,000. This time C. K. Chin enquired if the plaintiff was a Burmese national. The plaintiff, supported by his advocate, assured the Receiver that he was, but unlike C. K. Chin and Albert, the plaintiff had not carried his papers in his pocket. The Receiver therefore refused his bid, and the valuable property went for K 10,500.

It cannot be disputed that the procedure adopted by the Receiver, even if it was the outcome of the plaintiff's own tactics, was unfair to the plaintiff and unfair to the heirs to the estate in that the assets of the estate would be considerably reduced by this sale at almost a nominal price. As was to be expected, the plaintiff took the matter to the Judge and asked that the sale in respect of plot 27 be set aside, under Order 21, Rule 90 of the Civil Procedure Code. The application could not be one under this provision since it was not a sale in execution of a decree. However, despite the protest of C. K. Chin, the learned District and Sessions Judge held that the position called for interference and ordered a fresh sale.

C. K. Chin took the matter on appeal and the preliminary point taken was that, since the order of the Judge could not possibly be under Order 21, Rule 90, no appeal lay. That was a substantial point but the Appellate

Court, rightly in our judgment, held that what the Judge had exercised was the inherent powers of the Court under section 151 of the Civil procedure Code. The submissions of learned Counsel then turned on the question whether the Judge could have interfered in the summary manner that he had adopted or whether the plaintiff should be made to institute a regular suit against the Receiver. The Appellate Court, relying upon some authorities which we shall discuss later, drew a distinction between an agreement to sell and a completed sale. The position prevailing in the present case being merely the acceptance of the bid at the auction and the acceptance of a percentage of the sale price as an immediate deposit, the Appellate Court held that the stage had not been reached for the plaintiff to file a separate suit; and that therefore the Court was competent to interfere. The appeal therefore was dismissed.

We have granted special leave to appeal in this case and the arguments before us have centred on the question whether the plaintiff-respondent should have been asked to file a separate suit. Dr. E Maung for the appellant submits that there are special provisions in Order 21, for example, where a sale (which may be by a Receiver) needs the confirmation of the Court; or in the case of a sale by the Receiver in Insolvency proceedings where the sale may be set aside by application to the Judge under section 68 of the Burma Insolvency Act. But here, the Receiver was appointed under Order 40 and was ordered by the Court to auction the properties, a process which he duly carried out. While it is true that no sale deed has yet been executed, Dr. E Maung emphasises that an agreement to buy on the part of the purchaser and an agreement to sell on the part of the Receiver (duly authorised to sell by the Court) had been effected resulting in a completed contract for sale, and thus a party aggrieved by the sale should file a separate suit.

S.C. 1959

C. K. CHIN v. HAJEE EBRAHIM MOHAMED SEEDAT.

We consider it indisputable that the action of a Receiver is at the behest and on behalf of the Court and that he is, at all times, subject to the control of the Court which possesses the power to make all necessary orders for the control of Receivers appointed by it. Such control of the Court can therefore be invoked by a person who is prejudiced by the conduct of a Receiver and relief may be sought by way of an application in the same proceedings in which the Receiver was appointed. See *Searle* v. *Choat* (1). This would seem to be the normal course of action rather than to resort to a separate suit.

The proposition has found acceptance in the Indian Courts but Woodroffe J., with whom the law relating to Receivers will always be associated, drew a distinction between executed and executory contracts entered into by Receivers. In *Surendro Keshub Roy* v. *Doorgasoondery Dosee* (2) the Receiver had accepted the offer of a lease of property, had even given possession but would not execute a lease deed because the position had changed, the plaintiff having lost the suit. Mr. Woodroffe, as he then was, appeared as counsel for the defendant and in supporting the stand taken by the Receiver, stressed that the lessee's remedy should have been by way of a separate suit for specific performance, more so because the lessee was not a party to the suit and because the main suit had ended in favour of the owner-defendant. Trevelyan, J. however did not think it made the slightest difference whether a third party had made the application. He pointed out that the contract was completed and implemented by delivery of possession before the original suit was dismissed. He therefore held that:

> "A Court has complete power to enforce summarily a contract made by it when managing or administering an estate whatever the contract may be."

(1) (1884) L.R. 25 Ch.D. 723. (2) I.L.R. (1898) 25 Cal. 253.

The execution of the lease was ordered.

In *Krista Chandra Ghose* v. *Krista Sakha Ghose* (1) a lease to a third party was sought to be set aside. Mr. Woodroffe then had been elevated to the Calcutta High Court and it fell to him to decide the case. The Advocate-General who appeared for the lessee stressed upon the distinction between rights *in personam* and rights *in rem* and apparently pointed out that in *Surendro Keshub Roy's* case (2), no conveyance had been executed even though possession had been given. This submission found favour with Woodroffe, J. who said:

> "This is not a case in which the matter rests on an agreement which has not been carried out, and in which the Court may interfere to prevent its Receiver giving effect to the proposed agreement. This is a case in which the matter has passed out of the state of agreement, and has resulted in a conveyance of the property to the lessee. As long as the lease stands, the property must be taken to be in the lessee and I do not think that I can, on this application, set aside the lease."

In directing the applicant to proceed by way of a suit, Woodroffe, J. pointed out that in *Surendro Keshub Roy's* case (2), the Court was asked to control the action of the Receiver but that in the case before him, the stage had been reached where, unless the lease was set aside, the interest was that of the lessee and not that of the Court.

We note that in *Krista Chandra Ghose's* case (1) the Court order gave the Receiver liberty "from time to time, *without further order of the Court*, to lease the said estate, for a term not exceeding six years, on such terms as to such Receiver may seem reasonable". Even so, where such full authority had been given, Woodroffe, J.

(1) I.L.R. (1908) 36 Cal. 52. (2) I.L.R. (1898) 25 Cal. 253.

S.C. 1959

C. K. CHIN v. HAJEE EBRAHIM MOHAMED SEEDAT.

was of the view that had the matter rested on an agreement which had not been carried out, the Court might prevent the Receiver giving effect to the agreement.

In *Ratnasami Pillay* v. *Sabapathi Pillai* (1), in which apparently no such full authority had been given to the Receiver, the Court held that the Receiver being an officer of the Court who could only exercise such powers as had been expressly granted to him by the Court, a sale of property by him under the direction of the Court would not be binding on the Court or the property unless accepted by the Court.

From the authorities canvassed before us the following principles emerge. The Receiver appointed under Order 40 of the Code of Civil Procedure has no vested interest in the property over which he is appointed Receiver. He is an officer of the Court on whom the Court exercises real control. For example, Order 40, Rule 4 (*c*) enables the Court to deal with the assessment of loss due to wilful default or gross negligence of a Receiver without the necessity of a separate suit. As an officer of the Court who has no interest in the property, he can exercise only such powers as have been expressly granted by the Court and does so subject to the control of the Court. Consequently, when he on behalf of the Court enters into a contract of sale or effects a sale of property over which he has been appointed Receiver, the Court may, where necessary, interfere with such contract or sale in a summary manner. Such power may be exercised even where he has been authorised to sell the property without further orders of the Court. But where the sale has been completed pursuant to such authority, so that the interest of a third party in the property supervenes, normally the Court should leave the person aggrieved by the action of the Receiver to seek redress in a separate suit.

(1) A.I.R. (1925) Mad. 318.

S.C. 1959

C. K. CHIN v. HAJEE EBRAHIM MOHAMED SHEDAT.

In view of the principles enunciated above, the learned District Judge rightly decided on the facts prevailing that summary relief should be granted and ordered a re-sale.

The appeal is therefore dismissed with costs, advocate's fee in this Court K 170 (Kyats One hundred and seventy only).

SUPREME COURT.

†S.C. 1959

May 11.

U NYI LAY (APPELLANT)

v.

THE UNION OF BURMA AND ONE (RESPONDENTS).*

Criminal Procedure Code, s. 561A—Inherent powers of High Court under—When not proper to exercise.

It would not be proper for the High Court to interfere in exercise of its inherent powers under s. 561A of the Criminal Procedure Code by quashing the proceedings at the stage of framing a charge, except

(i) where the prosecution allegations, even if accepted as true, do not establish any offence against the accused, or

(ii) where there is no evidence at all against the accused to support the allegations which, if established, would constitute the offence.

Aung Min (2) for the appellant.

Hla Maung (Government Advocate) for the respondent No. 1.

Ba Swe for the respondent No. 2.

The judgment of the Court was delivered by

U CHAN HTOON, J.—This is an appeal by special leave under section 6 of the Union Judiciary Act. The appellant and the 2nd respondent were partners in a partnership business for the supply of road metal to the Public Highways Department of the Government in connection with the construction of a section of road in Magwe district. The appellant prosecuted the 2nd respondent on the ground that the latter committed criminal breach of

* Criminal Appeal No. 7 of 1958.

Appeal against the order of the High Court, Rangoon, in Criminal Revision No. 109 (B) of 1957. (Reported in *U Kan Tha* v. *The Union of Burma/U Nyi Lay*, (1957 B.L.R.) 336.

† *Present :* U MYINT THEIN, Chief Justice of the Union, JUSTICE U CHAN HTOON and JUSTICE U AUNG THA GYAW.

of trust by dishonestly disposing of the money which he received from the Public Highways Department, in violation of the legal contract, which stipulated that all the monies received for the road metal supply were to be handed over to the appellant.

The legal contract referred to above was contained in the written agreement of partnership (Exhibit Ka in the trial proceedings) the relevant portion of which reads as follows :

(၃) နောက်လုပ်ငန်းအတွက် ထုတ်လိုသည့် ငွေများကို ဝယ်ယူထားသော ကျောက်ဖယား စာရင်းနှင့် တင်ပြ၍ ဦးညီလေးထံမှ ထုတ်ယူရမည်။

(၄) ကျောက်လုပ်ငန်းတွင် ကျောက်ဖယားများ အစိုးရသို့ အရစ်ကျ အပ်သွင်း၍ ကျသင့်ငွေကို ထုတ်ယူ ရန်တိုင်း ဦးညီလေးထံသို့ စာရင်းနှင့်တကွ အပ်သွင်းထားပြီးလျှင် လိုသောအခါမှသာလျှင် အထက်ပါ အပိုဒ် (၃) တွင် ဆိုခဲ့သည့်နည်းအတိုင်း ထုတ်ယူရမည်။

The 4th Additional (Special Power) Magistrate of Magwe, after hearing the complainant-appellant and his witnesses, framed a charge under section 406 of the Penal Code against the 2nd respondent. The 2nd respondent filed an application to the High Court in revision against the said order framing the charge. The High Court, exercising the inherent powers vested in it under section 561A of the Criminal Procedure Code, quashed the criminal proceedings holding that "the charge for criminal breach of trust as against the applicant is clearly unsustainable and it would be clear abuse of the process of the Court to continue with his trial."

So far as the enunciation of the principles of law applicable to a case of this nature is concerned, it should be said that the High Court took a correct view when it said :

> "It is only when it is established that a partner who has been entrusted with the partnership assets or with any dominion over property converts to his own use such specific property or assets, in breach of specific terms of

S.C. 1959

U NYI LAY v. THE UNION OF BURMA AND ONE.

> the trust imposed upon him can he be prosecuted for criminal breach of trust. In the absence of any special agreement concerning as to how he should dispose of, otherwise deal with specific partnership property entrusted to him, he cannot be said to have received or dealt with the said property in a fiduciary capacity and be prosecuted for criminal breach of trust."

However, when it comes to the application of the principle of law to the facts of the case, we doubt if the High Court has correctly assessed the implications and the meaning of the terms contained in clauses (3) and (4) of the partnership agreement as set out above. We therefore feel that it was not proper for the High Court to have interfered in exercise of its inherent powers as provided under section 561A of the Criminal Procedure Code, since no proceedings at the stage of the framing of a charge should, in our view, be quashed except (i) where the prosecution allegations, even if accepted as true, do not establish any offence against the accused, or (ii) where there is no evidence at all against the accused to support the allegations which, if established, would constitute the offence. In the present case, therefore, the proceedings should continue, giving the accused an opportunity to produce nis defence so that all the facts relevant to the case could be placed before the trial Court.

We therefore set aside the order of the High Court in Criminal Revision No. 109 (B) of 1957 and direct that the proceedings before the 4th Additional (Special Power) Magistrate of Magwe in Criminal Regular Trial No. 3 of 1957, continue.

တရားလွှတ်တော်ချုပ်

ဒေါက်တာ အုန်းသွင် (လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် (လျှောက်ထားခံရသူ)*

† ၁၉၅၉ ဇွန်လ ၁၂ ရက်။

၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၆ အပြီးသတ် မဟုတ်သောအမိန့်ကို၊ အယူခံဝင်ရန်အခွင့်ထူးမပေးနိုင်။ ။ကာမရာဂနှင့် စပ်လျဉ်း၍ စွဲဆိုသောအမှုမျိုးတွင်တရားရုံးမျှားက သတိချပ်သင့်သောအချက်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်မှုတခုတွင် တရားခံကို တရားရှင်လွှတ်သောအမိန့်ကို တရားလွှတ်တော်က ပယ်ဖျက်ပြီး၊ အမှုကိုပြန်လည်စစ်ဆေးစေရန် ချမှတ်သောအမိန့်သည် အပြီးသတ်အမိန့် မဟုတ်သောကြောင့်၊ ၎င်းအမိန့်ကို အယူခံဝင်ရန် ၁၉၄၈ ခုနှစ်၏ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ တွင်ခွင့်ပြုထားသည့် အခွင့်ထူးကို တရားလွှတ်တော်ချုပ်က မပေးနိုင်။

ကာမရာဂနှင့် စပ်လျဉ်း၍ စွဲဆိုသောအမှုမျိုးတွင် တရားလိုမ၏ ထွက်ဆိုချက်ကို အထောက်အထားပြုသည့် သက်သေခံချက်ရှိရမည်ဟု တရားဥပဒေအရ၊ ပြဋ္ဌာန်းချက်မရှိငြားသော်လည်း၊ အကြောင်းကြောင်းကြောင့် လည်ဆယ်၍စွဲဆိုသောအမှုမျိုး ပေါ်ပေါက်တတ်သည်ဖြစ်ရကား၊ ယေဘုယျအားဖြင့်ဆိုလျှင်၊ တရားရုံးမျှားက တရားလိုမ၏ ထွက်ဆိုချက်ကိုထောက်ခံသော အထောက်အထား အကိုးအကား ရှိ မရှိကို ဂရုပြု၍ ထည့်သွင်းစဉ်းစားလေ့ရှိကြသည်ကို သတိချပ်သင့်လေသည်။

လျှောက်ထားသူအတွက်။ ။ဦးကျော်မြင့်က လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။လက်ထောက်နိုင်ငံတော် ရှေ့နေချုပ် ဒေါက်တာ မောင်မောင် လိုက်ပါဆောင်ရွက်သည်။

ဦးဘိုကြီး။ ။ယခုလျှောက်ထားသူ ဒေါက်တာ အုန်းသွင် အပေါ်၌ မခင်မေရီက မိမိအားမုဒိမ်းကျင့်ပါသည်ဟု စွဲဆိုချက်အရ၊ ပုသိမ်မြို့၊ ပဌမ ရာဘက်ရာဇဝတ်တရားသူကြီးရုံးသို့ အမှုတင်သည်တွင် တရားလိုပြသက်သေမျှားကို စာ်ဆေးပြီးနောက် စွပ်စွဲချက်သည် လည်ဆယ်၍စွဲဆိုသော စွပ်စွဲချက်ဖြစ်သည်ဟု ယူဆပြီး ရာဇဝတ်တရားသူကြီးသည်၊ ဒေါက်တာ အုန်းသွင် အား တရားရှင်လွှတ်ခဲ့လသည်။ ယင်းသို့ ချမှတ်သောအမိန့်ကိုမကြေနပ်သဖြင့် မခင်မေရီသည်၎င်း၊ နိုင်ငံတော်အစိုးရသည်၎င်း

* ၁၉၅၉ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲလျှောက်လွှာအမှတ် ၆။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးချန်ထွန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးဘိုကြီးတို့ ရှေ့မှောက်တွင် တရားဝန်ကြီးဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၅၉

ဒေါက်တာ အုန်းသွင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်။

ထိုအမိန့်ကို ပြင်ဆင်ရန်အတွက် ပုသိမ်စက်ရှင်တရားသူကြီးရုံးသို့ လျှောက်ထားခဲ့လည်း မအောင်မြင်သဖြင့် တရားလွှတ်တော်သို့ တဖန်လျှောက်ထားပြန်ရာ တရားလွှတ်တော်က ထိုတရားရှင်လွှတ်သည့်အမိန့်ကိုပယ်ဖျက်ပြီး၊ အမှုကို ပုသိမ်စက်ရှင်တရားသူကြီးက ပဌမ အထူးတရားသူကြီး အဖြစ်ဖြင့်စစ်ဆေးရန်၊ သို့တည်းမဟုတ် စက်ရှင်တရားသူကြီးသင့်တော်သည်ဆင်မြင်သောအခြားသော အထူးတရားသူကြီးတဦးဦးကစစ်ဆေးရန် အမိန့်ချမှတ်လိုက်လေသည်။ ယင်းသို့ အမိန့်ချမှတ်သည်နှင့်အညီ ပုသိမ်စက်ရှင် တရားသူကြီးသည်အထူးတရားသူကြီးအဖြစ်ဖြင့်စစ်ဆေးရန်အလို့ငှါ အမှုကိုမိမိရုံးတော် ၁၉၅၉ ခုနှစ်၊ ရာဇဝတ်ကြီး အမှုနံပါတ် (၁) တွင် လက်ခံထားလေသည်။

ယခုလျှောက်ထားသည်မှာ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရဖြစ်သဖြင့် တရားလွှတ်တော် ချမှတ်သောအမှုပြန်လည်စစ်ဆေးရန် အမိန့်မှာလည်း အပြီးသတ် အမိန့်မဟုတ်သောကြောင့် ဤရုံးတော်က အခွင့်ထူး မပေးနိုင်ကြောင်း ပြောကြားသည်တွင် လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီးက အပြီးသတ် အမိန့်မဟုတ် ဆိုသည်ကို မိမိမည်သို့မျှ မငြင်းလိုကြောင်း၊ သို့သော်ငြားလည်း တရားလွှတ်တော်က တရားလိုသက်သေထွက်ချက်များနှင့် စပ်လျဉ်း၍ ပြင်းပြင်းထန်ထန် ဝေဖန်ထားသည် ဖြစ်သဖြင့် ဤရုံးတော်က လျော်ကန် သင့်မြတ်သလို ဖြေရှင်းခြင်းမပြုလျှင် မိမိ၏ အမှုသည်အဘို့ အမှုကိုခုခံရာ၌ လွန်စွာမှပင် ထိခိုက်နစ်နာမည် ဖြစ်ကြောင်းနှင့် လျှောက်ထားလေသည်။ ပညာရှိ လက်ထောက် နိုင်ငံတော် ရှေ့နေချုပ်ကလည်း ဤရုံးတော်က ဖြေရှင်းသင့်သည် ထင်မြင်သဖြင့် ဖြေရှင်းလျှင်လည်း မိမိအနေနှင့် မည်သို့မျှ အဆူးတလည် မပြောဆိုလိုကြောင်းနှင့် ပြန်ကြားလေသည်။

လျှောက်ထားသူသည်၊ တရားခံအဖြစ်ဖြင့် ပြန်လည်၍ အမှုဆိုင်ရမည်ဖြစ်ရကား၊ စွပ်စွဲချက်ကို ခုံခံရာ၌ နစ်နာစေမည့် အနှောင့်အယှက်များမှ ကင်းရှင်းစေရန်ကိုငှင်း၊ တရားသူကြီး၏ စိတ်၌လည်း မည်ကဲ့သို့သော ယူဆချက်မျိုးကိုမှ ကြိုတင်ထားရှိခြင်း မပြုဘဲ လွှတ်လွှတ်လပ်လပ် သက်သေထွက်ချက်များကို လေ့လာဆန်းစစ်ဝေဘန်ရန် ကိုငှင်း အဆူးဂရုမမူပြုရပေမည်။ ယင်းသို့ဖြစ်၍ တရားလွှတ်တော် အမိန့်တွင် မည်သို့ပင်ဝေဘန်ထားစေကာမူ ယခုအမှုကို စစ်ဆေးမည့်တရားသူကြီးသည်၊ ထိုဝေဘန်ချက်များကို သတိမမူဘဲ သက်သေထွက်ချက်များသည်၊ တရားဥပဒေအရ၊ သက်သေခံဝင်မဝင်၊ သက်သေခံဝင်လျှင်လည်း ယုံကြည်ထိုက် မယုံကြည်ထိုက်၊ ယင်းသို့ သက်သေခံဝင်၍ ပုံကြည်ထိုက်လျှင်လည်း မည်မျှခရီးရောက်သည်တို့ကို သေချာစေ့ငု ကြည့်ရှု စစ်ဆေးရပေမည်။

ဤအမှု၌ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့နံနက် ၉ နာရီအချိန်လောက်တွင် ထိုစဉ်က ပုသိမ်ပြည်သူ့ဆေးရုံ ဆရာဝန်ကြီးဖြစ်သူ ယခုလျှောက်ထားသူ ဒေါက်တာ အုန်းသွင်

သည်၊ မိမိလက်အောက်၌ သူနာပြုသင်တန်းတက်နေသူ မခင်မေရီ အား၊ မိမိ၏ အခန်း တွင်းသို့ ခေါ်ပြီး ဆယ်မိနစ်ကြာမျှ မုဒိမ်းကျင့်ပြီးနောက်၊ မခင်မေရီ အခန်းတွင်းမှ ထွက်လာပြီး နေ့လည် ၁၂ နာရီလောက်တွင် သူငယ်ချင်း ဆိုဖီ (လိုပြု ၁၃) အား၊ မိမိကို ဆရာဝန်ကြီးက မုဒိမ်းကျင့်ကြောင်း ပြောပြီး ထိုညနေ ၁၀ နာရီလောက်တွင် ဆရာမကြီး ဒေါ်သန်းစိန် (လိုပြု ၃) အား၊ ၎င်းအတိုင်းပင်ပြောသည်ဟု သက်သေ တွက်ချက်ရှိသည်။ ထိုသက်သေထွက်ချက်များကို ဆန်းစစ်ဝေဘန်ရာ၌လျှောက်ထားသူ ၏ ပညာရှိ ရွှေနေကြီးက သက်သေခံ ဥပဒေပုဒ်မ ၈၊ ဥဒါဟရဏ်(ည)ကို ကိုးကားပြီး ထိုသက်သေ ထွက်ချက်များသည်၊ သက်သေခံ ဥပဒေပုဒ်မ ၈ တွင်အကျုံးမဝင်ကြောင်း နှင့်လျှောက်ထားလေသည်။ သို့တစေလည်းထိုသက်သေထွက်ချက်များသည်၊သက်သေခံ ဥပဒေပုဒ်မ ၁၅၇ တွင် အကျုံးဝင် မဝင်၊ အကျုံးဝင်လျှင်လည်း မည်သည့်အကြောင်း ကြောင့် အကျုံးဝင်သည်ကို စဉ်းစား ဆုံးဖြတ်ရပေမည်။

ထို့ပြင်လည်း လျှောက်ထားသူ၏ ပညာရှိရွှေနေကြီးလျှောက်ထားသည့်အတိုင်းပင် မခင်မေရီသည်၊ အခင်းဖြစ်စဉ်ကမိမိဝတ်ဆင်ထားသည့် သုတ်သွေးများပေကျံနေသော ထမီကို ရေလျှော်လိုက်သည်ဆိုသည်ကိုငင်း၊ ဆရာမကြီးများက အင်္ကျီတိုကိုစစ်ဆေး လိုကြောင်း ပြောသည်ကိုငြင်းပယ်ပြီး၊ အစစ်ဆေးမခံဘဲနေခဲ့သည်ကိုငင်း ထည့်သွင်း စဉ်းစားရပေမည်။ သာမန်အားဖြင့်ဆိုလျှင် ထိုအချက်နှစ်ချက်သည် မခင်မေရီ၏ ထွက်ဆိုချက်ကို ထောက်ခံမည့် သက်သေခံချက်များတွင် အရေးကြီးသော ကဏ္ဍ၌ အပါအဝင်ဖြစ်မည်သာပင်။

ဤနေရာ၌ အလျဉ်းသင့်သဖြင့် ဖေါ်ပြလိုသည်မှာ၊ ယခုအမှုကဲ့သို့သော ကာမဆာဂ နှင့် စပ်လျဉ်း၍ စွဲဆိုသောအမှုမျိုးတွင် တရားလိုမ၏ ထွက်ဆိုချက်ကို အထောက်အထား ပြုသည့် သက်သေခံချက် ရှိရမည်ဟု တရားဥပဒေအရ ပြဋ္ဌာန်းချက် မရှိငြားသော်လည်း အကြောင်းကြောင်းကြောင့် လည်ဆယ်၍ စွဲဆိုသော အမှုမျိုး ပေါ်ပေါက်တတ်သည် ဖြစ်ခကား၊ ယေဘုယျအားဖြင့်ဆိုလျှင် တရားရုံးများက တရားလိုမ၏ ထွက်ဆိုချက်ကို ထောက်ခံသော အထောက်အထားအကိုးအကား ရှိ မရှိကို ဂရုပြု၍ထည့်သွင်းစဉ်းစား လေ့ရှိကြသည်ကို သတိချပ်သင့်ပေသည်။

ယခုလျှောက်လွှာကို ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ တွင် အကျုံးမဝင်သဖြင့်ပလပ်လိုက်သည်။ ဤအမှုကိုစစ်ဆေးမည့်တရားသူကြီးသည်၊ အထက်ဖေါ်ပြပါ အခွင့်အာဏာများကို ထည့်သွင်းစဉ်းစား၍ အမှုကို လွတ်လွတ်လပ်လပ် လေ့လာသုံးသပ်ဆုံးဖြတ်စေလိုကြောင်းနှင့် ဤရုံးတော်က ညွှန်ကြားလိုက်သည်။

ဒေါက်တာ အုန်းဆွင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်။

တရားလွှတ်တော်ချုပ်

†၁၉၅၉
ဇွန်လ ၂၆ ရက်။

လက်ဖတင်နှင် ကေ၊ ပီ၊ မူကာဂျီ (လျှောက်ထားသူ)
နှင့်
ဒေါ်ငွေရှိန် ပါ ၂ (လျှောက်ထားခံရသူများ)*

မြို့ပြဆိုင်ရာ ဌာနိရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ (၄)(က)တွင် ပါရှိသည့် "အခြားတနည်းနည်းအားဖြင့်" သတင်းရရှိခြင်း ဆိုသည်မှာ။ ။ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ဌာနိရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (၄)(က)တွင် ပါရှိသည့် "အခြားတနည်းနည်းအားဖြင့်" သတင်းရရှိခြင်းဆိုသည်မှာ မည်သည့်နည်းနှင့်မဆို၊ မည်သူ့ထံကမဆို၊ မည်သည့်အချိန်တွင်မဆို သတင်းရရှိခြင်းကိုဆိုလိုသည်ဟု ယူဆရမည်ဖြစ်သည်။ ထိုကြောင့် အိမ်ရှင်ထံမှ သုံးရက်ကျော်လွန်ပြီးနောက် ရရှိသောသတင်းသည်လည်း "အခြားတနည်းနည်းအားဖြင့်" ရရှိသော သတင်းဟု ယူဆရမည်မှာ ယုံမှားဘွယ်ရာမရှိပေ။

အင်၊ စီ၊ ဆင်း က လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည်။

ဦးကျော်ခင်က လျှောက်ထား ခံရသူအမှတ် (၁) အတွက် လိုက်ပါဆောင်ရွက်သည်။

ဦးချုန်ထွန်း။ ။လျှောက်ထားခံရသူ ဒေါ်ငွေရှိန် သည်၊ ကီလီရိပ်သာ အမှတ် ၆ အဆောက်အဦ၏ ပိုင်ရှင်ဖြစ်သည်။ ထိုအဆောက်အဦ ပဌမထပ်၏ သုံးပိုင်းတပိုင်းကို အိမ်ငှါးအဖြစ်နေသူ ဒေါက်တာ ဘာတာချာချီက ထွက်ခွါသွားပြီးလျှင် ဤရုံးတော်တွင် လျှောက်ထားသူဖြစ်သော လက်ဖတင်နှင် ကေ၊ ပီ၊ မူကာဂျီ အား၊ ကြီးကြပ်ရေးဝန်မင်း၏ ခွင့်ပြုချက်မရရှိဘဲတဆင့်နေထိုင်ရန် လွှဲပြောင်း နေထိုင်စေခဲ့သောကြောင့် မြို့ပြဆိုင်ရာဌာနိရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆-ကကနှင့် ၁၆-ခ တို့အရ၊အရေးယူပါရန် အိမ်ပိုင်ရှင်၊ကကြီးကြပ်ရေးဝန်ရုံးသို့လျှောက်ထားခဲ့လေသည်။သက်သေများကို စစ်ဆေးပြီးနောက် လက်ထောက်ဌာနိရမ်းခ ကြီးကြပ်ရေးဝန်မင်းက အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်လေသည်။

---

* ၁၉၅၉ ခုနှစ်၊ တရားမအယေးအဖွဲ့လျှောက်လွှာ အမှတ် ၅၆။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်ဘရားဝန်ကြီး ဦးချုန်ထွန်းနှင့် နိုင်ငံတော် တရားဝန်ကြီး ဦးဘိုကြီး တို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးချုန်ထွန်း အမိန့်ချမှတ်သည်။

ထိုအိမ်ခန်းတွင် မူလက မစ္စတာ အမ်၊ ကေ၊ ဘာတာချာချီက အိမ်ငှါးအဖြစ်ဖြင့် နေထိုင်လာခဲ့ရာ ၁၉၅၀ ခုနှစ်တွင် သေဆုံးခဲ့ကြောင်း။ ထို့နောက် ၎င်း၏သမီးက အိမ်ငှါးအဖြစ်ဖြင့် ဆက်လက်နေထိုင်ခဲ့ပြီးနောက် ၁၉၅၆ ခုနှစ်၊ ဇွန်လခန့်က အိန္ဒိယပြည်သို့ ပြန်သွားခဲ့ကြောင်း၊ ထိုအခန်းတွင် လက်ဖတင်နင် ကေ၊ ပီ၊ မူကာဂျီက ဆက်လက်၍ နေထိုင်ပြီးလျှင် အိမ်လခများကိုလည်း ၎င်းအမည်ဖြင့် ပေးလျက်လာခဲ့ကြောင်း။ ၁၉၅၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ စတင် အာဏာအတည်ဖြစ်သော ၁၉၅၀ ခု၊ အောက်တိုဘာလ ၂၁ ရက်နေ့လောက်တွင်လူနေ အိမ်ခန်းတခုကို အိမ်ငှါးစွန့်လွှတ်သွားလျှင် ကြီးကြပ်ရေးဝန်က ချထားသူ လက်ဖတင်နင် ကေ၊ ပီ၊ မူကာဂျီ သည်၊ ထိုအိမ်ခန်းတွင် တရားဝင်အိမ်ငှါးမဟုတ်သည်မှာ ထင်ရှားကြောင်း။ သို့ဖြစ်၍ အဆိုပါ အိမ်ခန်းကို ပုဒ်မ ၁၆-ကက (၄) အရ၊ သင့်တော်သူ တဦးဦးသို့ အငှါးချထားနိုင်ရန် ကြီးကြပ်ရေး ဝန်မင်းထံသို့ အမှုတွဲကိုတင်ပြရန် အမိန့် ချမှတ်လေသည်။

ဒေါ်ငွေရှိန်နှင့် ထိုအိမ်တွင် နေထိုင်သူ လက်ဖတင်နင် ကေ၊ ပီ၊ မူကာဂျီတို့ နှစ်ဦးလုံးသည်၊ ပုဒ်မ ၁၆-ကက ပါပြဋ္ဌာန်းချက်များကို ဖေါက်ဖျက်ကျူးလွန်သည်ကို တွေ့ရသော်လည်း ၎င်းတို့အပေါ်တွင် ၁၆-ခ အရ၊ တရားစွဲဆိုရန်မှာ ပုဒ်မ ၂၉ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော ကာလအပိုင်းအခြား ၉ လကျော်လွန်နေပြီဖြစ်၍ မည်ကဲ့သို့မျှ အရေးမယူနိုင်တော့ကြောင်းကိုလည်း ဖေါ်ပြထားလေသည်။

လျှောက်ထားသူ လက်ဖတင်နင် ကေ၊ ပီ၊ မူကာဂျီ၏ ပညာရှိ လွှတ်တော် ရှေ့နေ ကြီးက ဤရုံးတော်တွင် လျှောက်ထားသည်မှာ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေး ဝန်မင်းက ပုဒ်မ ၁၆-ကက (၄) အရ၊ ဤအိမ်ကို သင့်တော်သူ တဦးဦးအား အငှါးချထားရန်အလို့ငှါ၊ ကြီးကြပ်ရေးဝန်မင်းထံသို့တင်ပြရန်ချမှတ်သည့်အမိန့်သည်၊ ဥပဒေနှင့်ဆန့်ကျင်ကြောင်း။ အဘယ်ကြောင့်ဆိုသော် ဤအမှုတွင်အိမ်ရှင်ထံမှ လျှောက်ထားသော အခါတွင်သာလျှင် ကြီးကြပ်ရေးဝန်မင်းက သတင်း ရရှိသောကြောင့်ဖြစ်သည်။ အဆိုပါ ပုဒ်မခွဲ (၄)(က) အရ၊ ဤကဲ့သို့အိမ်ခန်းတွင် အခန်းလွတ် ဖြစ်တော့မည်ဟူသော သတင်းကို ပုဒ်မခွဲ (၁) အရသော်၎င်း၊ "အခြား တနည်းနည်းအားဖြင့် သော်၎င်း" ရရှိသော အခါမှသာလျှင် ကြီးကြပ်ရေး ဝန်မင်းသည် ဆောင်ရွက်နိုင်ခွင့် အာဏာရှိကြောင်း ပုဒ်မခွဲ (၁) အရ၊ သတင်းပေးခြင်းမှာ သုံးရက်အတွင်း အိမ်ရှင်က သတင်းပေးခြင်းကိုသာဆိုလိုကြောင်း။ သုံးရက်ကျော်လွန်မှ ပေးသောသတင်းမှာ ဥပဒေနှင့် အကျုံးမဝင်ကြောင်း ထပ်မံလျှောက်လဲသေးသည်။ ပုဒ်မခွဲ (၄) (က) တွင် ပါရှိသည့် "အခြားတနည်းနည်းအားဖြင့်" သတင်းရရှိခြင်းဆိုသည်မှာ မည်သည့်နည်းနှင့်မဆို၊ မည်သူ့ထံကမဆို၊ မည်သည့်အချိန်တွင် မဆို သတင်းရရှိခြင်းကို ဆိုလိုသည်ဟု

၁၉၅၉
လက်ဖတင်နင် ကေ၊ပီ၊မူကာဂျီ နှင့် ဒေါ်ငွေရှိန် ပါ ၂။

၁၉၅၉

ထက်ဇောင်နှင့်
ကေးပီ မူကာဂျီ
နှင့်
ဒေါ်ဒေဝီန်
ပါ ၂။

ယူဆရမည်ဖြစ်သည်။ ထို့ကြောင့် အိမ်ရှင်ထံမှ သုံးရုတ်ကျော်လွန်ပြီးနောက် ရရှိသော သတင်းသည်လည်း " အခြား တနည်းနည်းအားဖြင့် " ရရှိသော သတင်းဟု ယူဆရမည် မှာ ယုံမှားဘွယ်ရာ မရှိပေ။

ထို့ကြောင့် ဤလျှောက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ဤရုံးတော်အတွက် ရှေ့နေခမှာ ၇၅ ကျပ်ဟု သတ်မှတ်လိုက်သည်။

တရားလွှတ်တော်ချုပ်

ဦးပဏ္ဍဝ ပါ ၅ (မေတ္တာရပ်ခံသူများ)

နှင့်

ရန်ကုန်မြို့၊ အလယ်ပိုင်း ဝိနိစ္ဆယဌာန ပါ ၂ (မေတ္တာရပ်ခံခြင်းခံရသူများ)*

†၁၉၅၉ ဇွန်လ ၁၂ ရက်။

စုဒိတကများ သဘောမတူလျှင်၊ ဝိနိစ္ဆယဌာနတွင် စီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိ၊ မြို့ကဟထုတ်ဖော်သည့် စီရင်ချက်ကို ကိုးကားရှေ့ တဦးတယောက်ကိုမျှ နှင့်ထုတ်ရန်ဇာရီပြုလုပ်နိုင်ခွင့်မရှိ။

ဝိနည်းဓမ္မကွန် အဓိကရဏ်းမှုတွင် ဝိနိစ္ဆယဌာနက ချေလွှာတင်သွင်းရန် စုဒိတကများသို့ ဆင့်စာနှစ်ကြိမ်ထုတ်သော်လည်း၊ စုဒိတကတို့က လာရောက်ခြင်း၊ သို့မဟုတ် ချေလွှာသွင်းခြင်း စသည်တို့ကိုမပြုလုပ်ခဲ့သည်ကို ထောက်ခြင်းအားဖြင့်၊ စုဒိတကတို့သည် ထိုဝိနိစ္ဆယဌာန၏အဆုံးအဖြတ်ကို ခံယူရန်သဘောမတူကြောင်း ထင်ရှားလျက်ရှိသည်။ စုဒိတကများကသဘောမတူလျှင် ဝိနိစ္ဆယဌာနတွင် စီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိ၊ ဤကဲ့သို့ စုဒိတကများလာရောက်ထုချေခြင်း၊ ချေလွှာသွင်းခြင်း မပြုသောကြောင့် ဝိနိစ္ဆယဌာနက တဘက်သတ်စစ်ဆေးပြီး ချမှတ်သောဝိနိစ္ဆယအဆုံးအဖြတ်သည် ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေနှင့် ဆန့်ကျင်သောကြောင့် ပျက်ပြယ်သည်။

ဦးဝိဇယ ပါ ၄ နှင့် ဦးပရမ ပါ ၂။ ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ (တရားလွှတ်တော်ချုပ်) စာမျက်နှာ ၃၉ ရည်ညွှန်းသည်။

အလယ်ပိုင်းမြို့နယ် ဝိနိစ္ဆယဌာန၏ ၁၉၅၈ ခုနှစ်၊ အမှုအမှတ် ၄၈ တွင် ချမှတ်သည့်အမိန့်မှာ ရေတာရွှေ့တောင်ပေါ်ကျောင်းထိုက်တွင် နာယက ဆရာတော်မှာ ဦးပညာဆီဟသာလျှင် ဖြစ်သည်ဟု မြို့ကဟထုတ်ဖော်သည့် စီရင်ချက်မျှသာ ဖြစ်သည့်အလျောက်၊ ၎င်းစီရင်ချက်ကို ကိုးကားရှေ့ တဦးတယောက်ကိုမျှ နှင့်ထုတ်ရန်ဇာရီပြုလုပ်နိုင်ခွင့်မရှိချေ။

ဦးဘသန်း (၁) က မေတ္တာရပ်ခံသူများအတွက် လိုက်ပါဆောင်ရွက်သည်။

သခင်ချစ်က မေတ္တာရပ်ခံခြင်း ခံရသူများအတွက် လိုက်ပါဆောင်ရွက်သည်။

ဦးချန်ထွန်း။ ။ဤအမှုတွင် မေတ္တာရပ်ခံသူများက ၁၃၂၀ ခု၊ ပြာသိုလဆန်း ၁၂ ရက် (၁၉၅၉ ခု၊ ဇန်နဝါရီလ ၂၀ ရက်) နေ့တွင် ရန်ကုန်မြို့၊ အလယ်ပိုင်းမြို့နယ် ဝိနိစ္ဆယဌာနရုံးတော်က ချမှတ်သည့် ဝိနိစ္ဆယ အဆုံးအဖြတ်သည်၊ စီရင်ပိုင်ခွင့် အာဏာမရှိဘဲ ချမှတ်သည့် အဆုံးအဖြတ်ဖြစ်သောကြောင့် ဤရုံးတော်က ပယ်ဖျက်ပေးပါရန်နှင့် မေတ္တာ

* ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာ အမှတ် ၃၄။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီး ဦးချန်ထွန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးဘိုကြီး တို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးချန်ထွန်း အမိန့်ချမှတ်သည်။

၁၉၅၉

ဦးပဏ္ဍ ပါ ၅ နှင့် ရန်ကုန်မြို့၊ အလယ်ပိုင်း ဝိနိစ္ဆယဌာန ပါ ၂။

ရပ်ခံကြသည်။ အမှု၏အဖြစ်အပျက်မှာ ဦးပညာသီဟက မိမိသည်၊ရန်ကုန်မြို့၊ ဗဟန်းရေတာရှည် တောင်ပေါ် ကျောင်းတိုက် နာယကဆရာတော်ဖြစ်၍ ထိုကျောင်းတိုက်ကိုအုပ်ချုပ်လျက်ရှိရာ ဤအမှုတွင် မေတ္တာရပ်ခံသူများနှင့် အခြားရဟန်းတော်သုံးပါးတို့သည်၊ အဆိုပါ ကျောင်းတိုက် အတွင်း၌ မိမိ၏အာဏာကို မလိုက်နာဘဲ ဆန့်ကျင်ဘက်ပြုလုပ်၍ နေကြသည့်အတွက် ၎င်းတို့အား နှင်ထုတ်ပေးပါရန် ရန်ကုန်မြို့၊ အလယ်ပိုင်းမြို့နယ် ဝိနိစ္ဆယ ရုံးတော်သို့ ၁၉၅၈ ခု၊ ဒီဇင်ဘာလ ၂၂ ရက်နေ့က လျှောက်လွှာ တင်သွင်းစွဲဆိုခဲ့လေသည်။ အဆိုပါဝိနိစ္ဆယဌာနကချေလွှာတင်သွင်းရန် စုဒိတကများသို့ ဆင့်စာထုတ်ခဲ့လေသည်။ စုဒိတကများက ချိန်းရက်တွင် မလာရောက်ကြသောကြောင့် နောက်ထပ်ထပ်မံ၍ ဆင့်စာထုတ်ခဲ့ပြန်သည်။ ထိုသို့ဆင့်စာ နှစ်ကြိမ်ထုတ်သော်လည်း လာရောက်ထုချေခြင်း၊ ချေလွှာသွင်းခြင်းမပြုသောကြောင့် တဘက်သတ်စစ်ဆေးပြီးလျှင် ဝိနိစ္ဆယအဆုံးအဖြတ်ကို ၁၉၅၉ ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ချမှတ်ခဲ့လေသည်။

မေတ္တာရပ်ခံသူများက ပြောဆိုသည်မှာ ဤဆုံးဖြတ်ချက်သည် ဝိနိစ္ဆယ ဌာန၏ ဝိနိစ္ဆယခုံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ စီရင်ပိုင်ခွင့် အာဏာမရှိဘဲ ချမှတ်ထားသော စီရင်ချက် အဆုံးအဖြတ်ဖြစ်သောကြောင့် ဤရုံးတော်က ပယ်ဖျက်သင့်ကြောင်း အဆိုပြုကြသည်။ ဦးပညာသီဟအတွက် လိုက်ပါ ဆောင်ရွက်သည့် ပညာရှိ လွှတ်တော် ရွှေနေကြီးကလည်း စုဒိတကများက သဘောမတူလျှင် ဝိနိစ္ဆယ ဌာနတွင် စီရင်ဆုံးဖြတ်ပိုင်ခွင့် မရှိသည်မှာမှန်ကြောင်းကိုဝန်ခံသည်။ သို့ရာတွင် စုဒိတကများက သဘောတူသည် မတူသည်ကို သိနိုင်စေရန် အလို့ငှါ ဝိနိစ္ဆယဌာနသည်၊ လာရောက်စွဲဆိုသည့် အမှုကို လက်ခံပြီးလျှင် ဆင့်စာထုတ်၍ ခေါ်ယူပိုင်ခွင့် ရှိသည်ဟု လျှောက်လဲသည်။ ဤအမှုတွင် စုဒိတကတို့အား လာရောက်ထုချေရန် ဆင့်စာထုတ်ခဲ့သော်လည်း မုဒိတကတို့က လာရောက်ခဲ့ခြင်း၊ သို့မဟုတ် ချေလွှာသွင်းခြင်း စသည်တို့ကို မပြုလုပ်ခဲ့သည်ကို ထောက်ချင့်ခြင်းအားဖြင့် စုဒိတကတို့သည် ထိုဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်ကို ခံယူရန် သဘောမတူကြောင်း ထင်ရှားလျက်ရှိသည်။ ဤယူဆချက်ကိုလည်း ထိုပညာရှိ လွှတ်တော် ရွှေနေကြီးက မှန်သည့်အတိုင်း ဝန်ခံလေသည်။

၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေကို ပြဋ္ဌာန်းပြီးသည့် နေ့မှစ၍ ဝိနည်းဓမ္မကွန် အဓိကရဏ်းမှုများကို တရားစွဲဆိုသောအခါတွင် စောဒက ပုဂ္ဂိုလ်များသည်၊ မည်ကဲ့သို့ဆောင်ရွက်ရမည်၊ မည်သည့်ရုံးများတွင် စီရင်ပိုင်ခွင့် ရှိသည်စသော အချက်များကို ရှင်းလင်းစွာ ဤရုံးတော်က ဖေါ်ပြခဲ့ပြီး ဖြစ်သည်။ ထိုသို့ဖေါ်ပြထားခြင်းကို ဦးဝိဇယ ပါ ၄ စောဒကများနှင့် တာဝန် ခံဆရာတော် အလယ်ပိုင်းမြို့နယ်၊ ဝိနိစ္ဆယဌာန၊ ရန်ကုန်မြို့ ပါ ၂၊ ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ (တရား

1958 B.L.R. 39.

လွှတ်တော်ချုပ်) စာမျက်နှာ ၃၉ တွင် တွေ့ရှိနိုင်သည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်။

၁၉၅၉

ဦးပဏ္ဍိတ ပါ ၅ နှင့် ရန်ကုန်မြို့၊ အလယ်ပိုင်း ဝိနိစ္ဆယဌာန ပါ ၂။

"၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနအက်ဥပဒေကို ၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ ဥပဒေအမှတ် ၂၈) ဖြင့် ပြင်ဆင်လိုက်ရာ အခြေအနေမှာ အရေးကြီးသော အချက်များတွင် အတော်ပင် ပြောင်းလဲလာခဲ့သည် ဖြစ်သည်ကို ရန်ကုန်မြို့၊ အလယ်ပိုင်းမြို့နယ် ဝိနိစ္ဆယဌာနရုံးတော်က သတိရှိခဲ့ဟန် မတူချေ။ ပြင်ဆင်လိုက်သည့် အတိုင်းဆိုလျှင် ထိုအက်ဥပဒေ၏ အမည်မှာ '၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေ' ဟုခေါ်တွင်လာခဲ့ချေမည်။ ထို့ပြင် 'ဝိနိစ္ဆယခုံ' နှင့်စပ်လျဉ်း၍ များစွာသော ပြဋ္ဌာန်းချက်များကို အခန်း ၂ အဖြစ်ဖြင့် မူလအက်ဥပဒေတွင် ထည့်သွင်းပြင်ဆင်ခဲ့လေသည်။ ထို့ကြောင့် ပြင်ဆင်ထားပြီး ဖြစ်သည့် ယခုလက်ရှိ အက်ဥပဒေ အရဆိုလျှင် ဝိနည်းဓမ္မကွန် အဓိကရဏ်းမှု တခုခုကို စွဲဆိုလိုသောအခါ စောဒက ပုဂ္ဂိုလ်တို့သည်—

(၁) သက်ဆိုင်ရာ မြို့နယ် ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်ကို ခံယူရန် မိမိနှင့် တကွ စုဒိတက ပုဂ္ဂိုလ်တို့ကပါ သဘောတူလျှင် ထိုဝိနိစ္ဆယ ဌာနသို့ တင်သွင်း၍ အမှုစွဲဆိုနိုင်သည်။

(၂) မိမိနှင့် စုဒိတကပုဂ္ဂိုလ်တို့က သဘောတူ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံ၏ စီရင်ဆုံးဖြတ်ခြင်းကို ခံယူလိုလျှင် ထိုသို့မိမိတို့ သဘောတူ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့ ပုဒ်မ ၃၅ အရ၊ လွှဲအပ်နိုင်သည်။

(၃) အကယ်၍ အထက်အပိုဒ် (၁)နှင့် (၂) အတိုင်း၊ သက်ဆိုင်ရာ မြို့နယ် ဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်ကို ခံယူရန် သော်၎င်း၊ နှစ်ဦးနှစ်ဘက် သဘောတူ အနုညာတခုံဖွဲ့စည်း၍ ဆုံးဖြတ်စေရန် သဘောမတူလျှင် သော်၎င်း ထိုအဓိကရဏ်းမှုကို သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသည့် နယ်ပိုင်တရားမရုံးတွင် ပုဒ်မ ၃၆ အရ စွဲရမည် ဖြစ်သည်။

ထိုသို့ ပုဒ်မ ၃၆ အရ၊ အမှုစွဲဆိုသည့်အခါ နယ်ပိုင်တရားမရုံးက စောဒကနှင့် စုဒိတက ပုဂ္ဂိုလ်တို့အား ၎င်းတို့၏ အဓိကရဏ်းမှုကို စီရင်ဆုံးဖြတ်ရန် အလို့ငှါ၊ သက်ဆိုင်ရာ မြို့နယ်ဝိနိစ္ဆယဌာနသို့ လွှဲအပ်လိုသောဆန္ဒ၊ သို့မဟုတ် နှစ်ဦးသဘောတူ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့ လွှဲအပ်လိုသောဆန္ဒရှိလျှင် စာဖြင့်ရေးသား ဖေါ်ပြရန် အကြောင်းကြားရမည်ဖြစ်သည်။ နှစ်ဦးနှစ်ဘက်လုံး သဘောတူသည့် သက်ဆိုင်ရာ ဝိနိစ္ဆယဌာန၊ သို့မဟုတ် သဘောတူဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့ နယ်ပိုင်တရားမရုံးသည် အဆိုပါအမှုကို လွှဲအပ်ပေးပို့ရမည် ဖြစ်သည်။ အမှုသည် နှစ်ဦးနှစ်ဘက်လုံးကသော်၎င်း၊ တဘက်ဘက်ကသော်၎င်း မိမိတို့၏ အဓိကရဏ်းမှုကို သက်ဆိုင်ရာ မြို့နယ်ဝိနိစ္ဆယဌာန

၁၉၅၉

ဦးပညာသီဟ နှင့် ရန်ကုန်မြို့၊ အလယ်ပိုင်း ဝိနိစ္ဆယဌာန ပါ ၂။

သို့ လွှဲအပ်စေရန်ဖြစ်စေ၊ နှစ်ဦးသဘောတူ ဝိနိစ္ဆယခံ ဖွဲ့စည်း၍ လွှဲအပ်ရန်ဖြစ်စေ သဘောမတူလျှင် နယ်ပိုင် တရားမရုံးက ၎င်းအမှုကို ပုဒ်မ ၃၈ အရ၊ ဖွဲ့စည်းသည့် ဝိနိစ္ဆယခံသို့ လွှဲအပ်ရမည်ဖြစ်သည်။"

စုဒိတက ဦးပညာသီဟ၏ ပညာရှိရွှေနေကြီးက ဝိနိစ္ဆယဌာနတွင် လျှောက်ထားသော လျှောက်လွှာမှာ နှင်ထုတ်စေလိုမှုမဟုတ်ကြောင်း။ ၁၉၅၈ ခုနှစ်၊ အမှုအမှတ် ၄၈ တွင် ထိုဝိနိစ္ဆယဌာနက ချမှတ်ခဲ့သည့် စီရင်ချက်ကို ဇာရီပြုလုပ်ပေးရန်အတွက်သာ ဖြစ်ကြောင်း။ အမှုအမှတ် ၄၈ တွင် တရားရှုံးဖြစ်သူ ဦးကုသလကိုအမှီပြု၍ ငင်ရောက်နေထိုင်ကြသူများအား နှင်ထုတ်ရန် ဇာရီပြုလုပ်ဘို့ တရားမရုံးသို့ ပုဒ်မ ၂၄ အရ လွှဲအပ်ပေးပါရန် လျှောက်ထားခြင်းသာဖြစ်ကြောင်း။ ဝိနိစ္ဆယဌာနက ၎င်းပဂ္ဂိုလ်များသည်၊ တရားရှုံးကို အမှီပြု၍ လာရောက်နေထိုင်ကြသူများ ဟုတ် မဟုတ်ကို စစ်ဆေးပြီး ဟုတ်လျှင် နှင်ထုတ်ရန် ဇာရီရှုံးသို့ လွှဲအပ်ရမည်ဖြစ်ကြောင်း။ ယခုကိစ္စတွင် ၎င်းတို့သည်၊ တရားရှုံး ဦးကုသလကို အမှီပြု၍ လာရောက်နေထိုင်ကြသူများဖြစ်၍ နှင်ထုတ်ရန် ဇာရီရှုံးသို့ လွှဲအပ်သည့်အမိန့်ဟု ဝိနိစ္ဆယဌာန၏အမိန့်ကို ယူဆသင့်ကြောင်း လျှောက်ထားသည်။ အလယ်ပိုင်းမြို့နယ် ဝိနိစ္ဆယဌာန၏ ၁၉၅၈ ခုနှစ်၊ အမှုအမှတ် ၄၈ တွင် ချမှတ်သည့်အမိန့်မှာ ရေတာရှည် တောင်ပေါ်ကျောင်းတိုက်တွင် နာယကဆရာတော်မှာ ဦးပညာသီဟသာလျှင် ဖြစ်သည်ဟု မြွက်ဟထုတ်ဖော်သည့် စီရင်ချက်မျှသာဖြစ်သည်။ တရားရှုံး ဦးကုသလအား အချင်းဖြစ် ကျောင်းမှ ထွက်သွားစေသည့် စီရင်ချက်လည်း မဟုတ်၊ ထွက်သွားစေရန် တရားစွဲခြင်းလည်း မဟုတ်ခဲ့ချေ။ ထို့ကြောင့် ၎င်းစီရင်ချက်ကို ကိုးကားရှု တဦးတယောက်ကိုမျှ နှင်ထုတ်ရန် ဇာရီပြုလုပ်နိုင်ခွင့်မရှိခဲ့ချေ။

ထို့ကြောင့် ဦးပညာသီဟ သည်၊ မိမိကျောင်း၌ နေထိုင်သူတို့ အပေါ်တွင် မကြေနပ်သဖြင့် နှင်ထုတ်လိုလျှင် ရန်ကုန်မြို့တော် တရားမရုံးတွင် တရားစတင်စွဲဆိုရမည်ဖြစ်သည်။ ထိုသို့စွဲဆိုသောအခါ တရားမရုံးတော်က စုဒိတကတို့အား ဝိနိစ္ဆယ ဌာန၏ အဆုံးအဖြတ်ကို ခံယူလိုခြင်း ရှိ မရှိ၊ မခံယူလိုလျှင် ဝိနိစ္ဆယခံဖွဲ့စည်းရန် ဆက်လက် ဆောင်ရွက်ရမည် ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့၊ အလယ်ပိုင်းမြို့နယ် ဝိနိစ္ဆယရုံးတော်က ဗဟန်းရေတာရှည် တောင်ပေါ်ကျောင်းတိုက် အနုဝါဒါ ဓိကရဏ်းမှုအမှတ် ၅၀ တွင် ၁၃၂၀ ခုဖြာသိုလဆန်း ၁၂ ရက်(၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)နေ့က ချမှတ်သည့် ဝိနိစ္ဆယ အဆုံးအဖြတ်သည်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခံအက်ဥပဒေနှင့် ဆန့်ကျင်သောကြောင့် ပျက်ပြယ်သည်ဟု ယူဆရမည်ဖြစ်သည်။ ဝိနိစ္ဆယ အဆုံးအဖြတ်ကို ပယ်ဖျက်လိုက်သည်။ အမှုသည်များသည်၊ မိမိတို့၏စရိတ်ကို မိမိတို့ကျခံစေရန်ဖြစ်သည်။

တရားလွှတ်တော်ချုပ်

ဦးယာမ (လျှောက်ထားသူ)

နှင့်

ခရိုင် ရာဇဝတ်တရားသူကြီးမင်း၊ မန္တလေး ပါ ၂ (လျှောက်ထား ခံရသူများ)*

† ၁၉၅၉ ဇွန်လ ၁၅ ရက်။

ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေအရ၊ မည်သည့်အမှုမျိုးနှင့် သက်ဆိုင်မှု ဘမ်းဆီးချုပ်နှောင်နိုင်ခြင်း၊ စီးပွါးရေးသောင်းကျန်းမှု ၎င်းအက်ဥပဒေပုဒ်မ ၂ နှင့်အကျုံးမဝင်၊ ဥပဒေအရ မည်သည့်အခါမှသာ အမိန့်ချမှတ်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေအရ၊ ဘမ်းဆီးချုပ်နှောင်ထားရန်၊ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်ဖျက်ဆီးစေခြင်း (Prejudicial to the public safety)၊ သို့မဟုတ် ထိခိုက်ဖျက်ဆီးမှု (Prejudicial Act) နှင့် သက်ဆိုင်ရမည်။

ထောက်ပံ့ရေးဌာနက ဖြန့်ဖြူးသောချည်ထုပ်များကို လက်ဝါးကြီးအုပ်ခါ ဝယ်ယူပြီး အမြတ်တင်၍ ရောင်းသော၊ စီးပွါးရေးသောင်းကျန်းနည်းမှာ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမှု၊ သို့မဟုတ် "ထိခိုက်ပျက်ပြားစေမှု" ဟူ၍ ပုဒ်မ ၂ ၌အဓိပ္ပာယ်ထောင့်ဝေါ်ပြထားသည့် အချက်အလက်များတွင် အကျုံးမဝင်ခေ။

လူတဦးတယောက်ကို၊ မဘမ်းဆီးမီ ခရိုင်လုံခြုံရေးကောင်စီ၏ သဘောတူညီချက် ရယူခြင်းသည်လည်း၊ ထိုသူ၏သက်သာရန်သာ ဖြစ်ပေမည်။ ခရိုင်ဝန်နှင့် ခရိုင်ရဲဝန်တို့သည်၊ လုံခြုံရေးကောင်စီအဖွဲ့ဝင်များ ဖြစ်စေကာမူ၊ ခရိုင်ဝန်ကိုယ်တိုင်က သက်သက်မကင်းရှိမှသာ ဥပဒေအရ၊ အမိန့်ချမှတ်နိုင်သည့်အကြောင်းကို ထပ်လောင်း၍၊ ဤရုံးတော်ကသတိပေးလိုက်သည်။

၁၉၅၉ ခုနှစ်၊ အထွေထွေရာဇဝတ်မှု နံပါတ် ၇၀၊ ဒေါ်တင်တင်၏ အမှုကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးလှကျော်(၁)နှင့် ဒေါ်မြမြအေးတို့ လိုက်ပါဆောင်ရွက်သည်။

လျှောက်ထား ခံရသူများအတွက်။ ။လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဒေါက်တာမောင်မောင် လိုက်ပါဆောင်ရွက်သည်။

---

* ၁၉၅၉ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲလျှောက်လွှာ အမှတ် ၇၃၊ ၇၄၊ ၇၅။

† နိုင်ငံတော်ထရာဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးချန်ထွန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးအောင်ဆာကျော် တို့ရှေ့မှောက်တွင် နိုင်ငံတော်တရားဝန်ကြီးချုပ် အမိန့်ချမှတ်သည်။

၁၉၅၉

ဦးယာမနှင့် ခရိုင်ရာဇဝတ်တရား သူကြီးမင်း၊ မန္တလေး ပါ ၂။

ဦးမြင့်သိန်း။ ။အမရပူရမြို့နေ၊ ဦးယာမနှင့် ၎င်း၏သား မောင်သောင်းညွှန့်၊ ၎င်း၏တပည့် မောင်သောင်းတို့ကိုဘမ်းဆီးချုပ်နှောင်ထားရန် အမိန့်ချမှတ်သူ၊ မန္တလေးမြို့ ခရိုင်ဝန်အား၊ အကြောင်းပြန်ကြားရန် ဤရုံးတော်ကဆင့်ဆိုခဲ့သည်။ အကြောင်းပြရာ၌ ဦးယာမ၊ မောင်သောင်းညွှန့်နှင့် မောင်သောင်းတို့သည် (၁) စီးပွါးရေးသောင်းကျန်းသူများ ဖြစ်ကြောင်း၊ (၂) သောင်းကျန်းသူများနှင့် ဆက်သွယ်လျက် ထောက်ပံ့ခြင်း၊ ဆက်ကြေးပေးခြင်း၊ ၎င်းတို့ကိုအသုံးချခြင်းပြုသူများဖြစ်ကြောင်း၊ (၃) မန္တလေးခရိုင် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ညွှန်ကြားထားသည့် အတိုင်းနှင့် မန္တလေး ခရိုင်ရဲဝန်၏ အစီရင်ခံချက်အရ၊ ထိုသူများကို ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေ ပုဒ်မ ၅ (က) (၁) (ခ) အရ၊ ချုပ်နှောင်ထားရန် အမိန့်ချမှတ်ထားကြောင်း ဖေါ်ပြသည်။

ခရိုင်ဝန်မင်း၏ ကျမ်းကျိန်လွှာတွင် ပါရှိသည့် အချက်များကိုဝေဘန်ရာ၌ လျှောက်သူများအတွက် လိုက်ပါဆောင်ရွက်သူ ပညာရှိရွှေနေကြီးများက အောက်ပါအချက်အလက်များကို ထုတ်ဖေါ် လျှောက်ထားကြသည်။

၁။ စီးပွါးရေး သောင်းကျန်းသူများပင် ဖြစ်စေကာမူ၊ ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေနှင့် ဘမ်းဆီး ချုပ်နှောင်ခွင့်မရှိ။

၂။ ဤကဲ့သို့ ဘမ်းဆီးချုပ်နှောင်ရန်မဖြစ်၍ ဦးယာမတို့အား မလိုလားသူ သက်သေများက အေးချမ်းသာယာသည့် အမရပူရနယ်တွင် ဦးယာမတို့သည် သောင်းကျန်းသူများနှင့် ဆက်သွယ်သည်ဟု မဟုတ်မမှန် လုပ်ကြံ၍ ပြောဆိုကြခြင်းဖြစ်ကြောင်း သက်သေခံချက်များပင်ရှိစေကာမူ ၎င်းတို့အပေါ်တွင် အားထားရန် မသင့် ယုံနိုင်စရာပင် မရှိကြောင်း။

၃။ ခရိုင်ဝန်သည်၊ မိမိကိုယ်တိုင် ဦးယာမတို့၏ကိစ္စမှာ သက်ဆိုင်ရှိသည် မဟုတ်၊ ခရိုင်လုံခြုံရေး ကောင်စီ၏ ညွှန်ကြားချက်အရသာ ဆောင်ရွက်ခဲ့ကြောင်း။ ခရိုင်ဝန်နှင့် ခရိုင်ရဲဝန်တို့မှာ ကောင်စီအဖွဲဝင်များ ဖြစ်ကြ၍ ကောင်စီ၏ ညွှန်ကြားချက်ကို လိုက်နာရမည်သာဖြစ်ကြောင်း။ လွတ်လပ်သော နိုင်ငံတခုတွင် ဤကဲ့သို့သော ဥပဒေ မရှိထိုက်ကြောင်း။

စီးပွါးရေး သောင်းကျန်းသူများနှင့် ကိုးကားသည့် အက်ဥပဒေသည်မဆိုင် ဆိုသည်မှာ မှန်ကန်သည်။ ထိုအက်ဥပဒေအရ၊ ဘမ်းဆီး ချုပ်နှောင်ထားရန် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်ဖျက်ဆီးစေခြင်း (Prejudicial to the public safety)၊ သို့မဟုတ် ထိခိုက်ဖျက်ဆီးမှု (Prejudicial Act) နှင့် သက်ဆိုင်ရမည်။ ဦးယာမတို့ကျင့်သုံးသည်ဟု စွပ်စွဲသော စီးပွါးရေးသောင်းကျန်းနည်းမှာ ထောက်ပံ့ရေးဌာနက ဖြန့်ဖြူးသော ချည်ထုပ်များကို လက်ဝါးကြီးအုပ်ခါ ဝယ်ယူပြီး အမြတ်တင်၍ ရောင်း

သည်ဟု စွပ်စွဲထားသည်။ ဤကဲ့သို့သော စီးပွါးရေး သောင်းကျန်းနည်းမှာ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမှု၊ သို့မဟုတ် "ထိခိုက်ပျက်ပြားစေမှု" ဟူ၍၊ ပုဒ်မ ၂ ၌ အကျယ်တဝင့် ဖေါ်ပြထားသည့် အချက်အလက်များတွင် အကျုံးမဝင်ခေျ။ တကယ်စင်စစ်စီးပွါးရေး သောင်းကျန်းမှု ပြုခဲ့ပါလျှင် အခြားတရားဥပဒေအရ၊ အရေးယူရန်သာရှိသည်။

1959
ဦးယာမ နှင့် ခရိုင်ရာဇဝတ် တရား သူကြီး မင်း၊ မန္တလေး ပါ ၂။

ဒုတိယ လျှောက်ထားချက်နှင့်ပတ်သက်၍ ဦးယာမတို့သည်၊ သောင်းကျန်းသူများနှင့် အဆက်အသွယ်ရှိသည်ဟု ခရိုင်ဝန်မင်းထံသို့ ခရိုင်ရဲဝန်မင်းက ၎င်းတို့အား ဘမ်းဆီးသည့်နေ့ကပင် အစီရင်ခံစာတင်သွင်းသည်ကို အမှုတွဲများတွင် တွေ့မြင်ရသည်။ ဤကဲ့သို့ ဆက်သွယ်ကြောင်းကို သက်သေ ၅ ဦးက အစစ်ခံချက် ပေးထားသည်ကိုလည်း အမှုတွဲများတွင် တွေ့မြင်ရသည်။ ဤကဲ့သို့သော အစစ်ခံချက်များသည်၊ ယုံကြည်လက်ခံလောက်သည်ဟု ခရိုင်ဝန်မင်းက ယူဆလျှင် ပုဒ်မ ၅ (က) တွင် ဖေါ်ပြထားသော အမိန့်မျိုးကို ချမှတ်နိုင်ရန် မိမိအား နိုင်ငံတော် သမတက အာဏာအပ်နှင်းထားသည်။ ထိုအာဏာကို သုံးစွဲခဲ့သော် သက်သေအစစ်ခံချက်ကိုမယုံထိုက်၊ အာဏာကို မသုံးထိုက်ဟု စာချုန်တော် အမှုတွင် ဝေဘန်ရန် ဤရုံးတော်က ခွင့်မပြုနိုင်။

တတိယအချက်နှင့် ပတ်သက်၍ ခရိုင်ဝန်မင်း၏ ကျမ်းကျိန်လွှာကိုသာ ဘတ်လျှင် မိမိသဘော မဟုတ်၊ ခရိုင်လုံခြုံရေး ကောင်စီ၏ သဘောအတိုင်း ဆောင်ရွက်ရာ ရောက်နေသည်မှာမှန်၏။ သို့သော် ချမှတ်သည့် အမိန့်ကိုဘတ်ရုပါက၊ ခရိုင်ဝန်မင်းကိုယ်တိုင်က သက်သမကင်းဖြစ်သည်ဟု ယူဆကြောင်း ပါရှိသည်။ ထို့ပြင်လည်း ခရိုင်ရဲဝန်၏ အစီရင်ခံစာတွင် ဦးယာမတို့အား မဘမ်းဆီးမီ ခရိုင်လုံခြုံရေး ကောင်စီ၏ သဘောတူညီချက်ကို ယူသည်ဟု ပါရှိသည်ကို ထောက်ရှုက ရဲအရာရှိများက ထင်သလို မဘမ်းဆီးဘဲ၊ ခရိုင်လုံခြုံရေး ကောင်စီနှင့် နီးနှောတိုင်ပင်ပြီးမှသာ ဘမ်းဆီးခြင်း ထင်ရှားသည်။ လူတဦးတယောက်ကို မဘမ်းဆီးမီ၊ ခရိုင်လုံခြုံရေး ကောင်စီ၏ သဘောတူညီချက် ယူရခြင်းသည်လည်း ထိုသူအတွက်သက်သာရန်သာဖြစ်ပေမည်။ ခရိုင်ဝန်နှင့် ခရိုင်ရဲဝန်တို့သည်၊ လုံခြုံရေးကောင်စီ အဖွဲ့ဝင်များ ဖြစ်စေကာမူ ခရိုင်ဝန်ကိုယ်တိုင်က သက်သမကင်းရှိမှသာ ဥပဒေအရ၊ အမိန့်ချမှတ်နိုင်သည့် အကြောင်းကို ထပ်လောင်း၍ ဤရုံးတော်က သတိပေးလိုက်သည်။ ဤရုံးတော်၏ ၁၉၅၉ ခုနှစ်၊ အထွေထွေရာဇဝတ်မှု နံပါတ် ၇၀၊ ဒေါ်တင်တင်၏ အမှုကိုကြည့်ပါ။

လိုက်ပါဆောင်ရွက်သူ လွှတ်တော်ဒွေနေကြီးများ၏လွှတ်လပ်သော နိုင်ငံတခုတွင် ဤကဲ့သို့သော ဥပဒေမဲ့ထိုက် ဆိုသည်နှင့် ပတ်သက်၍အထူးအထေ ဝေဘာန်ရန်မလို။ စစ်ကြီးဖြစ်စက ဘုရင်ခံ၏ တချက်လွှတ်အမိန့်နှင့် ပေါ်ပေါက်လာသော ဥပဒေကို စစ်ပြီး ငြားသော်လည်း၊ တိုင်းပြည်၏ အခြေအနေမှာ မကောင်းသေး၍ လွှတ်လပ်ရေးရပြီး နောက်၊ ယခုထက်တိုင်ပင် ဆက်လက်၍ တည်မြဲနေစေခဲ့သည်။ ဤအက်ဥပဒေတည်မြဲ

၁၉၅၉
ဦးယာမ
နှင့်
ဧရိုင်ဆုဇတ်
တရား သူကြီး
မင်း၊ မန္တလေး
ပါ ၂။

နေသည့်ကာလအတွင်း၊ အာဏာပိုင်များက အခြေအလျောက် အက်ဥပဒေအရ၊ သင့်တော်သည်ဟု ယူဆသော အမိန့်များကို ချမှတ်ကြပေမည်။ မကြေနပ်သူများက စာချုန်တော် လျောက်ခဲ့သော ဤရုံးတော်၏ တာဝန်မှာ ချမှတ်သော အမိန့်များသည်၊ တရားဥပဒေနှင့် ကိုက်ညီသည်၊ မကိုက်ညီသည်ကိုသာ ဝေဘန်ရန်ဖြစ်သည်။

ဤအမှုများတွင် ခရိုင်ဝန်မင်း၏ အမိန့်များမှာ ဥပဒေ စည်းဝိုင်းအတွင်း၌ ကျရောက်သောအမိန့်များဖြစ်၍ ဤရုံးတော်ကဝင်ရောက်စွက်ဘက်ရန်မဖြစ်နိုင်။ လျောက်လွှာများကို ပယ်လိုက်သည်။

တရားလွှတ်တော်ချုပ်

ဦးသိန်း ပါ ၂ (လျှောက်ထားသူများ)

နှင့်

လက်ထောက်ဌာနမှူးရမ်းခ ကြီးကြပ်ရေးဝန်၊ ဝါးခယ်မမြို့ ပါ ၃ (လျှောက်ထားခံရသူများ)*

† ၁၉၅၉ ဇွန်လ ၁၂ ရက်။

မြို့ပြဆိုင်ရာ ဌာနမှူးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၉ (ဃ) ကို၊ ကိုးကားလိုလျှင် ရှေးဦးစွာ ဆုံးဖြတ်ရမည့်ကိစ္စ၊ ခြွင်းချက်အရ တိုးနိုင်သည့်ရာခိုင်နှုန်း၊ စစ်ဆေးရမည့်ကိစ္စ၊ စံဌာနတိုးနိုင်ရေး။

ဆုံးဖြတ်ချက်။ ။ဝါးခယ်မမြို့၊ လက်ထောက်မြို့ပြဆိုင်ရာ ဌာနမှူးရမ်းခကြီးကြပ်ရေးဝန်မင်းသည်၊ မြို့ပြဆိုင်ရာဌာနမှူးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၉(ဃ)ကို ကိုးကားရှိ၊ လျှောက်ထားခံရသူ တဦးဖြစ်သူက လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်ကပင်၊ တလလျှင် ၁၇ ကျပ် ၅၀ ပြားပေးရှိ နေထိုင်လာသောအခန်းခကို၊ ၁၇ ကျပ် ၅၀ ပြားမှ ၂၆ ကျပ်တိုးမြှင့်ရှိ သတ်မှတ်ခဲ့သည်။

ပုဒ်မ ၁၉(ဃ)ကို ကိုးကားလျှင် ၁၉၃၉ ခု၊ စက်တင်ဘာလ ၁ ရက်နေ့က ပေးရသောအခန်းခ မည်မျှဖြစ်သည်ကို ပဌမ ဆုံးဖြတ်ပြီးမှ ထိုနှုန်းသည်နှုန်းလွန်းလွှသည်ဟု ယူဆပါလျှင်၊ ပုဒ်မ ၁၉ ၏ ခြွင်းချက် ၁ အရ၊ ၂၅ ရာခိုင်နှုန်းပိုမိုရှိ သတ်မှတ်နိုင်သည်။

၁၉၃၉ ခု၊ စက်တင်ဘာလ ၁ ရက်နေ့က ပေးရသောအခန်းခကို၊ မြို့နယ်ပါဟ်၏ဌာနမှူးရမ်းခတန်ဘိုးခွဲပုံစာရင်း (Assessment Roll) ကိုသာ အမှန်ယူသင့်သည်မဟုတ်၊ ထကဲယင်းရသည့် အခန်းခကို သိရှိနိုင်ရန်စစ်ဆေးရမည်။

pleasure but with an added contractual term that the rules are to be observed is at once too artificial and too far-reaching to commend itself for acceptance. The rules are manifold in number and most minute in particularity, and are all capable of change. Counsel for the appellant nevertheless contended with logical consistency that on the appellant's contention an action would lie for any breach of any of these rules, as for example of the rules as to leave and pensions and very many other matters. Inconvenience is not a final consideration in a matter of construction, but it is at least worthy of consideration, and it can hardly be doubted that the suggested procedure of control by the Courts over Government in the most detailed work of managing its services would cause not merely inconvenience but confusion. There is another consideration which seems to their Lordships of utmost weight. Section 96B and the rules make careful provision for redress of grievances by administrative process and it is to be observed that sub-section (5) in conclusion re-affirms the supreme authority of the Secretary of State in Council over the civil service. These considerations have irresistibly led their Lordships to the conclusion that no such right of action as is contended for by the appellant exists. It is said that this is to treat the words "subject to these rules" as superfluous and ineffective. Their Lordships cannot accept this view and have already referred to this matter in their judgment in *Rangachari's* case. They regard the terms of the section as containing a statutory and solemn assurance that the tenure of office though at pleasure, will not be subject to capricious or arbitrary action, but will be regulated by rule. The provision for appeal in the rules are made pursuant to the principle so laid down. It is obvious, therefore, that supreme care should be taken that this assurance should be carried out in the letter and in the spirit, and the very fact that government in the end is the supreme determining body makes it the more important both that the rules should be strictly adhered to and that the rights of appeal should be real rights involving consideration by another authority prepared to admit error, if error there be, and to make proper redress, if wrong has been done. Their Lordships cannot and do not doubt that these considerations are and will be for ever borne in mind by the governments concerned, and the fact that there happen to have arisen for their Lordships' consideration two cases where there has been a serious and

S.C
1959

U THA DIN
v.
THE SECRETARY, MINISTRY OF CO-OPERATIVE & COMMODITY DISTRIBUTION.

complete failure to adhere to important and indeed fundamental rules, does not alter this opinion. In these individual cases mistakes of a serious kind have been made and wrongs have been done which call for redress. But while thus holding on the clear facts of this case, as they now appear from the evidence, as they similarly held in *Rangachari's* case, their Lordships are unable as a matter of law to hold that redress is obtainable from the courts by action. To give redress is the responsibility, and their Lordships can only trust will be the pleasure, of the executive government."

In the wake of these two judgments, Roberts, C.J. in the Rangoon High Court case of *Secretary of State* v. *J. C. Maurice* (1) said:

> "In my opinion the whole tenor of the section (96*B*) goes to show that the rules are departmental rules which direct the Secretary of State to deal with cases in such manner as may seem to him to be right but preclude a public servant who feels himself aggrieved at the manner and conduct of any inquiry from taking any step in any Court to question the right to dismiss at pleasure which still subsists in the prerogative of the Crown."

When the 1919 Act was superseded by the Government of India Act, 1935, section 240 of the later Act reiterated the concept of employment during pleasure. But what had been provided by rule 55 mentioned above that a reasonable opportunity of showing cause should be given, was embodied in section 240 itself. And thus it may be said that the position of the civil servant improved. In *High Commissioners for India and Pakistan* v. *I. M. Lall* (2). a civil servant who had been dismissed without opportunity being given of showing cause, was awarded a decree declaring him to be still a member of the Civil Service. Their Lordships noted that the scope of sub-section (3) of section 240 was not merely that of rule 55 which, in their judgment, remained unaffected as an administrative rule.

(1) (1937) R.L.R. 35. (2) 75 I.A. 225.

Burma ceased to be part of India by virtue of the Government of India Act, 1935, and the Government of Burma Act, 1935. Provisions similar to those in section 240 of the India Act were embodied in section 97 of the Burma Act, thereby preserving the right of His Britannic Majesty to terminate the services of a civil servant and also affording him a constitutional guarantee for an opportunity to show cause. At the same time, to meet any eventuality, section 128 embodied the provision that notwithstanding the repeal of the 1919 Act, until the enactment of new provisions, rules relating to civil servants in force immediately before the commencement of the 1935 Act were to continue in force and to be deemed to have been made under the appropriate provisions of the 1935 Act. The Government of India Act, 1935 had a similar provision in section 276.

When India emerged as a sovereign independent Republic, under her own Constitution, the concept of employment during the President's pleasure (or that of the Rajpramukh or the Governor in the case of employees of the Constituent States) was expressly preserved by section 310. Section 311 guarantees a reasonable opportunity of showing cause, while section 313 ensures the continuance in force of all provisions relating to the public services. Thus the position of the civil servant in India has undergone no change in regard to his constitutional right to be afforded an opportunity of showing cause against punishment. *Lall's* case (1) remains good law. See *Khem Chand* v. *The Republic of India* (2)..

But the Burmese Constitution contains no provisions similar to those of India's so that the concept of employment during pleasure, so carefully preserved by India, is no more applicable in Burma. Nor is there any constitutional guarantee to afford the Burmese civil servant a

(1) 75 I.A. 225. (2) A.I.R. (1958) S.C. 300.

S.C. 1959

U THA DIN v. THE SECRETARY, MINISTRY OF CO-OPERATIVE & COMMODITY DISTRIBUTION.

reasonable opportunity of showing cause against punishment.

Learned counsel for the applicant, however, has urged that despite the repeal of the Government of Burma Act by the Burma Independence Act of 1948 (which paved the way for Burma to adopt her own Constitution of a sovereign independent Republic), the rules relating to the Civil Services framed under the appropriate sections of the 1935 Act remain in full force as Existing Law which is defined in section 222 of the Burmese Constitution thus:

> "'Existing Law' means any law, Ordinance, Order, bye-law, rule or regulation passed or made before the commencement of this Constitution by any legislature, authority or person in any territories included within the Union of Burma being a legislature, authority or person having power to make such law, Ordinance, Order, bye-law, rule or regulation."

It is contended therefore that the rules relating to civil servants such as the Discipline and Appeal Rules, 1941 and "G" Circular No. 15 of 1940 (which admittedly are invoked by Government even to this day) are existing law. This definition, however, must be considered along with section 226 which reads:

> "Subject to this Constitution and to the extent to which they are inconsistent therewith, the existing laws shall continue to be in force until the same or any of them shall have been repealed or amended by a competent legislature or other competent authority."

The British legislature, by the Burma Independence Act, 1948 repealed in its entirety the Government of Burma Act, 1935, as from the day the Burmese Constitution came into force, *i.e.*, the 4th January 1948, and having been thus repealed by a competent legislature the 1935 Act ceased to exist. What had ceased to exist at the time the Burmese Constitution came into force, could not continue as "existing law".

The question then arises, what happens to the rules framed under the provisions of the 1935 Act which in its entirety had been repealed ? The answer must be sought in section 24 of the General Clauses Act which reads:

> "When any enactment is repealed and re-enacted by an enactment, with or without modification, then unless it is expressly provided, any appointment, notification, order, scheme, rule, form or bye-law made or issued under the repealed enactment shall, as far as it is not inconsistent with the provisions re-enacted, continue in force, and be deemed to have been made or issued under the provisions so re-enacted, unless and until it is superseded by any appointment, notification, order, scheme, rule, form or bye-law made or issued under the provisions so re-enacted."

This section is obviously meant to cover ordinary legislation and it might apply, for example, to the rules framed under the Government of India Act, 1919, pending the promulgation of new rules under the appropriate sections of the 1935 Act. With abundance of caution, section 128 of the Government of Burma Act made it certain that such rules would continue in force. But the Government of Burma Act, 1935 was enacted for governing Burma by the British legislature while the Burmese Constitution was adopted by the Burmese themselves through their Constituent Assembly. While it is true that the constitutional ties with Britain were severed in the friendliest way and the Burmese Constitution did replace the Governor of Burma Act, 1935, the language of section 24 is such that it cannot possibly cope with the complete change in the status of this country; and we feel that it would be straining the law to breaking point if we were to hold that the Burmese Constitution is a re-enactment of the 1935 Act. Re-enactment being the condition precedent for rules and bye-laws framed under a previous Act to continue in force, it follows that there being no re-enactment, and because the 1935 Act was replaced by the competent legislature in its

S.C. 1959

U THA DIN v. THE SECRETARY, MINISTRY OF CO-OPERATIVE & COMMODITY DISTRIBUTION.

entirety, all rules framed under the various sections of the Act died with the Act itself.

This finding of ours, though alarming it may be to civil servants, is not as drastic as it may appear at first sight. At the time of the changeover what were called the superior services were abolished. The services of the members of such services were terminated and they were paid compensation and pension. Those who were not members but were holding posts in these services were paid no compensation but were pensioned off. Of these, some sought re-employment and were taken back into their old posts, but on new and reduced scales of salary. In respect of the bulk of government employees, section 229 of the Constitution provided thus:

> "All persons who were in the service of the Government of Burma immediately before coming into operation of this Constitution shall continue in service until the Union Government provide otherwise."

In respect of such employees and those re-employed, Government in actual practice has applied to them the various rules and regulations relating to the services, which were in force before the emergence of Burma as an independent country. Up to the present day, the various fundamental rules, Discipline and Leave Rules, and even "G" Circular No. 15 are observed. There have even been amendments and repeals in respect of some of these rules. But no new set of rules and regulations pertaining to the Civil Services have yet been framed, and as the bulk of government employees were made to continue in service under section 229 and also because Government itself treats these rules and regulations to be of full effect, even if these rules and regulations have no statutory force, they must be taken as the conditions of service of government employees retained under section 229 of the Constitution or recruited after Burma's change in status.

The prerogative hitherto exercised by the Crown in regard to dismissal at pleasure having found no place in the Burmese Constitution, and there being no constitutional or statutory guarantee affording a Burmese civil servant a reasonable chance of showing cause against punishment, the relationship between the Government of Burma and its civil servants is no higher and no lower than that of the ordinary relationship between master and servant. If a civil servant should feel that he had been dismissed, removed or punished without cause, or is otherwise aggrieved, his obvious remedy (if administrative remedies are denied to him or if they prove inefficacious) must be by way of a suit against Government. A recourse to the writ jurisdiction of this Court is not an appropriate or satisfactory measure.

We have been told that U Tha Din has already filed such a suit. That he has to have recourse to such a measure, to say the least, is deplorable but we think that it was unavoidable since the order in his case was passed by the Minister himself, an action which must be construed as one exercised by the Union Government collectively, and as such, under the Discipline and Appeal Rules there can be no appeal, administratively against the order. But the fact that there is no provision for appeal, does not preclude Government even at this stage from reviewing the position which prevails in this case and to give redress or at least satisfaction to an employee as any benevolent master would. The position of the civil servant is not on a level even with that of workers in a factory, for example, who have the right to resort to collective bargaining. Such action by way of collective bargaining by civil servants would lead to an accusation of disloyalty and of embarrassing the Government, and this is an added reason why the utmost care should be taken that the conditions of their service are observed and adhered to. We endorse, with respect, the observation of their Lordships of the Privy

S.C. 1959

U THA DIN v. THE SECRETARY, MINISTRY OF CO-OPERATIVE & COMMODITY DISTRIBUTION.

Council that to give redress is the responsibility, and we likewise trust will be the pleasure, of the executive Government.

The application for directions in the exercise of our writ jurisdiction is dismissed with no order as to costs.

တရားလွှတ်တော်ချုပ်

ပန်နလာ(လ်) ရန်ဂလာ(လ်) (လျှောက်ထားသူ)
နှင့်
အတွင်းဝန်၊ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီး ဌာနပါ ၂ (လျှောက်ထားခံရသူများ)*

†၁၉၅၉
အောက်တိုဘာ
လ ၁၄ ရက်။

ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၉၁ (၂) တွင်၊ သုံးနှုန်းထားသည့် စကားရပ်များ၊ တရားမကျင့်ထုံးကို ဧဥပဒေ ပုဒ်မ ၁၁၅ နှင့် ရာဇဝတ်ကျင့်ထုံးကို ဧဥပဒေပုဒ်မ ၄၃၅ တွင် သုံးနှုန်းထားသော စကားအတိုင်းပင်၊ ၎င်းပုဒ်မများအရ၊ မည်သည့်အမှုမျိုးအဖြစ်သော အထက်ရုံးက၊ စီစစ်ဆုံးဖြတ်နိုင်ခြင်း၊ ဤကဲ့သို့ စီစစ် ဆုံးဖြတ်ရာတွင်၊ စီစစ်ကိုးကားရမည့်အရာများ၊ စောဒကရုံး၏ ဆောင်ရွက်အပ်သည့်ကိစ္စ၊ ၎င်းကိစ္စကို ဆောင်ရွက်ရန်၊ ပျက်ကွက်လျှင် မပြုလုပ်နိုင်သည့်အရာ၊

အောက်အရာရှိများက စစ်ဆေးစဉ်အခါတွင်၊ ရရှိနိုင်သေးသည်ဟု ယူဆရသော အရေးကြီးသည့် သက်သေခံများသည်၊ အမှုတွဲအတွင်းသို့ မရောက်ရှိသေးသည့်အခါ၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနက ဆောင်ရွက်အပ်သည့်ကိစ္စ။

ဆုံးဖြတ်ချက်။ ။ပင်လယ်ကြောင်း အကောက်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၉၁ (၂) တွင် သုံးနှုန်းထားသည့် စကားရပ်များမှာ၊ တရားမကျင့်ထုံးကို ဧဥပမေပုဒ်မ ၁၁၅ နှင့် ရာဇဝတ်ကျင့်ထုံးကို ဧဥပဒေပုဒ်မ ၄၃၅ တို့တွင် သုံးနှုန်းထားသည့် စကားရပ်များအတိုင်းဖြစ်သည်။ အဆိုပါပုဒ်မများအရ အထက်ရုံးများက အောက်ရုံးများ၏ စီရင်ချက် အမိန့်စသည်တို့ကို စောဒကမူအဖြစ်ဖြင့်သာ ပြန်လည် စီစစ် ဆုံးဖြတ်ရသည်။ ထိုကဲ့သို့စီစစ်ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာ ရုံးများတွင် ထိုအမှုကို စီရင်သည့်အခါက အမှုတွဲများတွင်ရှိနေပြီးဖြစ်သော သက်သေခံ စသည့်တို့ကိုသာလျှင် စီစစ်ကိုးကား၍ ဆုံးဖြတ်ရသည်။

အကယ်၍ အောက်ရုံး အမှုတွဲများတွင် အရေးကြီး သက်သေခံများ မပါရှိသေးသည့်အပြင်၊ ထိုသို့သော သက်သေခံများကိုလည်း ရနိုင်ရန် အကြောင်းရှိသည်ဟု ထင်မြင်ယူဆလျှင် စောဒကရုံးသည်၊ ထိုသက်သေခံများကို၊ မိမိကိုယ်တိုင်ခေါ်ယူစစ်ဆေးခြင်းပြု၍သော်၎င်း၊ အောက်ရုံးက ခေါ်ယူစစ်ဆေးရန် ပြန်ရည် လွှဲအပ်ခြင်းပြု၍သော်၎င်း၊ ထိုသက်သေခံများရအောင် ဆောင်ရွက်ရသည်။ ဤကဲ့သို့ သက်သေခံများကို ထပ်မံ၍ တရားနည်းလမ်းအတိုင်း ရယူရန် မဆောင်ရွက်ဘဲ၊ ၎င်းတို့ကို ကိုးကား၍၊ အောက်ရုံးက ချမှတ်ထားသည့် အမိန့်စီရင်ချက် စသည်တို့ကို ပြောင်းလဲပယ်ဖျက်ခြင်း မပြုနိုင်ခေ။

---

* ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာ အမှတ် ၉။

† နိုင်ငံတော်တရားဝန်ကြီး ဦးချန်ထွန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးဘိုကြီးနှင့် နိုင်ငံတော်တရားဝန်ကြီး ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင်၊ နိုင်ငံတော် တရားဝန်ကြီး ဦးချန်ထွန်း အမိန့်ချမှတ်သည်။

၁၉၅၉

ပန်နလာ(လ်)
ရန်ကလာ (လ်)
နှင့်
အတွင်းဝန်၊
ဘဏ္ဍာရေးနှင့်
အခွန်တော် ဝန်
ကြီးဌာန ပါ ၂။

ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာနက၊ အရေးကြီးသော သက်သေခံများသည်၊ အောက်အရာရှိများက စစ်ဆေး စဉ်အခါတွင်၊ အမှုတွဲအတွင်းသို့မရောက်ရှိသေးသည့်အပြင်၊ ထိုကဲ့သို့အရေးကြီးသော သက်သေခံများကို ရရှိနိုင်ရန် အကြောင်းရှိသည်ဟု ထင်မြင်ယူဆလျှင်၊ထိုသက်သေခံများကိုရရှိစေရန် ထပ်မံစစ်ဆေးဘို့အကောက်တော်မင်းကြီးထံသို့ အမှုတွဲကို ပြန်လည် ပေးပို့ ဆောင်ရွက်စေသင့်သည်။ ဤကဲ့သို့ အကောက်တော်မင်းကြီးက၊ နှစ်ဦးနှစ်ဘက် ပြဆိုသည့် သက်သေခံများကို ပြည့်စုံစွာ ရယူပြီးနောက်၊ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြစေသင့်သည်။ ဤကဲ့သို့ နောက်ထပ် ရရှိသည့်သက်သေခံများနှင့်တကွ၊ အမှုထွဲတွင် ပါရှိသည့် အချက်အလက်အားလုံးကို ပြန်လည် သုံးသပ်ပြီးလျှင် သင့်တော်သည့် စီရင်ချက်ကို ချမှတ်နိုင်ခွင့်ရှိသည်။

လျှောက်ထားသူအတွက်၊ လွှတ်တော် ရှေ့နေကြီး ဒေါက်တာ မောင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်၊ အစိုးရ လွှတ်တော် ရှေ့နေကြီး ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

ဦးချန်ထွန်း။ ။၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ကာလကတ္တားမြို့မှ သဘော်ဖြင့် အထည်သေတ္တာ ၂၂ လုံးသည် လျှောက်ထားသူများ၏ အမည်ဖြင့် ရောက်လာသည်။ ထိုအထည်သေတ္တာ ၂၂ လုံး၏ စုစုပေါင်း တန်ဘိုးမှာ ၂၃,၃၅၂ ကျပ် ၁ ပဲ ဖြစ်သည်။ လျှောက်ထားသူများသည်၊ ထိုအခါက အဆိုပါ အထည်မျိုးကို တင်သွင်းနိုင်ရန် သွင်းကုန် လိုင်စင် ၁,၂၀၀ ကျပ်အတွက်သာ ရရှိထားသူများဖြစ်၍၊ ၎င်းတို့အပေါ်တွင် အကောက်တော် မင်းကြီးက ပို၍သွင်းလာသော ကုန်များအတွက် အရေးယူရန် ဆောင်ရွက်သော အခါတွင်၊ ၎င်းတို့က အဆိုပါ အထည်သေတ္တာ ၂၂ လုံးအနက် မိမိတို့အတွက်မှာ သေတ္တာတလုံးသာဖြစ်ကြောင်း။ ကုန်သေတ္တာ ၂၁ လုံးမှာ မူဗယ်လီ အေဂျင်စီ လိမ်တက်အတွက် ၅ လုံး၊ ယူနိုက်တက် အေဂျင်စီ လိမ်တက်အတွက် ၇ လုံးနှင့် လေးမျက်နှာ ရောင်းဝယ်ရေး ကုမ္ပဏီအတွက် ၉ လုံးဖြစ်ကြောင်း။ အဆိုပါကုမ္ပဏီသုံးခုလုံးတွင်လည်း ၎င်းအထည်သေတ္တာများအတွက် လိုင်စင်များရှိကြောင်းဖြင့် ထုချေလေသည်။ ထိုသို့ထုချေသော်လည်း အကောက်တော်မင်းကြီးက ၎င်းအထည်သေတ္တာများသည်၊ လျှောက်ထားသူများက မိမိတို့အတွက် သွင်းလာသည့်ပစ္စည်းများ ဖြစ်သည်ဟု ဆုံးဖြတ်ပြီးလျှင်၊ ထိုသို့ အပိုသွင်းလာသည့် ပစ္စည်းများကို သိမ်းယူရန်၊ သို့တည်းမဟုတ် ၎င်းတို့၏ တန်ဘိုးငွေ ၂၂,၁၀၀ ကျပ်ကို ဒဏ်ငွေအဖြစ်ဖြင့် ပေးဆောင်ရှေ့ ရွေးယူစေရန် ပင်လယ်ကြောင်း အဓိကာက်ခွန် အက်ဥပဒေ ပုဒ်မ ၁၈၃ အရ၊ ၁၉၅၁ ခု၊ စက်တင်ဘာလ ၃ ရက်နေ့ကအမိန့်ချမှတ်လိုက်လေသည်။ ထိုအမိန့်ကို လျှောက်ထားသူများက မကျေနပ်သဖြင့် ဘဏ္ဍာတော်မင်းကြီးထံသို့ အယူခံဝင်ရောက်သည်။ ဘဏ္ဍာတော်မင်းကြီးက အဆိုပါ အထည်သေတ္တာ ၂၁ လုံးသည်၊ လျှောက်ထားသူများ၏ အမည်

ဖြင့် ထင်ပို့ထားသည်မှာ မှန်သော်လည်း၊ ယူနိုက်တက် ကော်မာရှယ်ဘဏ်တိုက်မှ ၁၉၅၁ ခု၊ ဩဂုတ်လ ၁၃ ရက်နေ့က အထက်တွင် ဖော်ပြပါ ကုမ္ပဏီ သုံးခုထံသို့ ၎င်းတို့အတွက် ကျသင့်သည့် အထည်သေတ္တာများ၏တန်ဘိုးကို တောင်းယူရရှိထားပြီးဖြစ်ကြောင်း။ ထိုကြောင့် ထိုအထည်သေတ္တာ ၂၁ လုံးသည် လျှောက်ထားသူများက သွင်းလာသည့် ပစ္စည်းများ မဟုတ်ဘဲ၊ အခြားသူများက မိမိတို့ လိုင်စင်အရ သွင်းလာသည့် ကုန်များဖြစ်ကြောင်း။ ထိုကြောင့် အကောက်တော်မင်းကြီး၏ အမိန့်ကို ပယ်ဖျက်၍ ချမှတ်ထားသည့် ဒဏ်အလွှေးငွေကိုလည်းပြန်လည် ပေးရန် အမိန့်ချမှတ်လေသည်။ ဘဏ္ဍာတော်မင်းကြီးက ဆက်လက်၍ ဖော်ပြထားသည်မှာ၊ အဆိုပါ အထည်သေတ္တာ ၂၁ လုံးအတွက် သက်ဆိုင်သော ကုမ္ပဏီ သုံးခုတို့က ငွေပေးသွင်းပြီးလျှင် ထုတ်ယူပြီးဖြစ်ကြောင်းဖြင့် လျှောက်ထားသူများက အာမခံတာခံကြောင်းကိုလည်း ဖော်ပြထားသေးသည်။ ဤကဲ့သို့ ချမှတ်သည့် ဘဏ္ဍာတော်မင်းကြီး၏ အမိန့်မှာ ၁၉၅၂ ခု၊ ပြီလ ၂၃ ရက်နေ့တွင် ချမှတ်သည့် အမိန့်ဖြစ်သည်။

1959

ပန်နလာ(လ်) ရန်ဂလာ(လ်) နှင့် အတွင်းဝန်၊ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာန ပါ ၂။

ထိုနောက် လျှောက်ထားသူများက ထိုအထည်သေတ္တာများနှင့် စပ်လျဉ်း၍ ရေဝန်ချိုးသို့ ထိန်းသိမ်းခအတွက် မိမိတို့ပေးသွင်းထားရသည့် ငွေ ၈၁၁ ကျပ် ၁၃ ပြားကို ပြန်လည်ပေးရန် လျှောက်ထားရာ၊ အထက်တွင် ဖော်ပြထားသည့် ယူနိုက်တက် အေကျင်စီ လိမိတက်နှင့် မူဗယ်လီ အေကျင်စီ လိမိတက်တို့ထံသို့ မည်သည့်နေ့က ထိုအထည်သေတ္တာများကို ထုတ်ယူကြောင်း စုံစမ်းသောအခါ၊ ၎င်းတို့က ထိုသေတ္တာများကို မိမိတို့သည် မည်သည့်အခါကမျှ ထုတ်ယူခြင်း၊ လက်ခံရရှိခြင်းမပြုခဲ့ရကြောင်း။ ၎င်းသေတ္တာများ၏ တန်ဘိုးငွေကိုသာလျှင် လျှောက်ထားသူများက မိမိတို့အားပြန်အမ်းကြောင်းစာဖြင့် ၁၉၅၃ ခု၊ ဇွန်လ ၂၃ ရက်နေ့က ပြန်ကြားခဲ့လေသည်။ ထိုစဉ်အခါက အကောက်တော်မင်းကြီးသည် ဤကိစ္စနှင့် စပ်လျဉ်း၍ ပြန်လည် စီစစ် ဆုံးဖြတ်ပေးပါရန် ဘဏ္ဍာတော်မင်းကြီးထံသို့ လျှောက်ထားခဲ့ သေးသော်လည်း မည်သို့မျှ အကြောင်း မထူးခဲ့ချေ။ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနက လျှောက်ထားသူများထံသို့ ၁၉၅၈ ခု၊ မတ်လ ၂၀ ရက်နေ့စွဲဖြင့် နို့တစ်စာ ပေးပို့ခဲ့လေသည်။ ထိုနို့တစ်စာတွင် ဖော်ပြထားသည်မှာ—

> "ဤကိစ္စနှင့် ပတ်သက်၍ နောက်ထပ် ရရှိသော စာရွက် စာတမ်းများအရ၊ အခြားကုမ္ပဏီများ အမည်ဖြင့် မှာယူ တင်သွင်းခဲ့သည် ဆိုသော အထည်သေတ္တာများအတွက် ကုမ္ပဏီ အသီးသီးက ပေးသွင်းထားသော ငွေများကို လူကြီးမင်းက ကုမ္ပဏီများသို့ ငွေပြန်အမ်းပြီး၊ ၎င်းအထည်သေတ္တာများကို လူကြီးမင်းတဦးတည်း သိမ်းယူကြောင်း သိရှိရပါသည်။"

၁၉၅၉

ပန်နလာ (လ်) ရန်ဂလာ (လ်) နှင့် အတွင်းဝန်၊ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာန ပါ ၂။

ဘဏ္ဍာတော်မင်းကြီး၏ အမိန့်ကို မည်သည့်အတွက်ကြောင့် မပယ်ဖျက်ထိုက်ကြောင်း စာဖြင့် ရေးသားချေပရန် တောင်းဆိုလေသည်။ ထိုနောက် လျှောက်ထားသူများ၏ ချေပချက်နှင့်တကွ အခြားသက်ဆိုင်ရာ အမှုတွဲများကို ကြည့်ရှုလေ့လာပြီးလျှင် ၁၉၅၈ ခု၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ဘဏ္ဍာတော် မင်းကြီး၏ အမိန့်ကို ပယ်ဖျက်ပြီးလျှင်၊ အကောက်တော်မင်းကြီး၏ အမိန့်ကို အတည်ပြုသည့် အမိန့်တခု ကို ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနက ချမှတ်လေသည်။ ထိုအမိန့်တွင် အောက် ပါအတိုင်း ဖေါ်ပြထားသည်မှာ—

> "အထည်သေတ္တာများကို ကုမ္ပဏီ အသီးသီးက မိမိတို့ငွေများဖြင့် ကုန်ဘိုးချေ၍ ထုတ်ယူသွားပါသည်ဟု အဆိုရှိသော်လည်း၊ အကောက်တော် ဌာနမှ နောက်ထပ် စုံစမ်းရှာဖွေစုဆောင်းထားသော စာရွက် စာတမ်းများအရ၊ ၎င်း အထည်သေတ္တာ ၂၂ လုံးသည် အဆိုပါ ကုမ္ပဏီ သုံး ခုက မရရှိဘဲ၊ မက်ဆက် (စ်) ပီရမ် ဂလယ် ကုမ္ပဏီ တဦးတည်းကသာ အပြီးအပိုင် ထုတ်ယူပြီးရောင်းချသည်ကို တွေ့ရှိရသည်။"

လျှောက်ထားသူများက အဆိုပါ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာန၏ အမိန့် ကို မကျေနပ်သဖြင့် ဤရုံးတော်သို့ အမှုခေါ်စာချွန်တော် ထုတ်ပေးရန် လျှောက်ထား ခြင်း ဖြစ်သည်။ လျှောက်ထားသူများ၏ ပညာရှိ ရှေနေကြီးက လျှောက်လဲသည်မှာ၊ ယခုကဲ့သို့ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာနက ဘဏ္ဍာတော်မင်းကြီး၏ ၁၉၅၂ ခု၊ ဖေဖြေလ ၂၃ ရက်နေ့တွင် ချမှတ်ထားသည့် အမိန့်ကို ၁၉၅၈ ခု၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ပြန်လည် စီစစ်၍ ပယ်ဖျက်သည့်အမိန့် ချမှတ်ခြင်းသည်၊ ပင်လယ် ကြောင်း အကောက်တော်ခွန် အက်ဥပဒေပုဒ်မ ၁၉၁ (၂) (က) အရ၊ စောဒကမူဖြစ် သောကြောင့် ဘဏ္ဍာတော်မင်းကြီးက အမိန့်ချမှတ်သောအခါတွင်၊ ၎င်းရှေ့၌ ရှိနေ သည့် အမှုတွဲများအရသာလျှင် ပြန်လည်၍ စီစစ်ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း၊ ဘဏ္ဍာ တော်မင်းကြီး၏ အမိန့်ချမှတ်ပြီးသည့် နောက်မှ ရှာဖွေ၍ ရလဖြင့် ပေါ်ပေါက်လာ သော အကြောင်း အချက်များကို ထည့်သွင်းစဉ်းစားနိုင်ခွင့် လုံးဝမရှိကြောင်း။ ထိုကဲ့ သို့ နောက်ထပ် တွေ့ရှိရသည့်အကြောင်းအချက်များကို ထည့်သွင်း စဉ်းစားနိုင်ရန်မှာ၊ အဆိုပါ အက်ဥပဒေပုဒ်မ ၁၉၁ (၁) အရ၊ ပြန်လည်ပြင်ဆင်မှုအတွက်သာလျှင် ဖြစ်နိုင် ကြောင်း စသည်တို့ကို ဖေါ်ပြ၍ လျှောက်ထားသည်။

၁။ ပင်လယ်ကြောင်း အကောက်တော်ခွန် အက်ဥပဒေပုဒ်မ ၁၉၁ (၂) တွင် သုံးနှုန်းထားသည့် စကားရပ်များမှာ တရားမကျင့်ထုံးကိုဥပဒေပုဒ်မ ၁၁၅ နှင့် ထူး ဝတ်ကျင့်ထုံး ကိုဥပဒေပုဒ်မ ၄၃၅ တို့တွင် သုံးနှုန်းထားသည့် စကားရပ်များအတိုင်း ဖြစ်သည်။ အဆိုပါ ပုဒ်မ များအရ၊ အထက်ရုံးများက အောက်ရုံးများ၏ စီရင်ချက်

အမိန့်စသည်တို့ကို စောဒကမှု အဖြစ်ဖြင့် သာပြန်လည် စီစစ်ဆုံးဖြတ်ရသည်။ ထိုကဲ့သို့ စီစစ်ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာ ရုံးများတွင် ထိုအမှုကို စီရင်သည့် အခါက အမှုတွဲများ တွင်ရှိနေပြီးဖြစ်သော သက်သေခံ စသည်တို့ကိုသာလျှင် စီစစ်ကိုးကား၍ ဆုံးဖြတ်ရ ရသည်]။ အကယ်၍ အောက်ရုံး၏ အမှုတွဲများတွင် အရေးကြီးသော သက်သေခံများ မပါရှိသေးသည့်အပြင်၊ထိုသို့သောသက်သေခံများကိုလည်း ရနိုင်ရန် အကြောင်းရှိသည် ဟုထင်မြင်ယူဆလျှင်၊စောဒကရုံးသည် ထိုသက်သေခံများကို မိမိကိုယ်တိုင် ခေါ်ယူ စစ် ဆေးခြင်းပြု၍သော်၎င်း၊ အောက်ရုံးက ခေါ်ယူစစ်ဆေးရန် ပြန်လည်လွှဲအပ်ခြင်းပြု၍ သော်၎င်း၊ ထိုသက်သေခံများကို ရအောင် ဆောင်ရွက်ရသည်။ ဤကဲ့သို့ သက်သေခံ များကို ထပ်မံ၍ တရားနည်းလမ်းအတိုင်း ရယူရန် မဆောင်ရွက်ဘဲ၊ငြင်းတို့ကို ကိုးကား၍ အောက်ရုံးက ချမှတ်ထားသည့် အမိန့်စီရင်ချက် စသည်တို့ကို ပြောင်းလဲပယ်ဖျက် ခြင်းမပြုနိုင်ခေ။

၂။ ယခုအမှုတွင်လည်း (အကယ်၍ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနက အရေးကြီးသော သက်သေခံများသည် အောက်အရာရှိများက စစ်ဆေးစဉ်အခါတွင် အမှုတွဲအတွင်းသို့ မရောက်ရှိသေးသည့်အပြင်၊ ထိုကဲ့သို့အရေးကြီးသော သက်သေခံ များကို ရရှိနိုင်ရန် အကြောင်းရှိသည်ဟု ထင်မြင်ယူဆလျှင်၊ ထိုသက်သေခံများကို ရရှိစေရန် ထပ်မံ စစ်ဆေးဘို့ အကောက်တော် မင်းကြီးထံသို့ အမှုတွဲကို ပြန်လည်ပေးပို့ ဆောင်ရွက်စေသင့်သည်။ ဤကဲ့သို့ အကောက်တော်မင်းကြီးက နှစ်ဦး နှစ်ဘက် ပြဆို သည့် သက်သေခံများကို ပြည့်စုံစွာ ရယူပြီးနောက်၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး ဌာနသို့ ပြန်လည်ဘင်ပြစေသင့်သည်)။ ဤကဲ့သို့ နောက်ထပ်ရရှိသည့်သက်သေခံများ နှင့်တကွ အမှုတွဲတွင် ပါရှိသည့် အချက် အလက်အားလုံးကို ပြန်လည် သုံးသပ်ပြီးလျှင် သင့်တော်သည့် စီရင်ချက်ကို ချမှတ် နိုင်ခွင့် ရှိသည်။

၃။ ထို့ကြောင့် ၁၉၅၈ ခု၊ အောက်တိုဘာလ ၂၂ ရက်နေ့စွဲဖြင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနကချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။

၁၉၅၉

ပန်နလာ (လ်) ရန်ဂလာ (လ်) နှင့် အတွင်းဝန်၊ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာန ပါ ၂။

တရားလွှတ်တော်ချုပ်

† ၁၉၅၉

အောက်တိုဘာ
လ ၇ ရက်။

ဘတ်ဂျိရန်ဂလား (လျှောက်ထားသူ)

နှင့်

ဘဏ္ဍာတော်မင်းကြီး (မြေနှင့် ကျေးလက်) (လျှောက်ထားခံရသူ)*

ဦးစိန် ပါ ၅ (လျှောက်ထားသူများ)

နှင့်

ဘဏ္ဍာတော်မင်းကြီး ပါ ၃ (လျှောက်ထာခံရသူများ)**

မြေခွန်နှင့် အခွန်တော် အက်ဥပဒေ ပုဒ်မ ၃၉၊ ၄၆၊ ၄၇ ပြန်သိမ်းယူရာ၊ပြန်ဝယ်ရာ မူလအချက်မျှား နည်းဥပဒေ ၉၅၊ ပိုင်ဆိုင်ခွင့်ရရှိပြီး၊ မြေနှင့် ပတ်သက်၍ အရေးယူရာတွင်၊ အခွန်တော် အရာရှိ ဆောင်ရွက်ရမည့် ကိစ္စမျှား။ နည်းဥပဒေ ၉၆၊ မြေပိုင်ရှင်၏ အခွင့်အရေး။ အက်ဥပဒေ ပုဒ်မ ၄၉ အရ အရေးမယူနိုင်သောမြေ။ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၂၃၊ ပစ္စည်းပိုင်ဆိုင်မှုင့်။ ဘဏ္ဍာတော် မင်းကြီး၏ အမိန့် အာဏာပေးစာချန်ပြင့်သာ ပယ်ဖျက်နိုင်ခြင်း။ မြေနှင့် အခွန်တော် အက်ဥပဒေ ပုဒ်မ ၅၆ တားမြစ်သည့်ကိစ္စ။

ဆုံးဖြတ်ချက်။ ။မြေကို မြေနှင့် အခွန်တော်အက်ဥပဒေပုဒ်မ ၃၉ အရ၊ အစိုးရက ပြန်သိမ်းသည်ဖြစ်စေ၊ သို့တည်းမဟုတ် ယင်းဥပဒေပုဒ်မ ၄၆/၄၇ အရ လေလံတင် ရောင်းချပြီး ပြန်ဝယ်သည်ဖြစ်စေ၊ မူလပဌမဒ္ဒ၊ မြေခွန်တော် မပြေကျန်ရှိမည်ဖြစ်သည့်အပြင်၊ မြေပိုင်ရှင်အား၊ အခွန်တော်ငွေ တောင်းဆိုသည့် နို့တစ်စာဖြင့်၊ အကြောင်းကြားရမည်ဖြစ်သည်။ ထိုနောက်မှ၊ ပိုင်ဆိုင်ခွင့် ရရှိပြီး မြေဖြစ်လျှင်၊ ပုဒ်မ ၄၆/၄၇ အရ အရေးယူမည်ဆိုပါက၊ နည်းဥပဒေ ၉၅ အရ အခွန်တော် အရာရှိသည်၊ မြေပိုင်ရှင်အား မပြေကျန်ရှိသည့် အခွန်တော်ငွေကို သတ်မှတ်သည့် ကာလအတွင်း ပေးဆောင်ရန် ဆင့်ဆိုရ၏၊ ထိုအမိန့်ကို ၎င်းနေထိုင်သည့် အိမ်၌ဖြစ်စေ၊ အိမ်အနီးအနားဌာနဖြစ်စေ မောင်းတီး ကျေညာရမည်။ ယင်းသို့ ကျေညာပြီးမှ၊ အခွန်တော်ငွေ မဆောင်ဘဲရှိနေသေးလျှင်၊ ကျေညာပြီး လေးပဲ့နွဲ့ ရောင်းချရမည်ဖြစ်သည်။ ထိုကဲ့သို့ ရောင်းချရာသို့ မြေပိုင်ရှင် မလာရောက်လျှင်၊ ရောင်းချပြီးကြောင်းကို ၎င်းအား နို့တစ်စာဖြင့် အကြောင်းကြားရမည်။ နည်းဥပဒေ ၉၆ အရဆိုလျှင်၊ ယင်းသို့ ရောင်းချပြီးနောက်၊ သတ်မှတ်သည့် အချိန်ကာလအတွင်း၊ ပိုင်ရှင်က မြေခွန်တော်နှင့် စရိတ်စသည်တို့ကို ပေးဆောင်လျှင်၊ ခရိုင်ဝန်က လေလံရောင်းခြင်းကို ပယ်ဖျက်နိုင်သည်။

ပိုင်ဆိုင်ခွင့် ရရှိပြီးဖြစ်သော မြေကို၊ မြေနှင့် အခွန်တော် အက်ဥပဒေ ပုဒ်မ ၄၉ အရ အရေးယူခြင်းမပြုနိုင်။

---

* ၁၉၅၉ ခုနှစ်၊ ဝန်ထုးမ အသေးအဖွဲ့ လျှောက်လွှာအမှတ် * ၁၈။ ** ၅၃။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီး ဦးချန်ထွန်းနှင့် နိုင်ငံတော်တရားဝန်ကြီး ဦးဘိုကြီးတို့ ရွှေမှောက်တွင်၊ တရားဝန်ကြီး ဦးဘိုကြီးအမိန့်ချမှတ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၃ အရ၊ ပစ္စည်းပိုင်ဆိုင်ခွင့်ကို၊ နိုင်ငံတော်က အခိုင်အမာ ခံစားပြုထားသည်။

ဘဏ္ဍာတော်မင်းကြီး ချမှတ်သော အမိန့်သည်၊ အုပ်ချုပ်မှုဆိုင်ရာ အမိန့်ဖြစ်သဖြင့်၊ အမှုခေါ် စာချုန်တော်အမိန့်ဖြင့် ပယ်ဖျက်ခြင်းမပြုနိုင်ချေ။ အာဏာပေးစာချုန်တော်အမိန့်ဖြင့် ပယ်ဖျက်ရန် သာရှိသည်။

မြေနှင့် အခွန်တော် အက်ဥပဒေပုဒ်မ ၄၉ အရ၊ ဆောင်ရွက်ချက်ကို သာမန်တရားမကြောင်းဖြင့် ပယ်ဖျက်ရန်၊ ထိုအက်ဥပဒေ ပုဒ်မ ၅၆ အရ ပိတ်ပင်ထားသည်။

1959

ဘတ်ဂျိုရန်ဂ လား နှင့် ဘဏ္ဍာတော် မင်းကြီး (မြေနှင့်ကျေး လက်)။ ဦးစိန် ပါ ၅ နှင့် ဘဏ္ဍာတော် မင်းကြီး ပါ ၃။

လျှောက်ထားသူအတွက်၊ ဒေါ်မြသန်းနု လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်၊ အစိုးရလွှတ်တော် ရှေနေကြီး ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားသူများအတွက်၊ ဦးမြ လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ် (၁) နှင့် (၂) တို့အတွက်၊ အစိုးရ လွှတ်တော် ရှေနေကြီး ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၃) အတွက်၊ ဒေါ်မြသန်းနု လိုက်ပါ ဆောင်ရွက်သည်။

ဦးဘိုကြီး။ ။ယခုအခင်းဖြစ်သည့်၊ အင်းစိန်မြို့နယ်၊ သဃ်နှင်းကျွန်းရပ်ကွက် အမှတ် ၄၉၊ ဦးပိုင်းအမှတ် ၁၅၊ ဧရိယာကေ ၂၁၈ ရှိ မြေကွက်နှင့် ပတ်သက်၍၊ ဤရုံးတော်တရားမ သေးမှု နံပါတ် ၁၈၊/၅၉ ၌၊ ဘတ်ဂျိုရန်ဂလားသည်ဂင်း၊ ဤရုံးတော်တရားမသေးမှု နံပါတ် ၅၃/၅၉ ၌၊ ဦးစိန် (ခေါ်) ဝိုင်အမ် ဒီဘာဂီးယားနှင့် ၄ ဦးတို့သည်ဂင်း၊ မိမိတို့အသီးသီး၏ အကျိုးကို ထိခိုက်သော အမိန့်ဟူသမျှကို၊ အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်ပါရန် လျှောက်ထားကြလေသည်။ သက်ဆိုင်ရာ အမိန့်များမှာ ထပ်တူထပ်မျှပင် ဖြစ်ပြီး၊ အမှုနှစ်ရပ်စလုံးကိုလည်း တချိန်တည်း ကြားနာခဲ့သည်ဖြစ်၍၊ ဤအမိန့်တခုတည်းဖြင့် ဆုံးဖြတ်ချက် ချမှတ်မည်ဖြစ်သည်။

အချင်းဖြစ်မြေ ဦးပိုင် နံပါတ် ၁၅ မှာ၊ လွန်ခဲ့သည့် နှစ်ပေါင်း ငါးဆယ်ကျော် ကတည်းက ပိုင်ဆိုင်ခွင့် ရရှိသော မြေဖြစ်သည်။ ၁၉၁၈ ခုနှစ်တွင်၊ လျှောက်ထားသူ ဘတ်ဂျိုရန်ဂလားသည်၊ ထိုမြေကို အဘိုးငွေ ၆,၀၀၀ ကျပ် (ခြောက်ထောင်) ဖြင့် ဝယ်ယူပြီး၊ ဝယ်ယူသည့်နေ့မှ ယနေ့တိုင် လက်ရှိ ဖြစ်ခဲ့လေသည်။ ဧကမှန်အားဖြင့် ဆိုသော်၊ ထိုနှစ်၌ ဘတ်ဂျိုရန်ဂလားသည်၊ ဦးပိုင်နံပါတ် ၁၅ နှင့် ကပ်လျက်ရှိသော၊ ဦးပိုင်နံပါတ် ၁၆ နှင့် ၁၇ တို့ကိုလည်း ဝယ်ယူ၍၊ ဦးပိုင် နံပါတ် ၁၆ မြေပေါ်ရှိ အိမ်၌ နေထိုင်ခဲ့လေသည်။ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလတွင်၊ မိမိနှင့် တရားပြိုင်များအနက်၊ အချို့သည် ဦးပိုင် နံပါတ် ၁၅ ပေါ်သို့ ကျူးကျော် ဝင်ရောက်သဖြင့်၊ ထုဇဝတ်ကြောင်း

၁၉၅၉
ဘာ်ဂျိရန်ဂ
လား
နှင့်
ဘဏ္ဍာတော်
မင်းကြီး
(မြေနှင့်ကျေး
လက်)။
ဦးစိန် ပါ ၅
နှင့်
ဘဏ္ဍာတော်
မင်းကြီး ပါ ၃။

ဖြင့် အရေးယူပြီး၊ အင်းစိန် လယ်ဝန်ရုံး၌ စုံစမ်းစေရာ၊ အချင်းဖြစ်မြေကို၊ ၁၉၃၉ ခုနှစ် တွင်၊ မြေခွန်တော် မဆောင်သဖြင့်၊ အစိုးရက ပြန်လည် သိမ်းထားကြောင်း တွေ့ရှိ လေသည်။ ထိုအတောအတွင်းတွင်၊ ရန်ကုန် ဆင်ခြေဖုံး စည်ပင်သာယာရေးအရာရှိက၊ အချင်းဖြစ်မြေကို ကွက်စိပ်ဝိုင်းပြီး၊ တရားဘက်များဖြစ်သူ ဦးစိန်နှင့် အပေါင်းပါ ၄ ဦး တို့အား မြေငှါးဂရန်များ ထုတ်ပေးခဲ့လေသည်။

လျှောက်ထားသူ ဘာ်ဂျိရန်ဂလားသည်၊ အခွန်တော်ကို နှစ်စဉ် နှစ်တိုင်း ထမ်း ဆောင်ပါလျက်၊ မိမိအား အသိမပေးဘဲ အချင်းဖြစ်မြေကို ပြန်သိမ်းပြီး၊ မိမိနှင့် တရား ဘက်များအား မြေငှါးဂရန်များ ထုတ်ပေးသည်ကို မကျေနပ်သဖြင့်၊ အင်းစိန်ခရိုင်ဝန် သို့ဝင်း၊ ပဲခူးတိုင်းမင်းကြီးသို့ဝင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ဝင်း လျှောက်ထားရာ၊ နောက်ဆုံး၌ ပဲခူးတိုင်းမင်းကြီးက အချင်းဖြစ်မြေမှာ ပိုင်ဆိုင်ခွင့် ရရှိပြီး မြေဖြစ်ကြောင်း သက်ဆိုင်ရာ ဦးပိုင် မှတ်ပုံစာရင်းစာအုပ် ၁-က အရ၊ ထိုမြေကို အခွန်မဆောင်သဖြင့်၊ ပြန်သိမ်းထားသည်ဟု ရေးမှတ်ထားသည်ကို တွေ့ရကြောင်း၊ အောက် မြန်မာပြည်၊ မြေနှင့် အခွန်တော် အက်ဥပဒေ ပုဒ်မ ၄၉ အရဆိုလျှင်ကား၊ ယခုကဲ့သို့ ပိုင်ဆိုင်ခွင့် ရရှိပြီးမြေမျိုးကိုပြန်၍ မသိမ်းနိုင်။ ယင်းအက်ဥပဒေပုဒ်မ ၄၆/၄၇ အရသာလျှင် အရေးယူလိုက ယူနိုင်ကြောင်း တွေ့ရှိသဖြင့် ဦးစိန်နှင့် အပေါင်းပါ ၄ ဦးတို့အား ထုတ် ပေးသော မြေငှါးဂရန်များကို ပယ်ဖျက်ပြီး၊ အချင်းဖြစ်မြေကို ဘာ်ဂျိရန်ဂလားအား ပြန်လည် ပေးအပ်ရန် အမိန့်ချမှတ်လေသည်။

ဦးစိန်နှင့် အပေါင်းပါတို့က ဘဏ္ဍာတော်မင်းကြီးထံ စောဒကတင်ရာ၊ ဘဏ္ဍာတော် မင်းကြီးက အချင်းဖြစ်မြေမှာ၊ ပိုင်ဆိုင်ခွင့် ရရှိပြီး မြေဖြစ်သည်မှာ ထင်ရှားသော်လည်း ထိုမြေကို အခွန်မဆောင်သဖြင့်၊ အစိုးရက ရောင်းပြီး ပြန်ဝယ်ထားဟန်ရှိကြောင်း၊ သို့သော်လည်း၊ ဦးပိုင် မှတ်ပုံတင်စာရင်းတွင် ယင်းသို့ ပြန်ဝယ်သည်ကို၊ ပြန်သိမ်းထား သည်ဟုအမှတ်မထင် ရေးမှတ်ခဲ့ဟန်တူကြောင်းဖြင့် ယူဆပြီးလျှင်၊ ပဲခူးတိုင်းမင်းကြီး၏ အမိန့်ကိုပယ်ဖျက်၍၊ ထုတ်ပေးထားသော အငှါးဂရန်များကိုလည်း ပယ်ဖျက်ပြီးလျှင်၊ အချင်းဖြစ်မြေကို နိုင်ငံတော်အစိုးရပိုင် သီးသန့်မြေအဖြစ် ထားရှိရန် အမိန့်ချမှတ်ခဲ့ လေသည်။

ဤအမှုတွင် အရေးအကြီးဆုံး အချက်မှာ၊ အချင်းဖြစ်မြေကို မြေနှင့် အခွန်တော် အက်ဥပဒေပုဒ်မ ၄၉ အရ၊ အစိုးရက ပြန်သိမ်းသလော။ သို့တည်းမဟုတ်၊ ယင်းအက် ဥပဒေပုဒ်မ ၄၆/၄၇ အရ၊ လေလံတင်ရောင်းချပြီး ပြန်ဝယ်သလောဟူသည့် ပြဿနာပင် ဖြစ်သည်။ ပြန်သိမ်းသည်ဖြစ်စေ၊ ပြန်ဝယ်သည်ဖြစ်စေ၊ မူလပဌမ၌ မြေခွန်တော် မပြေ ကျန်ရှိရမည်ဖြစ်သည့်အပြင်၊ ဘာ်ဂျိရန်ဂလားအား၊ အခွန်တော်ငွေ တောင်းဆိုသည့် နို့တစ်စာဖြင့် အကြောင်း ကြားရမည်ဖြစ်သည်။ ထို့နောက်မှ၊ ပိုင်ဆိုင်ခွင့် ရရှိပြီး

မြေဖြစ်လျှင်၊ ပုဒ်မ ၄၆/၄၇ အရ၊ အရေးယူမည်ဆိုပါက၊ နည်းဥပဒေ ၉၅ အရ၊ အခွန်တော်အရာရှိသည်၊ ဘတ်ဂျိုရန်ဂလားအား မပြေကျန်ရှိသည့် အခွန်တော်ငွေကို သတ်မှတ်သည့် ကာလအတွင်း ပေးဆောင်ရန် ဆင့်ဆိုခြင်း သည့်အိမ်၌ဖြစ်စေ၊ အိမ်အနီးအနား၌ဖြစ်စေ၊ မောင်းတီး ကျေညာရမည်ဖြစ်ပြီး၊ ယင်းသို့ ကျေညာပြီးမှ၊ အခွန်တော်ငွေ မဆောင်ဘဲ ရှိနေသေးလျှင်၊ ကျေညာပြီး လေးပုံ၌ ရောင်းချရမည်ဖြစ်သည်။ ထိုကဲ့သို့ ရောင်းချရာသို့၊ ဘတ်ဂျိုရန်ဂလား မလာရောက်လျှင်၊ ရောင်းချပြီးကြောင်းကို၊ ၎င်းအား နို့တစ်စာဖြင့် အကြောင်းကြား ရမည်။ နည်းဥပဒေ ၉၆ အရဆိုလျှင်၊ ယင်းသို့ ရောင်းချပြီးနောက်၊ သတ်မှတ်သည့် အချိန်ကာလအတွင်း၊ ပိုင်ရှင်က မြေခွန်တော်နှင့် စရိတ်စသည်တို့ကို ပေးဆောင်လျှင်၊ ခရိုင်ဝန်က လေလံရောင်းခြင်းကို ပယ်ဖျက်နိုင်သည်။ အထက်ပါ ပြဋ္ဌာန်းချက်များကို သုံးသပ်လျှင်၊ မြေပိုင်ရှင်အား၊ မပြေကျန်ရှိသည့် အခွန်တော်ငွေကို ပေးဆောင်ဘို့ရန် အကြိမ်ကြိမ်အခွင့် အရေးပေးထားသည်ကို တွေ့ရသည်။

ယခုမူကား၊ ဘတ်ဂျိုရန် ဂလားသည်၊ အချင်းဖြစ်မြေနှင့် ကပ်လျက်ရှိသည့် ဦးပိုင်နံပါတ် ၁၆ ရှိအိမ်၌ နေထိုင်သော်လည်း၊ အချင်းဖြစ်မြေကို၊ မြေခွန်တော်ငွေ ၁၀ ကျပ် ကျန်ရှိသည်ဆိုပြီး၊ သက်ဆိုင်ရာတို့က အရေးယူခဲ့သဖြင့်၊ ငွေ ၆,၀၀၀ ကျပ်ဖြင့် ဝယ်ယူထားသော မြေကို ဆုံးရှုံးခဲ့ရလေသည်။ အကယ်၍ အထက်ဖေါ်ပြပါ အက်ဥပဒေ ပုဒ်မ ၄၆/၄၇ အရ၊ အရေးယူခဲ့သည်ဆိုလျှင်၊ ဘတ်ဂျိုရန်ဂလားမှာ၊ ယင်းသို့ အရေးယူကြောင်းကို သိနိုင်ရန် ခွင့်အတန်တန် ရှိခဲ့သဖြင့်၊ ကြားသိမည်မှာ မုချပင်ဖြစ်သည်။ ယင်းသို့ ကြားသိလျှင်လည်း၊ မြေခွန်တော်ငွေ ၁၀ ကျပ် နှင့် ကုန်ကျစရိတ်ကို ချက်ခြင်းပင် ပေးဆောင်မည်ဖြစ်သည်။ ၎င်းမှာ ဦးပိုင် ၃ ခုကို တနှစ်တည်းတွင် ဝယ်ယူပြီး အိမ်ကြီးရခိုင်နှင့် နေထိုင်သူဖြစ်သည်။ ထိုမျှလောက်သော ငွေကို ပေးဆောင်နိုင်စွမ်းရှိမည်မှာကေန်ပင်ဖြစ်သည်။ ထိုမျှလောက်သော ငွေနှင့် ၆,၀၀၀ ကျပ် ပေး၍ ဝယ်ယူထားသော မြေအဆုံးခံလိမ့်မည်မဟုတ်ချေ။

အကယ်၍ ပုဒ်မ ၄၉ အရ၊ အရေးယူလျှင်လည်း၊ အချင်းဖြစ်မြေပေါ်၌ ယင်းသို့ အရေးယူကြောင်းကို ကြော်ငြာရမည်ဖြစ်သည်။ သို့သော်တကြိမ်လာလျှင် ဥပဒေအရ ကြော်ငြာရမည်ဖြစ်သည်။

အချင်းဖြစ်မြေအတွက် ကျသင့်သော မြေခွန်တော်ကို မပေးဆောင်သဖြင့်၊ ၁၉၃၉ ခုနှစ်လောက်တွင် အရေးယူသည်ဆိုသော်လည်း၊ ထိုမြေပေါ်မှာပင် ဘတ်ဂျိုရန်ဂလားဆက်လက် နေထိုင်ပြီး အခွန်ပေးဆောင်ခဲ့သည့်အပြင်၊ ၁၉၄၉-၅၀ ခုနှစ် ပြေစာ၌ ၎င်းအား ကျူးလွန်သူဟုဖေါ်ပြခြင်းမပြုဘဲ၊ ၁၉၅၀-၅၁ ခုနှစ်အတွက် ပြေစာနှင့် နောက်ထပ် ပြေစာများ၌ သာကျူးလွန်သူဟု ဖေါ်ပြထားလေသည်။

၁၉၅၉
ဘတ်ဂျိုရန်ဂလား နှင့် ဘဏ္ဍာတော် မင်းကြီး (မြေနှင့်ကျေးလက်)။
ဦးစိန် ပါ ၅ နှင့် ဘဏ္ဍာတော် မင်းကြီး ပါ ၃။

၁၉၅၉

ဘတ်ကျိရန်ဂလားနှင့် ဘဏ္ဍာတော်မင်းကြီး (မြေနှင့်ကျွန်းလက်)။ ဦးဝိန် ပါ ၅ နှင့် ဘဏ္ဍာတော်မင်းကြီး ပါ ၃။

အထက်ဖေါ်ပြပါ အကြောင်းများကို ထောက်သော်၊ ဘတ်ကျိရန်ဂလား၏ ပညာရှိ ရှေနေကြီးက မယုံသင်္ကာဖွယ်များ ရှိသည်ဟုဖေါ်ပြလျှောက်လဲချက်မှာ၊ အခြေအမြစ် လုံးဝမရှိဟု မဆိုနိုင်ချေ။

မည်သို့ပင်ဆိုစေ၊ဦးပိုင်မှတ်ပုံတင်စာရင်း၌၊ အချင်းဖြစ်မြေကို အခွန်တော်မဆောင်ရှိ ပြန်သိမ်းထားသည်ဟု သက်ဆိုင်ရာ မြေတိုင်းစာရေးကရေမှတ်ပြီး လက်မှတ်ထိုး ထားသည့်အပြင်၊ ၎င်း၏ အထက်စစ်ဆေးသူ အရာရှိကလည်း လက်မှတ် ရေးထိုးထား သဖြင့်၊ယင်းသို့ ဖေါ်ပြထားသည့်အတိုင်း၊ အရေးယူခဲ့သည်ဟုယူဆရပေမည်။ သက် ဆိုင်ရာ အမှုတွဲမှာ ပျောက်ဆုံးသွားပြီဟုဆို၏။ အရေးယူရာ၌ ပါဝင် ဆောင်ရွက်သူ အရာရှိ တဦးတယောက်မျှကိုလည်း ယင်းသို့ ရေးမှတ်ထားချက်သည် မမှန်ကန်ပါဟု သက်သေတင်ပြခြင်း မပြုချေ။ ထို့ကြောင့် အချင်းဖြစ်မြေကို အောက်မြန်မာပြည် မြေ နှင့် အခွန်တော် အက်ဥပဒေပုဒ်မ ၄၉ အရ၊ အရေးယူသည်ဟု ယူဆရပေမည်။ သို့သော် လည်း၊ အချင်းဖြစ်မြေမှာ ပိုင်ဆိုင်ခွင့်ရရှိပြီး မြေဖြစ်ရကား၊ ထိုပုဒ်မ ၄၉ အရ၊ အရေး ယူခြင်းမပြုနိုင်ပေ။ ယွဲစည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၂၃ အရ ပစ္စည်းပိုင်ဆိုင်ခွင့်ကို နိုင်ငံတော်က အခိုင်အမာ ခံစန်ပြုထားသည်ဖြစ်၍၊ ယခု လျှောက်ထားသူ ဘတ်ကျိရန် ဂလားအား သက်သာခွင့် ပေးရမည်ဖြစ်သည်။

ဘဏ္ဍာတော်မင်းကြီး ချမှတ်သော အမိန့်သည် အုပ်ချုပ်မှုဆိုင်ရာ အမိန့်ဖြစ်သဖြင့် အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်ခြင်းမပြုနိုင်ချေ။ အာဏာပေး စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်ရန်သာ ရှိတော့သည်။ မြေနှင့် အခွန်တော် အက်ဥပဒေ ပုဒ်မ ၄၉ အရ၊ ဆောင်ရွက်ချက်ကို သာမန်တရားမကြောင်းဖြင့် ပယ်ဖျက်ရန်၊ ထိုအက်ဥပဒေ ပုဒ်မ ၅၆ အရ ပိတ်ပင်ထားလေသည်။

ဦးဝိန်နှင့် အပေါင်းပါ ၄ ဦးတို့၏ လျှောက်လွှာနှင့် စပ်လျဉ်း၍မူကား၊ ၎င်းတို့အား ထုတ်ပေးသော အငှါးဂရန်များကို ပြန်လည် ရုပ်သိမ်းသည်မှာ၊ သက်ဆိုင်ရာ အာဏာ ပိုင်တို့၏ အာဏာအတွင်း ကျရောက်သည်ဖြစ်သဖြင့်၊ ဤရုံးတော်က ဝင်ရောက် စွက် ဖက်ခြင်းပြုမည်မဟုတ်ပေ။ မိုဟာမက်ဟာနစ်နှင့် ဘဏ္ဍာတော်မင်းကြီး (၁)။

သို့ဖြစ်၍ ဦးဝိန်နှင့် အပေါင်းပါတို့၏ လျှောက်လွှာကို ပယ်ပြီးလျှင်၊ ဘတ်ကျိရန် ဂလားအား၊ အချင်းဖြစ်မြေကို ပြန်လည်ပေးအပ်ရန်အတွက်၊ အာဏာပေးစာချုန်တော် အမိန့်ထုတ်ဆင့်လိုက်သည်။

ဘတ်ကျိရန်ဂလား တင်သွင်းထားသော အမှုတွင် ဦးဝိန်နှင့် အပေါင်းပါတို့ လျှောက်ထား ခံရသူများအဖြစ်မပါဝင်သဖြင့်၊ အမှုသည်အားလုံးတို့သည်၊ မိမိတို့စရိတ်ကို မိမိဘို့ကိုယ် တိုင် ကျခံကြစေ။

(၁) ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ စာမျက်နှာ ၁၁။

တရားလွှတ်တော်ချုပ်

မာကင်တိုင်ဘဏ်လီမိတက် (လျှောက်ထားသူ) †

နှင့်

မာကင်တိုင်ဘဏ် (အိန္ဒိယ) အလုပ်သမား သမဂ္ဂ ပါ ၂ (လျှောက်ထားခံရသူများ)*

ဝါဏိဇ္ဇပဋိပက္ခခုံရုံး၊ တာဝန်မဲ့ဆောင်ရွက်ခြင်း၊ မှားယွင်းမှု

ဆုံးဖြတ်ချက်။ ။ဝါဏိဇ္ဇပဋိပက္ခမှုတမှုတွင် တာဝက်အမှုသည် တင်ပြသောစာရင်း၌ ပါရှိသော တိုးပေးငွေများသည်၊ အရည်အချင်း သက်သက်အတွက် ပေးသော တိုးငွေများ (Merit increments) ဖြစ်သည်၊ မဖြစ်သည်ဟု ဆုံးဖြတ်နိုင်ရန်အတွက်၊ အမှုသည်က တင်ပြသော အဓိကအာဒါဖြင့် ကိုးကားသော စာရင်းအင်းများအားလုံးကို၊ ဝါဏိဇ္ဇပဋိပက္ခခုံရုံးက၊ သေချာစေ့ ကြည့်ရှု စစ်ဆေးခြင်းမပြုခြင်းသည် တာဝန်မဲ့ ဆောင်ရွက်ချက် ဖြစ်ခြင်းကြောင့် အထင်အရှား မှားယွင်းသည်။

အခြားဘဏ်တိုက်များ၌ အလုပ်ရည်ဝခဲ့ကြသဖြင့်၊ အမှုထမ်းများ၏ ကနဦး လစာငွေများကို လျှောက်ထားသူဘဏ်တိုက်က၊ တိုးပေးခြင်းကို အရည်အချင်းအလိုက် တိုးပေးသောငွေဟု ခုံရုံးက ဖူဆခြင်းသည် အထင်အရှား မှားယွင်းလေသည်။ အကြောင်းသော်ကား အမှုထမ်းများသည်၊ တလတာမျှသာ အမှုထမ်းရသေးသည်ဖြစ်၍၊ ၎င်းတို့၏ အရည်အချင်းကို ထောက်ပြီး၊ ထိုတိုးငွေကို ပေးသည်ဆိုသည်မှာ မည်သည်နည်းနှင့်မျှ မဖြစ်နိုင်ချေ။

လျှောက်ထားသူအတွက်၊ ရှေ့နှေ့များနှင့် ဘွန်းအတွက် မစွတာ စီ၊ အေ၊ ရှေ့နှေ့များနှင့် ဦးမြင့်စိုးတို့ လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်၊ ဦးတင့် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၂) အတွက်၊ အစိုးရရှေ့နေကြီး ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

ဦးဘိုကြီး။ ။ယခုဖြစ်ပေါ်သည့်၊ အရည်အချင်းအလိုက် ပေးသော နှစ်တိုး (Merit increment) နှင့် စပ်လျဉ်း၍ အငြင်းပွါးရသည့် အကြောင်းရင်းမှာ၊ ဝါဏိဇ္ဇပဋိပက္ခခုံရုံး မြို့ဆိုသည့်အတိုင်းပင်၊ လျှောက်ထားသူ မာကင်တိုင်ဘဏ် (အိန္ဒိယ) လီမိတက်ကသည်း မိမိဘို့၏ အမှုထမ်းများအား၊ သာမန်နှစ်တိုးများမှအပ

---

* ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၃၁။

† နိုင်ငံတော် တရားရုံးကြီးချုပ် ဦးမြင့်သိန်း၊ တရားလွှတ်တော် တရားရုံးကြီး ဦးချန်ထွန်း၊ တရားလွှတ်တော် တရားရုံးကြီး ဦးဘိုကြီးတို့ရွှေမှောက်တွင်၊ တရားရုံးကြီး ဦးဘိုကြီးအမိန့်ချမှတ်သည်။

† ၁၉၅၉ ကော်ဘာ်လေ ၁၈ ရက်။

၁၉၅၉

မာကင်တိုင်ဘဏ် လီမိတက် နှင့် မာကင်တိုင်ဘဏ် (အိန္ဒိယ) အလုပ်သမားသမဂ္ဂ ပါ ၂။

အခြားတိုးငွေများ ပေးရာ၌၊ မည်သည့်အကြောင်းများကြောင့် ပေးသည်ကို အသိမပေးသည်တကြောင်း။ လျှောက်ထားခံရသူ အမှတ် (၁) ထိုဘဏ်တိုက် အလုပ်သမား များသမဂ္ဂကလည်း ယင်းသို့ မသိရသည့်အတွက်၊ သာမန်ရရှိသော လစာငွေနှင့် နှစ်တိုး တို့မှ ကျော်လွန်ရရှိသော တိုးငွေများကို၊ အရည်အချင်းအလိုက် ပေးသော နှစ်တိုးငွေ များဖြစ်သည်ဟု ယူဆသောကြောင့်တကြောင်း၊ အငြင်းဖြစ်ပွါးခဲ့ကြဟန် လက္ခဏာ ရှိလေသည်။

ဤမှုခင်းသည် ဝါဏိဇ္ဇပဋိပက္ခရုံး အမှု နံပါတ် ၁/၅၄ တွင် မာကင်တိုင် ဘဏ်နှင့် သမဂ္ဂတို့ အငြင်းပွါးချက် အရပ်ရပ်ကို ခုံရုံးက ကြားနာစစ်ဆေး ဆုံးဖြတ်ရာမှ ပေါ် ပေါက်ခဲ့လေသည်။ မူလဆုံးဖြတ်ချက်များအနက်၊ အချို့မှာ မရှင်းလင်းဟု ထင်သဖြင့် ခုံရုံးအား တကြိမ်မျှမက အမှုသည်များ ပန်ကြားသည်တွင် ၁၉၅၅ ခု၊ ဩဂုတ်လ ၂၄ ရက်နေ့စွဲဖြင့်၊ အရည်အချင်းနှစ်တိုးနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ရှင်းလင်း လေသည်။

". . . . 'Merit increments' should be only those increments on the basic pay and/or annual increments received on account of merits and increments received in the course of adjustments from one scale of pay to another should not be included . . . . "

ယင်းသို့ မြွက်ဆိုပြီးလျှင်၊ ထိုစဉ်က မာကင်တိုင်ဘဏ် တင်သွင်းသောစာရင်းအမှတ် ၂ ကို ညွှန်း၍၊ ထိုစာရင်း ဇယားကွက် (၆) တွင် ဖေါ်ပြထားသည့်အတိုင်းပင် အဓိပ္ပါယ် ကောက်ယူသင့်သည် ထင်မြင်ကြောင်းဖြင့် မြွက်ကြားလေသည်။

ထိုစာရင်းအမှတ် ၂၊ ဇယားကွက် (၆) တွင် "၁၉၄၆ ခုနှစ်နှင့် ၁၉၅၂ ခုနှစ်၊ လစာ နှုန်းထားများအပေါ် ၌ ရသင့်သော အရည်အချင်း နှစ်တိုးငွေများ" ဟူသော ခေါင်းစဉ် ဖြင့် နှစ်တိုးငွေများကို ဖေါ်ပြထားလေသည်။ သမဂ္ဂသည် ယင်းသို့ ဖေါ်ပြထားသည့် အတိုင်း၊ အရည်အချင်း နှစ်တိုးငွေများ ပေးရမည်ဟု ဘဏ်တိုက်အား အရေးဆိုရာ၊ ဘဏ်တိုက်က ထိုငွေများမှာ အရည်အချင်းအလိုက် ပေးသောနှစ်တိုးငွေ သက်သက် မဟုတ်၊ ထိုကဲ့သို့သော နှစ်တိုးငွေများအပြင်၊ အမှုထမ်းအချို့ အခြားဘဏ်များ၌ အမှုထမ်းခဲ့သဖြင့်၊ ယိုစဉ်က သတ်မှတ်ထားသည့် ကနဦးလစာငွေ ၆၀ ကျပ်ထက်ပိုမို ပေးသောငွေများ၊ ၁၉၄၇ ခုနှစ်တွင် သပိတ်မှောက်သည့်အတွက်၊ လစာများကို ညှိ၍ တိုးပေးသည့်ငွေများနှင့် ၁၉၅၂ ခုနှစ်တွင် မူလက ၁၉၄၆ ခုနှစ်လစာနှုန်းထားကို ရွှေ့သိမ်း ပြီး၊ လစာနှုန်းထားသစ်တည်ဆင်သဖြင့်၊ လစာများကို ညှိ၍ တိုးပေးသည့်ငွေများ လည်းပါဝင်ကြောင်း။ ထို့ပြင် အရည်အချင်းနှစ်တိုးငွေများကိုလည်း ရသင့် ရထိုက်သူ များအား အပြေအလည် ပေးအပ်ပြီး ကြောင်းနှင့် တုံ့ပြန် ချေပလေသည်။ တဦးနှင့် တဦး နားလည်မှု မရကြသဖြင့်၊ ဘဏ်တိုက် လျှောက်ထားချက်အရ နိုင်ငံတော် သမတ

ခဲ့ဖူး
မောင်တိုင်ဘော်
ထီမိထက်
နှင့်
မောင်တိုင်ဘော်
(အိန္ဒိယ)အလုပ်
သမားအမှု
ပါ ၂။

က၊ ဝါဏိဇ္ဇပဋိပက္ခခုံရုံးအား၊ မိမိတို့၏ အဆုံးအဖြတ်ကို ဘဏ်တိုက် လိုက်နာသည်၊ မလိုက်နာသည်ကိုပြန်လည်စဉ်းစားပြီး လိုအပ်သည့် ရှင်းလင်းချက်များနှင့် အဆုံးအဖြတ်ပေးရန်အတွက်၊ ၁၉၂၉ ခုနှစ်၊ ဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေ ပုဒ်မ ၁၁ (၃) (၁) အရအမှုကို ပြန်လည် လွှဲအပ်ခဲ့လေသည်။

အမှုသည်များသည် ခုံရုံးရှေ့ ၌ နှစ်ဦးနှစ်ဘက် သက်သေများ စစ်ဆေး၍၊ သက်သေခံစာရင်း အင်းများ၊ စာရွက်စာတမ်းများ တင်ပြကြလေသည်။ တင်သွင်းသော စာရင်းများသည် များပြားလှသဖြင့် ခုံရုံးက ထိုစာရင်းအင်းများသည် ဝက်ဘာသဘုယ် ဖြစ်သည်ဟု မှာကြားခဲ့သည်အထိ ဖြစ်ရလေသည်။ အမှန်အားဖြင့်ဆိုသော် ခုံရုံးဆုံးဖြတ်ရမည့်ပြဿနာသည် စာရင်း အမှတ် ၂၊ ဇယားကွက် (၆) တွင် ဖော်ပြထားသည့် ဒေါ်များသည် အရည်အချင်း သက်သက်အတွက် ပေးသောတိုးငွေများဖြစ်သည်၊ မဖြစ်သည်ဆိုသည့် အချက်ပင်ဖြစ်လေသည်။ ဘဏ်တိုက်က ထိုငွေများသည် အခြားဘဏ်တိုက်များ၌ အမှုထမ်းခဲ့သဖြင့်၊ ကနဦး လစာငွေ ၆၀ ကျပ်ထက်ပိုမိုပေးသောငွေများ၊ ၁၉၄၇ ခုနှစ်၊ သပိတ်ကြောင့် လစာများကို ညှိ၍ တိုးပေးရသည့်ငွေများ၊ ၁၉၅၂ ခုနှစ်တွင် လစာနှုန်းထားအသစ်တည်ဆင့်သဖြင့်၊ လစာများကို ညှိ၍ တိုးပေးရသည့်ငွေများ လည်းအပါအဝင် ဖြစ်သည်ဟု အဆိုရှိရာ၊ အငြင်းပွါးကြသော မောင်လှအောင်ပါ ဘဏ်တိုက်အမှုထမ်း ၁၁ ယောက်နှင့် စပ်လျဉ်း၍၊ မည်သူ့အား၊ မည်သည့်နေ့ရက်၌၊ မည်သည့်အကြောင်းကြောင့် တိုးငွေမည်မျှပေးရသည်ကို ဘဏ်တိုက်ကဖြစ်စေ၊ နှစ်ဦး နှစ်ဘက်စလုံးကဖြစ်စေ၊ သက်ဆိုင်ရာ ရာစာရင်းအင်းများနှင့် ချမှတ်သည့် အမိန့်များရှိလျှင်လည်း ထိုအမိန့်စာများကိုပါ တင်ပြပြီး ခုံရုံးက စီစစ်လျှင်၊ ဤအမှုကို အလွယ်တကူ ဆုံးဖြတ်နိုင်ရန် အကြောင်းရှိလေသည်။

ယခုမူကား၊ တင်သွင်းသော စာရင်းအင်းများမှာ၊ မျက်စိလည်လောက်အောင် များလွန်လှသဖြင့် ခုံရုံးအား ကူညီရာမကျဖြစ်ရလေသည်။ ထို့ကြောင့်ပင်လောမသိ ခုံရုံးသည် ဘဏ်တိုက် အဓိကအားဖြင့် ကိုးကားသော စာရင်းအင်းအားလုံးကို သေချာစေ့ဆုံ ကြည့်ရှုစစ်ဆေးခြင်း မပြုဘဲ၊ မိမိတို့ ပြဋ္ဌာန်းခဲ့သောမူကို ပြန်လည်သုံးသပ်ပြီး၊ စာရင်းအမှတ် ၂၊ ဇယားကွက် (၆) တွင် ဖော်ပြသော ငွေအားသီးသည် အရည်အချင်းအလိုက် ပေးသော နှစ်တိုးငွေများဖြစ်သည်ဟု အမိန့်ချမှတ်တူလေသည်။ ယင်းသို့သော တာဝန် ဆောင်ရွက်ချက်သည်၊ အထင်အရှား မှားယွင်းသည်ဟု ဆိုရပေမည်။

မိမိဘို့ သတ်မှတ်ခဲ့သော မူကိုပြန်လည် သုံးသပ်ရာ၌လည်း၊ ထိုမှတ်ငွေ လစာနှုန်းထားအပြောင်းအလဲ ပြုရာတွင် ညှိပြီး တိုးပေးသောငွေများကိုသာ ကျဉ်ခဲ့သည်ဟုဆိုရာ၌၊ ထိုမူကို တိကျမှန်ကန်စွာ ဖော်ပြရာမရောက်ချေ။ အကြောင်းမူကား၊ ခုံရုံးသည် အရည်

၁၉၅၉

မာကင်တိုင်ဘဏ် လီမိတက် နှင့် မာကင်တိုင်ဘဏ် (အိန္ဒိယ)အလုပ် သမားသမဂ္ဂ ပါ ၂။

အချင်း နှစ်တိုးဆိုသည်မှာ၊ အရည်အချင်းသက်သက်အတွက်၊ လစာငွေနှင့် သာမန် နှစ်တိုးမှအပ ပေးသောငွေကိုသာ ဆိုလိုသည်ဟု အတိအလင်း ပြဋ္ဌာန်းခဲ့ပြီးသော ကြောင့်ဖြစ်လေသည်။

ထို့ပြင်လည်း၊ အငြင်းဖြစ်ပွါးသူများအနက်၊ မောင်စံမြနှင့် ကေ၊ ရာမန်တို့မှာ၊ အခြားဘဏ်တိုက်များ၌ အလုပ်ရည်ဝခဲ့ကြသဖြင့်၊ ကနဦး လစာ တာလလျှင် ငွေ ၆၀ ကျပ်အစား ငွေ ၁၀၀ ကျပ် ဘဏ်တိုက်ကပေးသည်ကို၊ ယင်းသို့ ငွေ ၄၀ ကျပ်မိုပိုပေးခြင်းသည် အရည်အချင်းအလိုက် တိုးငွေပေးသည်ဟု ခုံရုံး ယူဆခြင်းသည် အထင်အရှား မှားယွင်းလေသည်။ အကြောင်းသော်ကား၊ အမှုထမ်းများသည် တလတာမျှသာ အမှုထမ်းရသေးသည်ဖြစ်၍၊ ၎င်းတို့၏ အရည်အချင်းကို ထောက်ပြီး တိုးငွေ ၄၀ ကျပ် ပေးသည်ဆိုသည်မှာ၊ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ချေ။ ထိုမျှသာမကသေး၊ ဘဏ် တိုက်သည် နှစ်တိုးကို နှစ်စဉ် ဇန္နဝါရီလ ၁ ရက်နေ့၌သာ ပေးသည်ဟု ခုံရုံးကပင် အသိ အမှတ်ပြုခဲ့သည့်အပြင်၊ ဘဏ်တိုက် တင်သွင်းသော သက်သေခံ အမှတ် "၈" စာရင်း တွင်လည်း၊ အမှုထမ်း ခြောက်ယောက်အား၊ အရည်အချင်းနှစ်တိုးများကို နှစ်ဦး ဇန္နဝါရီကျမှသာ အထိုက်အလျောက် ပေးသည့် ထုံးစံကို အသေအခြာ ဖေါ်ပြ ထားလေသည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ဝါကိုင်ပဋိပက္ခခုံရုံး၏ ၁၉၅၉ ခုနှစ်၊ ဇန္နဝါရီလ ၂၇ ရက်နေ့စွဲပါ အမိန့်ကိုပယ်ဖျက်ပြီး၊ ခုံရုံးကိုယ်တိုင်သတ်မှတ်သောမူကို ခိုင်မြဲစွာ နှလုံးသွင်း၍၊ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း၊ ထိုမူကို အကြောင်းခြင်းရာနှင့် ဟပ်ပြီးနောက်၊ လိုအပ်လျှင်လည်း သက်သေခံချက်များ ထပ်မံ ဆင့်ခေါ်၍၊ အမှုကို ပြန်လည် စစ်ဆေး သုံးသပ်၍ ဆုံးဖြတ်ချက် ချမှတ်ရန် ပေးပို့ လိုက်သည်။

အမှုသည်များသည်၊ မိမိတို့စရိတ်ကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

တရားလွှတ်တော်ချုပ်

မောင်ဟန်မောင် (ခေါ်) မောင်စံမောင် (လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် (လျှောက်ထားခံရသူ)*

† ၁၉၅၉ စက်တင်ဘာလ ၁၁ ရက်။

ရာဇသတ်ကြီး ပုဒ်မ ၃၄၊ မည်သည့်အခါမှသာလျှင် အကျုံးဝင်သနည်း

ဆုံးဖြတ်ချက်။ ။လူသတ်မှု တခုတွင် ကြေရာပါ သုံးဦးအနက်၊ နှစ်ဦးကို တရားသေလွှတ်ပြီး ကျန်ရှိသူ လျှောက်ထားသူအား၊ ရာဇသတ်ကြီး ပုဒ်မ ၃၄ နှင့် တွဲပြီး၊ ပုဒ်မ ၃၀၂ အရ ပြစ်မှု ထင်ရှားစီရင်ခြင်း မပြုနိုင်ချေ။ အကြောင်းသော်ကား၊ တဦးထက်ပိုသော သူများသည် မိမိတို့ အကြံတူ တခု ကို အထမြောက်စေရန် ရည်ရွယ်၍၊ ပြစ်မှုကျူးလွန်သည့်အခါသာလျှင်၊ ရာဇသတ်ကြီး ပုဒ်မ ၃၄ တွင် အကျုံးဝင်လေသည်။

လျှောက်ထားသူအတွက်၊ ဦးချောင်ဖိုး လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအဘွက်၊ အစိုးရရှေ့နေကြီးဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

ဦးဘိုကြီး။ ။ဤအယူခံမှုနှင့် ပတ်သက်သည့် မူခင်းဖြစ်ပွါးပုံမှာ၊ ၁၉၅၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့ မွန်းတည့်အချိန်လောက်တွင်၊ တာပွန်ဌာနာအပိုင်၊ အောင်ပင်သာ ရွာထိပ်ခြံထဲ၌၊ သိန်းကျန်၊ စိုးတင့်တို့ ကိုးမီးဖဲပိုင်း ထောင်ရာ၊ ထိုရွာသားများနှင့် ရွာနီး ချုပ်စပ်မှ ရွာသားများအားလုံး စုစုပေါင်းလူ ၆၀ မျှတက်ရောက် ကစားကြလေသည်။ ထိုဖဲပိုင်း၌၊ ငွေကုန်ရွာမှ မြမောင်လည်း ဝင်ရောက်ကစားနေစဉ်၊ မြမောင်က သိန်းကျန် ထံမှ မိမိသားကို ပြန်ပေးရန်တောင်းဆိုရာ သိန်းကျန်က ငင်းထား ရွာထဲမှာ ရှိကြောင်း၊ ဖဲပိုင်း သိမ်းသည့်အခါ၌ ပြန်ပေးမည်ဖြစ်ကြောင်း ပြောလေသည်။ ယင်းကဲ့သို့ အပြန် အလှန်ပြောဆိုရာ၌၊ တယောက်နှင့် တယောက် ကတောက်ကဆတ် ဆူဆူညံညံ အငြင်းပွါးကြဟန် လက္ခဏာရှိသည်။ အဘယ်ကြောင့်ဆိုသော်၊ ကြေငွေရှိသူတယောက် ကဘိုင်းထွာ ဆဲရေးပြီး ဖဲပိုင်း၌ ဆူပူမှုမပြုကြရန် တားမြစ်ရလေသည်။ ထိုအခါ၌၊ မြမောင်သည် ဖဲပိုင်းမှ ထွက်ခွါပြီး၊ အောင်ပင်သာ ရွာဘက်သို့ သွားလေသည်။ အတန် ငယ်ကြာလျှင်၊ သိန်းကျန်၏ ဖခင် ဦးထန်သည် ဖဲပိုင်းသို့လာပြီး၊ မြမောင် ရွာထဲမှာ ဆဲခဲ့ကြောင်းပြော၍၊ ငင်း၏သားသိန်းကျန်အား ဖဲပိုင်းကို အဖျက်ခိုင်းရာ၊ ဖဲပိုင်းဖျက်

* ၁၉၅၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၅။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီး ဦးချန်ထွန်းနှင့် နိုင်ငံတော်တရားဝန်ကြီး ဦးဘိုကြီးတို့ ရှေ့မှောက်တွင်၊ တရားဝန်ကြီး ဦးဘိုကြီးအမိန့်ချမှတ်သည်။

၁၉၅၉

မောင်ဟန်မောင် (ခေါ်) မောင်စံမောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်။

လိုက်ရလေသည်။ သိန်းကျန်ကလည်း ဖဝိုင်း ဖျက်ရသည့်အတွက် မြမောင်အား ဆဲရေး ပြီး ရွာထဲသို့ သွားလေသည်။

ထို့နောက် မြမောင်သည် ရွာအုပ်ချုပ်ရေးမှူး မောင်ထွန်းရွှေ (လို့) အိမ်အောက် ထပ်ရှိ တန်းလျားဌာ ထိုင်နေစဉ်၊ သိန်းကျန်နှင့် ညီအစ်ကို ဝမ်းကွဲတော်သူ၊ ထိုစဉ်က သိန်းကျန်ဖခင် ဦးထန် အိမ်ဌာ တည်းခိုနေသူ၊ ယခုအယူခံတရားလို ဟန်မောင် (ခေါ်) စံမောင်သည်၊ ကိုင်းခုတ်ထားကိုင်၍၊ အိမ်နောက်ဖေးဘက်မှ ပြေးဝင်လာပြီး၊ မြမောင် အား၊ ထားဘိုးငွေ ခုနစ်ကျပ်ဟု ပြောပြောဆိုဆို ထားနှင့် လည်ပင်းကို ခုတ်လေသည်။ ယင်းသို့ ခုတ်သည်နှင့် တချိန်တည်းလိုပင်၊ သိန်းကျန်နှင့် ဦးတင့်တို့ ထားကိုယ်စီကိုင်၍ ဝင်လာပြီး မြမောင်အား ခုတ်ထစ်ကြသည်ဟု အဆိုရှိသည်။

မြမောင် ထားဒဏ်ရာများဖြင့် သေဆုံးသွားသောအခါ၊ သိန်းကျန်၊ စိုးတင့်နှင့် အောင်ပင်သာရွာသား အချို့တို့သည် အလောင်းကို ရွာနှင့် အတော်ဝေးကွာသော ရုံးချောင်း လယ်ကွင်းသို့ ယူဆောင်သွားပြီး မီးရှို့ ဖျက်ဆီးလိုက်လေသည်။ တိုင်ချက် အရ၊ ရဲအရာရှိများ၊ ရွာလူကြီးများ ထိုနေရာသို့ သွားရောက် ကြည့်ရှုကြသောအခါ၊ မီးရှို့ဖျက်ဆီးထားသော အလောင်းကိုငင်း၊ မနီးမဝေးဌ ဦးခေါင်းခွံကိုငင်း တွေ့ရှိ ကြပြီး၊ ထိုနေရာတဝိုက်တွင် မြမောင် အသက်ရှင်စဉ်က ဝတ်ဆင်သော အဝတ်အစား အစအနများ၊ လက်စွပ်၊ ငင်းကိုင်ဆောင်သော ခါတ်လုံး၊ ယမ်းထောင့်ခွံ စွပ်လျက် ရှိသော ကြိမ်လုံးနှင့် အခြား အသုံးအဆောင်များကို တွေ့ရှိကြလေသည်။ အဝတ်အစ အနမှာ၊ လူသွေးပေကျံနေကြောင်း ခါတုမေဒဌာနမှ သက်သေအထောက်အထား ရှိလေသည်။

မြမောင် အသတ်ခံရသည်နှင့် ပတ်သက်၍၊ မူလရုံးတော်က ဟန်မောင် (ခေါ်) စံမောင်၊ သိန်းကျန်နှင့် စိုးတင့်တို့အား၊ ထာဝတ်ကြီး ပုဒ်မ ၃၀၂/၃၄ အရ စွဲချက် တင်ပြီး၊ ပြစ်မှု ထင်ရှား စီရင်၍ သေဒဏ် ခံစေရန် စီရင်ချက် ချမှတ်လိုက်ရာ၊ တရား လွှတ်တော်က သိန်းကျန်နှင့် စိုးတင့် အပေါ်၌ ထွက်ဆိုသော သက်သေခံချက်များကို သတ္တုချကြည့်သည့်အခါ၌၊ အမြီးအမောက်မတည့်၊ မခိုင်လုံကြောင်း တွေ့ရှိရသဖြင့်၊ ၎င်းတို့အပေါ်၌ စွပ်စွဲသည့် ပြစ်မှုနှင့် စပ်လျဉ်း၍၊ သို့လော၊ သို့လောဖြစ်ပေါ်သော ဒို့ဟ သံသယဂိတ် ရှိမှုဓါအကျိုးကို ၎င်းတို့ ခံစားခွင့် ရှိသည့်အတိုင်း၊ လူသတ်မှု တရား သေလွှတ်လိုက်လေသည်။ အလောင်းကို မှောက်ဖျက်သည့် အမှုနှင့် ပတ်သက်ရှိကား သက်သေ အခိုင်အငုံ ရှိသည်ကို တွေ့ရှိသဖြင့်၊ ၎င်းတို့အား ထာဝတ်ကြီး ပုဒ်မ ၂၀၁၊ အပိုင်း ၁ အရ အလုပ် ကြမ်းနှင့် ထောင်ဒဏ် ခုနစ်နှစ်အသီးသီး ကျခံစေရန် အမိန့်ချမှတ်လိုက်လေသည်။

၁၉၅၉
မောင်ဖန်မောင် (ခေါ်) မောင်ဖန်မောင် နှင့် မြန်မာနိုင်ငံတော်။

ယခုအယူခံ တရားလိုအပေါ် ၌ ထုက်ဆိုသော သက်သေများအနက်၊ မောင်ထွန်းရွှေ (လို-၇) ၎င်း၏မိန်းမ မသောင်း (လို-၈) နှင့် ၎င်းတို့၏ အိမ်နီးချင်း မောင်ကြီးမောင် (လို-၁၁) တို့က၊ အယူခံတရားလိုသည်၊ မြမောင်အား ညနေအချိန်တွင် ထားဖြင့် ခုတ်ကြောင်း တသံဘည်းထုက်ဆိုကြလေသည်။ အခြားအိမ်နီးချင်းများဖြစ်သော မောင်ဘိုးသန့် (လို-၁၂) နှင့် မောင်လှမောင် (လို-၁၃) တို့ကလည်း မောင်ထွန်းရွှေ အိမ်မှ အော်သံကြားရှိလှမ်းကြည့်လိုက်ရာ၊ ထိုအိမ်အရှေ့ဘက်သို့ထားကိုင်ပြီး ထုက်သွားသော အယူခံ တရားလိုကို တွေ့မြင်လိုက်ကြောင်း ထုက်ဆိုလေသည်။ ထိုထုက်ဆိုချက်များကို မယုံကြည်ရန် အကြောင်းတစုံတရာမရှိ။ အယူခံတရားလို တင်ပြသော သက်သေများမှာလည်း၊ အမှုနှင့် ပတ်သက်၍၊ မယ်မယ်ရရမည်သို့မျှ ထုက်ဆိုခြင်း မပြုနိုင်ကြချေ။

အယူခံတရားလိုသည်၊ မည်သည့်ပြစ်မှုကို ကျူးလွန်သည်ဆိုသည့် ပြဿနာကို စီစစ်ဆုဥ်၊ သိန်းကျန်၊ စိုးတင့်၊ ယခုအယူခံတရားလိုတို့အား ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄ အရ၊ မူလခုံးတော်က ပြစ်မှုထင်ရှား စီရင်ခဲ့သည်ဖြစ်ရာ၊ တရားလွှတ်တော်က ယင်းပြစ်မှုနှင့် ပတ်သက်၍သိန်းကျန်နှင့် စိုးတင့်အား တရားသေလွှတ်ပြီး၊ အယူခံ တရားလို တဦးတည်းကိုသာ ရာဇသတ်ကြီး ပုဒ်မ ၃၄ ကိုမှီးပြီး၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ၊ ပြစ်မှုထင်ရှားစီရင်သည်ကို၊ ဤခုံးတော်က အတည်မပြုနိုင်။ အကြောင်းသော်ကား၊ တဦးထက်ပိုသော သူများသည် မိမိတို့၏ အကြံတူတခုခုကို အထမြောက်စေရန် ရည်ရွယ်၍၊ ပြစ်မှု ကျူးလွန်သည့်အခါ၌သာလျှင်၊ ရာဇသတ်ကြီးပုဒ်မ ၃၄ တွင် အကျုံးဝင်လေသည်။ ယခုမူကား၊ ကြံရာပါ ဆိုသူ သုံးဦးအနက် နှစ်ဦးကို တရားသေလွှတ်ပြီးပြီဖြစ်သဖြင့်၊ ကျန်ရှိသူ အယူခံတရားလိုအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂ နှင့် တွဲပြီး၊ ပုဒ်မ ၃၀၂ အရ ပြစ်မှုထင်ရှား စီရင်ခြင်း မပြုနိုင်ချေ။

သို့သော်ငြားလည်း၊ အယူခံတရားလိုသည် ကိုးခုတ်ထားဖြင့် မြမောင်၏ လည်ပင်းကို ခုတ်သည်မှာ ထင်ရှား၏။ ဒီဋ္ဌသက်သေများက ၎င်းသည် ယင်းသို့ တချက်သာ ခုတ်သည်ကို မြင်ကြောင်း ထုက်ဆိုကြ၏။ အမှန်အားဖြင့် ဆိုသော် မြမောင်သည် တရွာသားဖြစ်ပြီး အောင်ပင်သာရွာ၌ ပြုလုပ်သော ဗဲဝိုင်း ပျက်စီးလောက်အောင် ဆူပူမှုပြုသဖြင့်၊ ထိုရွာ၌ရှိသူ အချို့က၊ ၎င်းအား ထားများဖြင့် ဝိုင်း၍ ခုတ်ကြဟန် လက္ခဏာရှိသည်။ သို့သော်လည်း ထိုထိုသောအကြောင်းများကြောင့်၊ အခြားခုတ်ကြသူများအပေါ် ၌ ထုက်ဆိုသော သက်သေခံချက်များမှာ မခိုင်လုံ ဖြစ်ဟန်တူလေသည်။ အယူခံတရားလိုတချက်တည်းသာခုတ်သည်ဆိုစေကာမူ၊ အသုံးပြုသော လက်နက်မှာ ကိုင်းခုတ်ထားဖြစ်ပြီး လည်ပင်းကို ခုတ်သည်ဖြစ်၍ အခြေအနေအရ၊ ဒဏ်ရာနှင့်ပတ်သက်၍ ဆရာဝန် အစစ်ခံချက် မရှိသော်လည်း၊ အယူခံတရားလိုသည် သေသူ မြမောင်အား၊ အပြင်းအထန် နာကျင်စေမှုပြုသည်ဟု ယူဆရပေမည်။ ယင်းသို့ ပြုရာ၌လည်း၊ ထိုသို့

၁၉၅၉

မောင်ဟန်မောင် (ခေါ်) မောင်စံမောင် နှင့် မြည်ထောင်စု မြန်မာနိုင်ငံတော်။

သော အပြင်း အထန် နာကျင်စေမှုဖြစ်မြောက်ရန် ကြံရွယ်၍ ပြုသည်ဟု ယူဆရပေမည်။

ယင်းသို့ဖြစ်၍ အယူခံတရားလိုအပေါ် ၌ ချမှတ်သော ထုဇသတ်ကြီးပုဒ်မ ၃၀၂/၃၄ အရ ပြစ်မှုထင်ရှား စီရင်သည်ကို ပယ်ဖျက်ပြီးလျှင်၊ ၎င်းအစား ထုဇသတ်ကြီး ပုဒ်မ ၃၂၆ အရ ပြစ်မှုထင်ရှား စီရင်ပြီးလျှင်၊ အမှုအဖြစ်အပျက်အားလုံးကို ထောက်၍ အယူခံ တဦးလိုအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် (ဆယ်နှစ်) ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

တရားလွှတ်တော်ချုပ်

မစ္စစ် အက်(စ်)၊ကေ၊အာလီ (လျှောက်ထားသူ)

နှင့်

ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီး ပါ ၃
(လျှောက်ထားခံရသူများ)*

† ၁၉၅၉ အောက်တိုဘာ လ ၂၂ ရက်။

ပင်လယ်ကြောင်း အကောက်တော်ခွန် အက်ဥပဒေ၊ ပစ္စည်းတခုခု၏ တန်ဘိုးကို၊ ယုတ်လျော့၍ ဖေါ်ပြခြင်း၊ ပြစ်ဒဏ်ပေးနိုင်သော ပြစ်မှုမျိုး မဖြစ်နိုင်၊ ပုဒ်မ ၁၆၇ (ဂ) အရ အားထုတ်မှုမဖြစ်နိုင်။

ဆုံးဖြတ်ချက်။ ။နိုင်ငံခြားသို့ ခရီးသွားရာတွင်၊ လက်ဝတ် လက်စားများကို ခေတ္တယူဆောင်သွား၍ မိမိနှင့် ပြန်ယူလာရန်အတွက် အခွင့်ပြု လက်မှတ် ရရှိရန် လျှောက်ထားသောအခါတွင် ထို ပစ္စည်းတခုခု၏ တန်ဘိုးကို ယုတ်လျော့၍ ဖေါ်ပြခြင်းသည်၊ ပင်လယ်ကြောင်း အကောက်တော်ခွန် အက်ဥပဒေအရ၊ ပြစ်ဒဏ်ပေးနိုင်သော ပြစ်မှုမျိုးမဖြစ်နိုင်ခေ့။ မည်သို့ပင်ဖြစ်စေ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၆၇ (ဂ) အရ နိုင်ငံခြားသို့ အခွင့်မရှိဘဲ ပစ္စည်းများကို ထုတ်ယူသွားရန် အားထုတ်မှုမဖြစ်နိုင်ခေ့။

လျှောက်ထားသူအတွက်။ ။ဦးကျော်မင်း လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။အစိုးရလွှတ်တော်ရှေ့နေ ကြီး ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

ဦးချုန်ထွန်း။ ။လျှောက်ထားသူသည်၊ ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့က ကာသကတ္တားမြို့သို့ လေယာဉ်ပျံဖြင့် ထွက်ခွါသွားရန်အလို့ငှါ၊ ရန်ကုန်မြို့ လေဆိပ်သို့ ရောက်ရှိသောအခါ၊ အကောက်တော်ခွန် အရာရှိများထံသို့ သွားရောက်ပြီးလျှင်၊ မိမိ ယူဆောင်သွားလိုသည့်လက်ဝတ် လက်စားများနှင့်တကွ နိုင်ငံခြားငွေလဲမှုကြီးကြပ်ရေး ဌာနမှ ထိုလက်ဝတ်လက်စားများ ထုတ်ယူသွားရန် ခွင့်ပြု လက်မှတ်ကို တင်ပြလေသည်။ အကောက်တော်ခွန် အရာရှိများက လက်မှတ်တွင် ပါရှိသည့် စာရင်းနှင့် လက်ဝတ်လက်စား များကို တိုက်ဆိုင် စစ်ဆေးရာတွင် လက်ဝတ်လက်စား ၆ မျိုး၏ ကာလတန်ဘိုးများမှာ ခွင့်ပြုလက်မှတ်တွင် ဖေါ်ပြထားသည့် တန်ဘိုးများထက်များ ပြားနေသောကြောင့် ထိုလက်ဝတ်လက်စား ၆ မျိုးကို သိမ်းယူလေသည်။

* ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၆၀။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးချုန်ထွန်း၊ နိုင်ငံတော် တရားဝန်ကြီး ဦးဘိုကြီး ရှေ့မှောက်တို့တွင်၊ တရားဝန်ကြီး ဦးချုန်ထွန်း အမိန့်ချမှတ်သည်။

၁၉၅၉

မစ္စစ် အက်(စ်)၊ ကေ၊အလီ နှင့် ဘဏ္ဍာရေးနှင့် အခွန်တော် ဌာန ဝန်ကြီး ပါ ၃။

ဤကိစ္စကို အကောက်တော် မင်းကြီးက စစ်ဆေးရာတွင် ထိုပစ္စည်း ၆ မျိုး၏ ကာလ တန်ဘိုး စုစုပေါင်းမှာ ၃၆,၀၀၀ ကျပ်ခန့်ဖြစ်၍ ခွင့်ပြုလက်မှတ်တွင်ဖော်ပြထားသည့်တန်ဘိုး စုစုပေါင်းမှာ ၂,၇၀၀ ကျပ် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထိုကြောင့် "ပါမစ်တွင် ဖော်ပြထားသော ပစ္စည်းများဟု မည်သို့မျှ မယူဆနိုင်သောကြောင့် ၎င်းပစ္စည်းများအား ပါမစ် မရှိဘဲ ပြင်ပသို့ ထုတ်ယူရန် ကြံစည်သည်ဟု ယူဆရမည်ဖြစ်၍၊ ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇ (ဂ) နှင့် နိုင်ငံခြားငွေ ကြေးလဲလှယ်ရေး အက်ဥပဒေပုဒ်မ ၉ (၃) တို့ကိုကျူးလွန်သောကြောင့်ဖော်ပြပါ ပစ္စည်းများကို ဘဏ္ဍာတော် အဖြစ် သိမ်းဆည်းလိုက်သည်" ဟု အမိန့်ချမှတ်လေသည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် လျှောက်ထားသူက ဘဏ္ဍာတော်မင်းကြီးထံတွင် အယူခံဝင်လေသည်။ ဘဏ္ဍာတော် မင်းကြီးကလည်း အဆိုပါ ပစ္စည်းများ၏ တန်ဘိုးကို အလွန်လျော့နည်း၍ ဖော်ပြခြင်းသည်ထင်း၊ ခွင့်ပြုလက်မှတ်တွင် ပါရှိသည့် ပစ္စည်းများအစား ပိုမိုတန်ဘိုးရှိသော ပစ္စည်းများကို လဲလှယ်၍ ပြသခြင်းသည်ထင်း၊ နိုင်ငံခြားသို့ ခွင့်ပြုချက်မရှိဘဲ ထုတ်ယူရန် ကြံစည်မှုကိုကျူးလွန်သည်ဟု မိမိယူဆကြောင်း ဖော်ပြပြီးလျှင်၊ အယူခံကို ပယ်ခဲ့လေသည်။ တဖန် ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနသို့ စာဖကဝင်ရောက်ပြန်ရာ အရာရှိကြီးများ၏ အမိန့်ကို အတည်ပြု၍ လျှောက်ထားသူ၏ လျှောက်လွှာကို ပယ်ခဲ့လေသည်။ ထိုကဲ့သို့ မိမိ၏ ပစ္စည်းများကို အစိုးရ၏ ဘဏ္ဍာတော်အဖြစ် သိမ်းယူရန် ချမှတ်ထားသော အမိန့်များကို မကျေနပ်သဖြင့် ဤရုံးတော်သို့ လာရောက် လျှောက်ထားခြင်း ဖြစ်သည်။

လျှောက်ထားသူသည် နိုင်ငံခြားငွေ ကြီးကြပ်ရေးဌာန၌ နှစ်ပေါင်း အတော်ကြာ လုပ်ကိုင်ခဲ့ဖူးသော အရာရှိဟောင်း တဦးဖြစ်သဖြင့်၊ နိုင်ငံခြားသို့ လက်ဝတ်လက်စား ယူဆောင်သွားရေး ခွင့်ပြု လက်မှတ်နှင့် စပ်လျဉ်းသည့် လိုအပ်ချက်များကို သိရှိပြီးဖြစ်သူဟု ယူဆသင့်ကြောင်းဖြင့် ဖော်ပြထားလေသည်။ နိုင်ငံခြားသို့ ခရီးသွားရောက်သောအခါတွင် မိမိပိုင်ပစ္စည်းများကို ယူဆောင်၍ သွားရန်အတွက် ခွင့်ပြု လက်မှတ်ရယူရေးကိစ္စမှာ စောစောက ခတ်ပေါ့ပေါ့ တန်တန်ပင်ဆောင်ရွက်လာခဲ့ကြဟန်တူသည်။ အဘယ်ကြောင့် ဆိုသော်တိုသို့ ယူဆောင်သွားမည့်ပစ္စည်းများကို နိုင်ငံခြားတွင် ထုခွဲ ရောင်းချခြင်းပြုရန်မဟုတ်ဘဲ၊ မြန်မာနိုင်ငံသို့ ပြန်လည်ယူဆောင်လာရန်ဖြစ်သောကြောင့်ပင်တည်း။ ထို့ကြောင့် ရှေ့နေ[illegible]ရှိပုဂ္ဂိုလ်တို့က လျှောက်ထားသောအခါများတွင် ယူဆောင်သွားမည့် ပစ္စည်းများကိုပင် ကြည့်ရှု၍ လျှောက်လွှာတွင် ဖော်ပြသည့်အကြောင်း အချက်များနှင့် [illegible] မညီညွတ်သည်၊ မည်သည့် ပစ္စည်းမျိုးဖြစ်သည်။ နောင်အခါတွင် [illegible] မည်သည့်ပစ္စည်းဟုသိနိုင်ရန် ဖော်ပြချက် လုံလောက်လာသည် မဟုတ်လော ဟူသော စဉ်းစားတို့ကို စစ်ဆေးရန်အတွက် ထိုပစ္စည်း

၁၉၅၉

မစ္စစ် အက်(စ်)၊ ကေ၊အလီ နှင့် ဘဏ္ဍာရေးနှင့် အခွန်တော် ဌာန ဝန်ကြီး ပါ ၃။

များကိုပင် တင်ပြခြင်းမပြုသော်လည်း၊ နိုင်ငံခြားငွေ လဲမှု ကြီးကြပ်ရေးဌာနက ခွင့်ပြု လက်မှတ်များ ထုတ်ပေးလေ့ ရှိခဲ့လေသည်။ ယခုအမှုတွင်လည်း သက်ဆိုင်ရာ အရာရှိက မိမိသည် အဆိုပါ ပစ္စည်းများကို ကြည့်ရှုခြင်းမပြုဘဲ၊ ခွင့်ပြုလက်မှတ်ကို ထုတ်ပေး ခဲ့ကြောင်းဖြင့် အစစ်ခံထားလေသည်။ လျှောက်ထားသူ ခရီးသွားများကလည်း မိမိတို့ ပစ္စည်းများမှာ နိုင်ငံခြားတွင် ထုခဲ့ ရောင်းချရန် မဟုတ်ဘဲ ပြန်လည်၍ ယူဆောင် လာရမည့် ပစ္စည်းများသာဖြစ်သောကြောင့် တန်ဘိုးကို ဖေါ်ပြရာ၌ငင်း၊ ပစ္စည်း၏ အခကြောင်းအရာများကို ဖေါ်ပြရာ၌ငင်း၊ မိမိတို့၏ သဘောအလျောက်သင့်တော် လောက်သည် ထင်မြင်သမျှကိုသာ ဖေါ်ပြလေ့ ရှိကြပေလိမ့်မည်။ ယခုအမှုတွင် သျှောက်ထားသူက လျှောက်လွှာတွင် မိမိဖေါ်ပြသော တန်ဘိုးများမှာ ထိုပစ္စည်းများ ကို ဝယ်ယူစဉ်အခါ နှစ်ပေါင်းများစွာက ပေးခဲ့ရသည့် တန်ဘိုးကို မိဘများထံမှ ကြားသိ ရသည့်အဘိုင်း ခန့်မှန်းခြေ တန်ဘိုးများသာ ဖြစ်ကြောင်း ထွက်ဆိုထားလေသည်။ ဤအမှုတွင် စီစစ်ရမည့် အရေးကြီးဆုံး အချက်မှာ လျှောက်ထားသူ၏ ပြုမူချက်များ သည် ထိုပစ္စည်းများကို နိုင်ငံခြားသို့ ခွင့်ပြုချက်မရှိဘဲ ထုတ်ယူရန် အားထုတ်မှုကို ကျူးလွန်ရာ ရောက်သည် မရောက်သည်ဟူသော အချက်ပင် ဖြစ်သည်။ လျှောက်ထား သူက ခွင့်ပြု လက်မှတ် ရယူရေးအတွက် တင်ပြသော ပစ္စည်းများအစား၊ လေဆိပ်တွင် အကောက်တော် အရာရှိများသို့ တင်ပြသော ပစ္စည်းများမှာ လဲလှယ်၍ ထားသော ပစ္စည်းများ ဖြစ်သည်ဟု ဤအမှုတွင် ယူဆနိုင်ရန် အကြောင်းမရှိချေ။ အဘယ်ကြောင့် ဆိုသော် ခွင့်ပြုလက်မှတ် ထုတ်ပေးသော အရာရှိက မိမိသည် မည်သည့်ပစ္စည်းကိုမျှ ကြည့်ရှုခြင်း မပြုဘဲ ခွင့်ပြုလက်မှတ် ထုတ်ပေးခဲ့သည်ဟု ထွက်ဆိုထားလေသည်။ ထို့ပြင် လူဂုဏ်တန်များကလျှောက်ထားသောအခါများတွင် ထိုစဉ်အခါက သက်ဆိုင်ရာ ပစ္စည်းများကို ကြည့်ရှုလေ့ မရှိကြောင်း ထင်ရှားသည်။ လျှောက်ထားသူကမူ ခွင့်ပြု လက်မှတ်ရရေးအတွက် မိမိလျှောက်လွှာတွင် ဖေါ်ပြသော ပစ္စည်းများသည် လေဆိပ် တွင် အကောက်တော် အရာရှိများသို့ တင်ပြသော ပစ္စည်းများသာလျှင် ဖြစ်ကြောင်း အတိအလင်း အခိုင် အမာပြောဆိုထားချက် ရှိလေသည်။ ထို့ကြောင့် ခွင့်ပြု လက်မှတ် တွင်ငင်း၊ ခွင့်ပြု လက်မှတ် ရယူရေးအတွက် လျှောက်လွှာတွင်ငင်း ဖေါ်ပြထားသော ပစ္စည်းများအစား ပိုမို၍ တန်ဘိုးရှိသော အခြားပစ္စည်းများကို လဲလှယ်၍ ထားသည်ဟု ယူဆနိုင်ရန် အကြောင်းမရှိဟု ဤရုံးတော်က ထင်မြင်သည်။ ခွင့်ပြု လက်မှတ်တွင် ဖေါ်ပြ ထားသော ပစ္စည်းများ၏ တန်ဘိုးများမှာ ကာလတန်ဘိုးထက် နှုတ်လျော့ လျက်ရှိသည်မှာ ထင်ရှားသည်။ ဤကဲ့သို့ နိုင်ငံခြားသို့ ခရီးဘွားထွက်တွင် လက်ဝတ် လက်စားများကို ခေတ္တယူဆောင်သွား၍ မိမိနှင့် ပြန်ယူလာရန်အတွက် ခွင့်ပြု လက်မှတ် ရရှိရန် လျှောက်ထားသော အခါတွင်၊ ထိုပစ္စည်းတခုခု၏ တန်ဘိုးကို ယုတ်လျော့၍

၁၉၅၉
မစ္စစ် အက်(စ်)၊ ကေ၊အလီ နှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန ဝန်ကြီးပါ ၃။

ဖေါ်ပြခြင်းသည် ပင်လယ်ကြောင်း အကောက်တော်ခွန် အက်ဥပဒေအရ ပြစ်ဒဏ်ပေးနိုင်သော ပြစ်မှုမျိုး မဖြစ်နိုင်ခေါ်။ မည်သို့ပင်ဖြစ်စေ အဆိုပါ အက်ဥပဒေပုဒ်မ ၁၆၇(ဂ) အရ၊ နိုင်ငံခြားသို့ အခွင့် မရှိဘဲ ပစ္စည်းများကို ထုတ်ယူသွားရန် အားထုတ်မှု မဖြစ်နိုင်ခေါ်။ လျှောက်ထားသူသည် လေဆိပ်သို့ ရောက်သောအခါ အဆိုပါ ပစ္စည်းများကို မည်သည့် နည်းနှင့်မျှ ကွယ်ဝှက်ထားခြင်း၊ သို့မဟုတ် တိတ်တဆိတ် ထုတ်ယူသွားရန်ကြံစည်ကြိုးစားခြင်း မပြုကြောင်းနှင့် အကောက်တော် အရာရှိများက ထွက်ဆိုထားကြလေသည်။ အမှန်မှာ လျှောက်ထားသူသည် မိမိသဘော အလျောက် ထုံးစံရှိသည့် အတိုင်း ခွင့်ပြုလက်မှတ်နှင့်တကွ ယူဆောင်သွားလိုသော ပစ္စည်းများကို အကောက်တော် အရာရှိများထံသို့ တင်ပြခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် အကောက်တော်မင်းကြီး၏ ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် နေ့စွဲဖြင့် အချင်းဖြစ် ပစ္စည်းများကို အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းယူရန် ချမှတ်ထားသော အမိန့်ကိုငင်း၊ ဘဏ္ဍာတော်မင်းကြီး၏ ၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် နေ့စွဲဖြင့် ချမှတ်ထားသော အမိန့်ကိုငင်း၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာန၏ ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့စွဲဖြင့်ချမှတ်ထားသော အမိန့်ကိုငင်း ပယ်ဖျက်လိုက်သည်။

အမှုသည် များသည်၊ မိမိတို့၏ စရိတ်ကို မိမိတို့ကျခံစေရမည်။

တရားလွှတ်တော်ချုပ်

မစ္စတာ အက် (ဖ်)၊ စီ၊ ဂရေဟမ် ပါ ၃ (လျှောက်ထားသူများ) †၁၉၅၉
နှင့် စက်တင်ဘာလ
မတင်လှ ပါ ၂ (လျှောက်ထားခံရသူများ)* ၁၁ ရက်။

မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆-ကက အရ၊ အရေးယူရန် လျှောက်ထား ရာတွင် ဌါးရမ်းခ ကြီးကြပ်ရေးဝန်မင်းက စဉ်းစားရန် မြဿနာ

လျှောက်ထားသူ အမှတ် (၁) မစ္စတာ ဂရေဟမ်သည်၊ ခေတ္တရာထူး တိုးတက် ခန့်အပ်ခြင်းခံရရာ၊ မိမိအမှုထမ်းသည့် ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့ပိုင်အဆောက်အဦတွင် အခန်း ရသဖြင့်၊ မိမိဌါးရမ်း နေထိုင်သည့် လျှောက်ထားခံရသူ အမှတ် (၁) မတင်လှပိုင် အိမ်ခန်းကို လက် မလွှတ်လိုရှိ အခြင်းဖြစ်အခန်းတွင် မိမိဇနီးနှင့် ဆွေမျိုးတော်စပ်သူ ၂ ယောက်နှင့် မိမိပိုင် အိမ်ထောင် ပမ္ဘည်းအချို့ကို ထားခဲ့ပြီး ပြောင်းရွှေ့သွားရာ၊ မတင်လှက မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆-ကက အရ၊ အရေးယူရန် လျှောက်ထားရာတွင် ဌါးရမ်းခကြီးကြပ်ရေးဝန်မင်းက မစ္စတာဂရေဟမ်သည်၊ အခင်းဖြစ် အိမ်ခန်းကို စွန့်လွှတ်ခဲ့သည်ဟု ဆုံးဖြတ်လေသည်။

ဆုံးဖြတ်ချက်။ ။ဌါးရမ်းခ ကြီးကြပ်ရေး ဝန်မင်းသည်၊ အမှုအဖြစ်အပျက်ကို စဉ်းစားရာ၌ လျှောက်ထားသူ မစ္စတာ ဂရေဟမ်သည်၊ အခင်းဖြစ် အိမ်ခန်းမှ မိမိလုပ်ငန်းဆိုင်ရာ အဆောက်အဦသို့ ရွှေ့ပြောင်း နေထိုင်ရာ၌ အခင်းဖြစ်အိမ်ခန်းကို အပြီးအပိုင် စွန့်လွှတ်သည်၊ မစွန့်လွှတ်သည်၊ ထိုအိမ် ခန်းတွင် ပြန်လည် နေထိုင်ရန် ကြံရွယ်ချက်ရှိသည်၊ မရှိသည်ဆိုသည့်ပြဿနာကို တိတိကျကျ စဉ်း စားခဲ့ဟန်မတူချေ။ ထို့ကြောင့် ဌါးရမ်းခ ကြီးကြပ်ရေးဝန်မင်း၏ အမိန့်ကို ပယ်ဖျက်ပြီးလျှင်၊ အမှုကို ပြန်လည်စစ်ဆေး ဆုံးဖြတ်ရန်အတွက် ပေးပို့လိုက်သည်။

လျှောက်ထားသူများအတွက်၊ ဦးဘစိုးနှင့် ဦးအေးမောင်တို့ လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်။ ။ဂျီ၊အင်(နှ်)၊ဘနာဂျီ နှင့် ဦးအုန်း မောင်တို့ လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ် (၂) အတွက်။ ။အစိုးရရှေ့နေကြီး ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

ဦးဘိုကြီး။ ။လျှောက်ထားသူ အမှတ် (၁) မစ္စတာ ဂရေဟမ်သည်၊ ရန်ကုန်မြို့၊ ၄၉ လမ်း၊ အမှတ် ၁၃၈/၁၄၀ ရှိ၊ နေအိမ် အောက်ထပ် မြောက်ဖက်ခန်းတွင်၊ နှစ်မျိုးငှါး

* ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၅၈။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးချန်ထွန်း၊ နိုင်ငံတော် တရားဝန်ကြီး ဦးဘိုကြီးတို့ ရွှေမှောက်တွင်၊ တရားဝန်ကြီး ဦးဘိုကြီးအမိန့်ချမှတ်သည်။

၁၉၅၉

—

မစ္စတာအက်(ဖ်) စီ၊ ဂရေဟမ် ပါ ၃ နှင့် မတင်လှ ပါ ၂။

အဖြစ် နေထိုင်ခဲ့သူဖြစ်၍၊ ၁၉၅၈ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၊ အီဒင်လမ်းရှိ မိမိအမှုထမ်းသည့် ပြည်တွင်း ရေးကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ပိုင် အဆောက်အဦတွင် အခန်းရသဖြင့် ပြောင်းရွှေ့ပြီး၊ မိမိဇနီးနှင့် ဆွေမျိုးတော်စပ်သူ မောင်အောင်မင်းနှင့် ဇနီး မမြရီတို့အား၊ ထိုအခန်းတွင် ထားခဲ့လေသည်။ ယင်းသို့ ထားခဲ့သည့် အတွက် အိမ်ရှင်ဖြစ်သူ လျှောက်ထားခံရသူအမှတ် (၁) မတင်လှသည်၊ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဝန်မင်းထံ၊ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆-ကက အရ၊ အရေးယူပါရန် လျှောက်ထားလေရာ၊ ဌားရမ်းခ ကြီးကြပ်ရေးဝန်မင်း ကနှစ်ဦး နှစ်ဘက် တင်ပြသော သက်သေများကို စစ်ဆေးပြီးလျှင် အရေးယူသည်ဖြစ်၍၊ ထိုအမိန့်ကို အမှုခေါ်စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ပါရန် ယခုလျှောက်ထားသူ ၃ ဦးက၊ ဤရုံးတော်သို့ လျှောက်ထားလေသည်။

မစ္စတာ ဂရေဟမ်နှင့် ၎င်းတင်ပြသော သက်သေများ၏ ထုတ်ဆိုချက်များအရ ဆိုလျှင်၊ မစ္စတာ ဂရေဟမ်သည်၊ အခင်းဖြစ် အခန်း၌ နေထိုင်စဉ်၊ ကုန်တင်ရေယာဉ်များကို ကြီးကြပ် အုပ်ချုပ်သူအဖြစ်ဖြင့် ခေတ္တ ရာထူး တိုးတက်ခန့်အပ်ခြင်း ခံရသဖြင့်၊ မိမိ၏ လုပ်ငန်းနှင့် နီးကပ်စေရန်အတွက်၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့ပိုင်၊ မြစ်ကမ်းနားရှိ အိမ်သို့ ယာယီအားဖြင့် ပြောင်းရွှေ့နေထိုင်ရကြောင်း။ အခင်းဖြစ်အိမ်ခန်းကို လက်မလွှတ်လိုသဖြင့်၊ မိမိပိုင် ပစ္စည်းအချို့ကို ထိုအိမ်ခန်း၌ပင် ထားခဲ့၍၊ မိမိနှင့် ဆွေမျိုးတော်စပ်သူ မောင်အောင်မင်း၊ မမြရီတို့အား ထိုအိမ်ခန်းတွင် အစောင့်အရှောက်အဖြစ် နေထိုင်ရန် စီစဉ်ခဲ့ကြောင်း ထုတ်ဆိုကြလေသည်။ ထို့ပြင် ဤရုံးတော်၌ တင်သွင်းသော ကျမ်းကျိန်လွှာတွင်၊ မစ္စတာ ဂရေဟမ်က နောက်ထပ်၍ ထုတ်ဆိုသည်မှာ၊ အခင်းဖြစ်အိမ်ခန်းနှင့် စပ်လျဉ်း၍ မိမိတင်သွင်းထားသော ဓါတ်မီးခ စင်ေ ငွေကိုပင် ပြန်လည်တောင်းယူခြင်း မပြုခဲ့သေးကြောင်း။ ထိုပြင်လည်း ဓါတ်မီးခများမှာ မိမိနာမည်နှင့်သာ တောင်းဆိုသဖြင့်၊ မိမိကိုယ်တိုင်ပင် ပေးနေရကြောင်းဖြင့် ထုတ်ဆိုလေသည်။

ဌားရမ်းခ ကြီးကြပ်ရေး ဝန်မင်းသည်၊ ဤရုံးတော်က ဦးဘသော်ပါ ၃ နှင့် ရန်ကုန်မြို့ ဌားရမ်းခ ကြီးကြပ်ရေးဝန် ပါ ၃ (၁၉၅၇ ခုနှစ်၊ တရားမ အသေးအဖွဲ့ လျှောက်လွှာ အမှတ် ၆၅) ကို၊ ကိုးကားပြီးလျှင်၊ မစ္စတာ ဂရေဟမ်သည်၊ အခင်းဖြစ်အိမ်ခန်းကို စွန့်လွှတ်ခဲ့သည်ဟု ဆုံးဖြတ်လေသည်။ ဌားရမ်းခ ကြီးကြပ်ရေးဝန်မင်းသည် အဆိုပါ အမှုဖြစ်အပျက်များနှင့် ယခုအမှုဖြစ်အပျက်များ သိသိသာသာ ကွာခြားသည်ကို သတိမူမိဟန် မတူချေ။ အဆိုပါ အမှုနှင့် အိမ်ငှါးဖြစ်သူသည် မိမိနေထိုင်ရန်အတွက် အိမ်တဆောင် ဆောက်လုပ်ပြီးလျှင်၊ မိမိပိုင် အိမ်ထောင်ပစ္စည်းအားလုံးကို ယူဆောင်ပြီး၊ ထိုအိမ်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့လေသည်။ ယခုအမှုတွင်မူကား၊ မစ္စတာ ဂရေဟမ်

သည်၊ မိမိအား ခေတ္တရာထူးတိုးမြှင့်ခန့်ထားသဖြင့် လုပ်ငန်းနှင့် နီးကပ်စေရန်အတွက်၊ ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေး အဖွဲ့ပိုင် အဆောက် အဦဌ် သွားရောက် နေထိုင်ရကြောင်း ထွက်ဆိုသည့်အပြင်၊ မိမိပိုင် အိမ်ထောင်ပစ္စည်း အချို့ကိုလည်း အခင်းဖြစ် အိမ်ခန်းတွင် ထားခဲ့သည်ကို တွေ့ရှိရလေသည်။

၁၉၅၉

မစ္စတာအိုက်(ဖ်) စီ၊ ဂရေဟမ် ပါ ၃ နှင့် မောင်လှ ပါ ၂။

ဦးရမ်းခ ကြီးကြပ်ရေး ဝန်မင်းသည်၊ အမှုအဖြစ် အပျက်ကို စဉ်းစားရာ၌ လျှောက်ထားသူ မစ္စတာ ဂရေဟမ်သည်၊ အခင်းဖြစ်အိမ်ခန်းမှ မိမိလုပ်ငန်းဆိုင်ရာ အဆောက် အဦသို့ ရွှေ့ပြောင်း နေထိုင်ရာ၌ အခင်းဖြစ်အိမ်ခန်းကို အပြီးအပိုင် စွန့်လွှတ်သည်၊ မစွန့်လွှတ်သည်။ ထိုအိမ်ခန်းတွင် ပြန်လည် နေထိုင်ရန် ကြံရွယ်ချက်ရှိသည်မရှိသည်ဆိုသည့် ပြဿနာကို တိတိကျကျ စဉ်းစားခဲ့ဟန် မတူချေ။ ထို့ကြောင့် ဦးရမ်းခ ကြီးကြပ်ရေး ဝန်မင်း၏အမိန့်ကို ပယ်ဖျက်ပြီးလျှင်၊ အမှုကို ပြန်လည်စစ်ဆေး ဆုံးဖြတ်ရန်အတွက် ပေးပို့လိုက်သည်။

အမှုသည်များသည်၊ မိမိတို့ စရိတ်ကို မိမိတို့ အသီးသီးကျခံကြစေ။

တရားလွှတ်တော်ချုပ်။

† ၁၉၅၉
အောက်တိုဘာ
လ ၃၀ ရက်။

သလွာဝတီ ကုမ္ပဏီ လိမိတက် (လျှောက်ထားသူများ)
နှင့်
ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး ရန်ကုန်မြို့၊ ပါ ၃ (လျှောက်ထားခံရသူများ)*

နိုင်ငံခြားမှဘဏ်ဆေးမဟုတ်ဘဲ၊ ဘဏ်ဆေးဟု မှာယူတင်သွင်းသည့်ကိစ္စ

ပင်လယ်ရေကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (ဂ) (၃၇)၊ သို့မဟုတ် ဝင်ကုန်ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃ (၂) အရ၊ အရေးမယူနိုင်။

ဆုံးဖြတ်ချက်။ ။ကာလကတ္တားမြို့၊ အာဂျာဝါး (လ်)၊ ထရေဒင် ကော်ပိုရေးရှင်းမှ လျှောက်ထားသူများမှာယူတင်သွင်းသည့် စုစုပေါင်း တိုလာချိန် ၅၀၀ ရှိ၊ ဂေါ်ရာဇဉ်းခေါ် ဘဏ်ဆေးမျိုးမှာ၊ နန္ဒင်းရောင်ဆိုးထားသော မြေဖြူလုံးကလေးများဖြစ်နေသည့်ကိစ္စတွင် လျှောက်ထားသူများသည်၊ နိုင်ငံခြားမှ ကုန်တင်ပို့သူများက မတရားလိမ်လည်သည်ကို ခံရသူများသော်ငင်း ဖြစ်နိုင်သည်၊ နိုင်ငံခြားသားများနှင့် ပူးပေါင်း ကြံစည်ပြီး၊ မြန်မာပြည်မှ နိုင်ငံခြားငွေ ထုတ်ရန် စိုးပြင်းသူများသော်လည်းဖြစ်နိုင်သည်။ သို့သော်ပင်လယ်ရေကြောင်း အကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇ (ဂ) (၃၇) အရဖြစ်စေ၊ ဝင်ကုန် ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃ (၂) အရဖြစ်စေ မည်သည့် နည်းနှင့်မျှ မသက်ဆိုင်၊ အရေးမယူနိုင်။

လျှောက်ထားသူများအတွက်။ ။ဒေါက်တာ ဧမောင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။အစိုးရလွှတ်တော် ရှေ့နေကြီး ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

ဦးဘိုကြီး။ ။ယခု လျှောက်ထားသူ သလွာဝတီ ကုမ္ပဏီ လိမိတက်သည်၊ ၁၉၅၈ ခုနှစ်တွင်၊ ၁၉၅၈ ခု၊ ဇန်နဝါရီလ ၂၅ ရက် နေ့၌ တကြိမ်၊ ၁၉၅၈ ခု၊ ဖေဖော်ဝါရီ လ ၇ ရက် နေ့၌ တကြိမ်၊ ကာလကတ္တားမြို့၊ အာဂျာဝါး (လ်) ထရေဒင် ကော်ပိုရေးရှင်းမှ၊ ဘဏ်ဆေးမျိုး ဖြစ်သည့် ဂေါ်ရာဇဉ်း တိုလာချိန် စုစုပေါင်း ၅၀၀ ကိုမှာယူ တင်သွင်းရာတွင်၊ ရန်ကုန် အကောက်တော်ဌာနကရောက်ရှိလာသော ပစ္စည်းများကို မသက်ဘသဖြင့်၊ ဓါတုဗေဒနည်းဖြင့် ခါတ်မဲ့ စမ်းသပ်

* ၁၉၅၉ ခုနှစ်၊ တရားမအာဝေးအပိုဒ်နံ့ လျှောက်လွှာအမှတ် ၉၈ နှင့် ၉၉။

† နိုင်ငံတော်တရားဝန်ကြီး ချုပ် ဦးမြင့်ဆိန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးချန်ထုန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးဘိုကြီး တို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

ကြည့်သောအခါ၊ ၎င်းတို့မှာ ဂေါရာဇင်း မဟုတ်ဘဲ၊ နန္ဒင်းရောင်ဆိုးထားသော မြေဖြူ လုံးကလေးများသာ ဖြစ်ကြောင်း တွေ့ရှိရလေသည်။ ယင်းသို့ဖြစ်သောကြောင့်၊ အကောက်တော် မင်းကြီးက၊ ပင်လယ်ကြောင်း အက်ဥပဒေ ပုဒ်မ ၁၆၇ (ဂ) (၃) အရရော၊ ဝင်ကုန် ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃ (၂) အရရော၊ အရေးယူပြီးလျှင်၊ ပစ္စည်းများကို သိမ်းဆည်းရှိ၊ လျှောက်ထားသူများ အပေါ်၌တိုက်ရိုက်ငဏ်ငွေစုစုပေါင်း ၅၅,၀၀၀ ကျပ် ပေးဆောင်စေရန် အမိန့် ချမှတ်လိုက်လေသည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ဘဏ္ဍာတော်မင်းကြီးထံ အယူခံဝင်ရာ၊ ဘဏ္ဍာတော် မင်းကြီးက၊ လျှောက်ထားသူများမှာ၊ ကုန်ပစ္စည်း တင်ပို့ ရောင်းချသူများ မရှိးဖြောင့်မှုကြောင့် နစ်နာရဟန် တူကြောင်း။ ထိုသူနှစ်ဦးတို့ ပူးပေါင်း ကြံစည်ပြီးနိုင်ငံခြားငွေကို မြန်မာပြည်မှပြည်ပသို့ ထုတ်ရန် ဆောင်ရွက်မှု ပြုသည်ကို အထောက်အထား မတွေ့ရှိရကြောင်း။ သို့သော် လျှောက်ထားသူများသည် ကုန်တင်ပို့သူများ၏ အလိမ်ခံရ၍၊ မစစ်မမှန်သော ပစ္စည်းများကို အစစ်အမှန်ကဲ့သို့ ဖေါ်ပြပြီး တင်သွင်းသည့် အပြစ်သာလျှင် ထင်ရှားသဖြင့်၊ ကျူးလွန်မှုမှ ကျူးလွန်သော အပြစ်အဘို့သာ အပြစ်ဒဏ် ချမှတ်သင့်သည်ဟု ယူဆပြီးလျှင်၊ အကောက်တော် မင်းကြီး ချမှတ်သော ဒဏ်ငွေ စုစုပေါင်းကို ၎ငွေ ၂,၀၀၀ ကျပ် အထိလျှော့ပြီး၊ ပစ္စည်းများကို လျှောက်ထားသူများသို့ ပြန်လည် ပေးအပ်ရန် အမိန့်ချမှတ်လေသည်။ ထိုအမိန့်ကို ဘဏ္ဍာဝေးနှင့် အခွန်တော်ဝန်ကြီးက ပြန်လည်သုံးသပ်ပြီးလျှင်၊ ဘဏ္ဍာတော် မင်းကြီး၏ အမိန့်ကို ပယ်ဖျက်၍၊ အကောက်တော်မင်းကြီး၏ အမိန့်ကို အတည်ပြုလေသည်။

ကုန်ပစ္စည်းများကို နှစ်ကြိမ်မှာယူ တင်သွင်းသည်ဖြစ်၍၊ အမှုနှစ်ရပ် ဖွင့်ပြီး စစ်ဆေးဆုံးဖြတ်ခဲ့သော်လည်း၊ အမှုအဖြစ် အပျက်များမှာ ထပ်တူ ထပ်မျှကဲ့သို့ ဖြစ်သဖြင့်၊ သက်ဆိုင်ရာ အာဏာပိုင်များက အမိန့်တံခွတည်းဖြင့်သာ အမိန့်အသီးသီးချမှတ်ခဲ့ကြလေသည်။ ဤမှုတော်၌လည်း အမှုနှစ်မှုကို တကြိမ်တည်း လျှောက်လဲခဲ့ရာ၊ ဤအမိန့်တရုပ်တည်းဖြင့်ပင် နှစ်မှုစလုံးကို ဆုံးဖြတ်မည်ဖြစ်သည်။

အမှုများတွင် ပေါ်လွင်သည့် အကြောင်းခြင်းရာများအရ ဆိုလျှင်၊ လျှောက်ထားသူများသည်၊ အာဂျာဝါး(လ်)ထရေဒင် ကော်ပိုရေးရှင်းမှ၊ ဂေါရာဇင်း ဘယဆေးများမှာယူ တင်သွင်းရာ၌၊ ပစ္စည်းများ ရန်ကုန်မြို့သို့ ရောက်ရှိလာ၍၊ အကောက်တော်ဌာနမှ ခါတုဗေဒနည်းဖြင့် ခါတ်ခဲ့ စမ်းသပ်ကြည့်သောအခါ၊ ဂေါရာဇင်း မဟုတ်ဘဲ၊ မြေဖြူခဲများဖြစ်ဒုသည်ကို မတွေ့ရှိရလေသည်။ ကုန်ပစ္စည်းတင်ပို့သူများနှင့် လျှောက်ထားသူတို့မှာမသောဒုနည်းဖြင့် နိုင်ငံခြားငွေကို မြန်မာပြည်မှ ပြည်ပသို့ ပို့ရန် ပူးပေါင်း ကြံစည်အားထုတ်ကြောင်းနှင့် စပ်လျဉ်း၍ကား၊ ဤအမှုများတွင် သက်သေ အထောက်အထားစိုးစဉ်းမျှ မရှိချေ။ ယင်းသို့ အထောက် အထား လုံးဝမတွေ့ရှိသဖြင့်လည်း၊

ဘဏ္ဍာတော် မင်းကြီး၏ အမိန့်ကို ပယ်ဖျက်ခြင်း

သဿဝတီ ကုမ္ပဏီလိမိတက် နှင့် ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီး ရန်ကုန်မြို့ ပါ ၃။

၁၉၅၉

သလွာဝတီ
ကုမ္ပဏီလီမိတက်
နှင့်
ဘဏ္ဍာရေးနှင့်
အခွန်တော် ဝန်
ကြီး ရန်ကုန်မြို့
ပါ ၃။

ဘဏ္ဍာတော် မင်းကြီးက လျှောက်ထားသူများသည်၊ နိုင်ငံခြားမှ ကုန်ပစ္စည်း တင်ပို့ ရောင်းချ သူများကသာ နမူနာမှန်များဖြင့် မတရား လိမ်လည် လှည့်ပတ်ကာ၊ ဆေး အတုများကို ပေးပို့ကြောင်း ပေါ် လွင်နေသည်ဟု ယူဆလေသည်။

ထို့ပြင်လည်း၊ အခင်းဖြစ် ကုန်ပစ္စည်းများနှင့် ပတ်သက်၍၊ အကောက်တော်ဌာနမှ အရေးယူသည်နှင့် တပြိုင်နက်၊ လျှောက်ထားသူများသည်၊ အာဂျာဝါး(လ်)ထရေဒင် ကော်ပိုရေးရှင်းသို့ ကိုယ်တိုင်ငင်း၊ ရွှေနေမှတဆင့်ငင်း စာများရေးပြီး၊ ပြန်စာမရသော အခါ၊ ကာလကတ္တားမြို့သို့ မန်နေဂျင်း ဒါရိုက်တာ ဦးစိုးဝင်း လိုက်သွားပြီး၊ မြန်မာ ကောင်စစ်ဝန် ဦးတင်မောင် ထံ အကူအညီ တောင်းလေသည်။ ဦးတင်မောင် က ဦးစိုးဝင်းနှင့် အာဂျာဝါး(လ်)ထရေဒင် ကော်ပိုရေးရှင်းကိုယ်စားလှယ်တွေ့ဆုံပေးသည့် အခါ၌၊ ယင်း ကိုယ်စားလှယ်က မိမိတို့ ဂေါဏ်းဦး အစစ်အမှန်ပေးပို့လိုက်ကြောင်း ပြောဆိုပြီး၊ အထောက်အထား အဖြစ်ဖြင့်၊ ကာလကတ္တားမြို့၊ ခါတ်ခဲ့ခန်းတခုမှငင်း တို့ပေးအပ်သော နမူနာမှာဂေါဏ်းအစစ်ဖြစ်ကြောင်း ထောက်ခံသည့် လက်မှတ် တင်ပြလေသည်။ သို့သော်လည်း၊ ဦးတင်မောင်က ဂေါဏ်းအစစ်ကို ရှာယူစေပြီး ဦးစိုးဝင်း ယူဆောင်လာသော ဂေါဏ်းဆိုသည့် ပစ္စည်းနှင့် ယှဉ်ပြိုင်ကြည့်ရာ၊ သိသိ သာသာ ကွာခြားနေကြောင်း တွေ့ရှိရလေသည်။

အထက်ဖော်ပြပါ အကြောင်း ခြင်းရာများကို ထောက်သော် လျှောက်ထားသူ များသည်၊ နိုင်ငံခြားမှ ကုန်တင်ပို့သူများ မတရား လိမ်လည်သည်ကို ခံရသူများသော် လည်း ဖြစ်နိုင်သည်။ နိုင်ငံခြားသားများနှင့် ပူးပေါင်း ကြံစည်ပြီး၊ မြန်မာပြည်မှ နိုင်ငံ ခြားငွေထုတ်ရန် စိုးပြင်းသူများသော်လည်း ဖြစ်နိုင်သည်။ သို့ရာတွင် နိုင်ငံခြားငွေ ကြီးကြပ်ရေး ဥပဒေအရ၊ အရေးမယူခဲ့ပေ။ ဤအမှုများတွင် ပေါ် လွင်သည့် အခြေ အနေအရဆိုလျှင်၊ ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (ဂ) (၃) အရ ဖြစ်စေ၊ ဝင်ကုန်ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၃(၂)အရဖြစ်စေ၊ မည်သည့် နည်းနှင့်မျှ မသက်ဆိုင်သဖြင့်၊ အရေးမယူနိုင်ကြောင်း တွေ့ရှိရလေသည်။

ထို့ကြောင့် အကောက်တော်မင်းကြီး၏ အမိန့်ကိုငင်း၊ ဘဏ္ဍာတော်မင်းကြီး၏ အမိန့်ကိုငင်း၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး၏ အမိန့်ကိုငင်း၊ အမှုခေါ် စာချွန် တော် အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။ ။

တရားလွှတ်တော်ချုပ်။

ဦးကံဆင့် ပါ ၆ (လျှောက်ထားသူများ)

နှင့်

ဦးဇာဂရ ပါ ၇ (လျှောက်ထားခံရသူများ)*

†ဘဏ္ဍာ စက်ဘာဘ်ာဝ၊ ၄ ရက်။

မှတ်ုတင် ဥပဒေနှင့် မညီသည့် လှုပ်ဒါန်းခြင်း၊ ဝိနိစ္ဆယဌာန၏ စီရင်ပိုင်ခွင့်နယ်နိမိတ်အတွင်း မကျရောက်။ ဝိနိစ္ဆယဌာနက လိုက်နာကိုးကားကျင့်သုံးရမည့်ဥပဒေ။ တရားမမျှတမှုတွင်တရားမစွဲနိုင်သည့် အမှုမျိုးကို ဝိနိစ္ဆယဌာနများက လက်ခံခြင်းမပြုနိုင်။ စီရင်ပိုင်ခွင့် အာဏာမရှိဘဲ ချမှတ်ထားသော အမိန့်စီရင်ချက်များ အချည်းနှီးဖြစ်ခြင်း။ ဤရုံးတော်၏တာဝန်။ ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၇ (၂) ၏ ပြဋ္ဌာန်းချက်။ ပုဒ်မခွဲ (၃) တာဝန်ခံဆရာတော်တို့၏ ဝတ္ထရာများ အယူခံလွှာကို ပယ်ခြင်း ကိစ္စနှင့် ပယ်နိုင်သည့် အာဏာ တာဝန်ခံဆရာတော်တို့၌မရှိ။

ဆုံးဖြတ်ချက်။ ။မလွှမပြောင်းနိုင်သည့် ပစ္စည်းကို လှုပ်ဒါန်းသည်ဟု ဆိုရာ၌၊ မှတ်ပုံတင် အက်ဥပဒေအရ ရေစစ်တြိုင်းတွင် မှတ်ပုံတင်သည့် စာချုပ် စာတမ်းသော်၎င်း၊ ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၃၁ အရ သက်ဆိုင်ရာ ဝိနိစ္ဆယဌာနတွင် မှတ်ပုံတင်သည့် စာချုပ်စာတမ်းသော်၎င်း မရှိလျှင် ထိုသို့လှုပ်ဒါန်းခြင်းသည် အရာမရောက်သည့်ပြင် ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၃၀ အရ ဝိနိစ္ဆယဌာနများက လက်ခံစစ်ဆေး ကြားနာစီရင်ပိုင်ခွင့်အာဏာနယ်နိမိတ်အတွင်း ကျရောက်သည့် အမှုမျိုးမဟုတ်။

ဒေါ်အိ ပါ ၆ နှင့် ပြည်မြို့နယ်ဝိနိစ္ဆယဌာန ပါ ၄ [1958 B.L.R. (S.C.) 187]။

ဦးသုန္ဒရ ပါ ၂ နှင့် နိုင်ငံတော်ဝိနိစ္ဆယဌာန၊ မန္တလေးမြို့ ပါ ၂၊ ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖဲ့ လျှောက်လွှာ အမှတ် ၃ ကို ရည်ညွှန်းသည်။

ဝိနိစ္ဆယဌာနအက်ဥပဒေပုဒ်မ ၁၅ အရ၊ ဝိနိစ္ဆယဌာနများကလိုက်နာကိုးကားရမည်မှာ၊ ဝိနည်းတော်သာလျှင်ဖြစ်သည်။ ကျင့်သုံးရမည့် ကျင့်ထုံးဥပဒေမှာ၊ ဝိနိစ္ဆယဌာနအက်ဥပဒေနှင့် ထိုအက်ဥပဒေအရပြုထားသည့် နည်းဥပဒေများဖြစ်သည်။ ဝိနိစ္ဆယဌာနအက်ဥပဒေပုဒ်မ ၃၀ နှင့် ၃၁ ကို ထောက်ထား၍၊ ယခုတည်ဆဲဥပဒေအရမှာ၊ မှတ်ပုံတင်ဥပဒေပါပြဋ္ဌာန်းချက်တခုခုကြောင့်တရားမဆွဲများတွင် တရားစွဲဆိုခြင်း၊ လက်ခံခြင်းမပြုနိုင်သည့်လှုပ်ဒါန်းပြောင်းလဲပေးကမ်းမှုမျိုးကို ဝိနိစ္ဆယဌာနများက (ဝိနည်းတော်အရမည်သို့ပင် ယူဆစေနိုင်ကာမူ) အတည်ပြုခြင်း၊ လက်ခံခြင်း မပြုနိုင်ချေ။

စီရင်ပိုင်ခွင့် အာဏာမရှိဘဲ ချမှတ်ထားသည့် စီရင်ချက် အမိန့်များသည်၊ မူလကပင် အရာရောက်ခြင်း၊ အာဏာတည်ခြင်း မရှိသောကြောင့်၊ ထိုစီရင်ချက် အမိန့်စသည်များသည် အချည်းနှီးသာဖြစ်သည်ဟုဆိုရပေမည်။ ထိုကဲ့သို့သော အမိန့်များကို အကျိုးထိခိုက်ခြင်း ခံရသူများက ပယ်ဖြေ

---

* ၁၉၅၈ ခုနှစ်၊ တရားမအသေးအဖဲ့ လျှောက်လွှာအမှတ် ၁၄၅။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးချန်ထွန်း၊ နိုင်ငံတော် တရားဝန်ကြီး ဦးဘိုကြီးတို့ ရွှေမှောက်တွင် တရားဝန်ကြီး ဦးချန်ထွန်း အမိန့်ချမှတ်သည်။

၁၉၅၉

ဦးကံဆင့် ပါ ၆ နှင့် ဦးဇာဂရ ပါ ၇။

ငြိမ်ခံနေခဲ့ခြင်းမရှိလျှင်သော်၎င်း၊ အရေးယူ ဆောင်ရွက်ရန် အလွန်အမင်း ပေါ့လျော့ပျက်ကွက်ခြင်း မရှိလျှင်သော်၎င်း ဤရုံးတော်က ဝင်ရောက် စွက်ဖက်၍ ပယ်ဖျက်ရမည်ဖြစ်သည်။

ယခုအမှုတွင် လျှောက်ထားသူများသည်၊ အယူခံဝင်ရန် အလွန်အမင်း ပေါ့လျော့ပျက်ကွက်ခြင်း ရှိသည်ဟူ၍ခြင်း၊ သဘောတူ၍ ငြိမ်ခံနေခဲ့ခြင်းရှိသည်ဟူ၍ခြင်း ယူဆနိုင်ရန် အကြောင်းမရှိသဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်စေကာမူ၊ ဤရုံးတော်က အရေးယူ ဆောင်ရွက်ရမည်။

တာဝန်ခံ ဆရာတော်မှာ ပုဒ်မ ၇ (၂) အရ၊ "အဓိကရုဏ်းမှုများ ကြားနာစစ်ဆေးစီရင် ဆုံးဖြတ်သော ဝိနည်းဓိုရ်ဆရာတော်များ မဖြစ်စေရ" ဟု အတိအလင်း ပြဋ္ဌာန်းထားသောကြောင့် တကြောင်း၊ ပုဒ်မခွဲ (၃) တွင် အသေးစိတ် ဖေါ်ပြထားသောတာဝန်ခံ ဆရာတော်များ၏ တာဝန်ဝတ္တရားများတွင် ဤကဲ့သို့ အယူခံလွှာကို ပယ်ချနိုင်သော အာဏာမပါရှိသောကြောင့် တကြောင်း၊ ဤကဲ့သို့ အယူခံလွှာ တခုခုကို အပြီးအပြတ် ပယ်ချနိုင်သော အာဏာမရှိဟု ယူဆရမည်ဖြစ်သည်။ အယူခံလွှာ တခုခုကို ပယ်လိုက်ခြင်းသည်၊ အယူခံမှုကို အရှုံးပေးလိုက်သည့် သဘောသို့ သက်ရောက်သည်။ ထိုကဲ့သို့ ပြုလုပ်ရန် အာဏာမှာ ဝိနည်းဓိုရ်ဆရာတော်များကသာလျှင် ကြားနာပြီးမှ အသုံးပြုရမည့် စီရင်ဆုံးဖြတ်နိုင်သော အာဏာဖြစ်သည်။ တာဝန်ခံဆရာတော်များက ဆောင်ရွက်နိုင်သော ကိစ္စမျိုးမဟုတ်ချေ။

လျှောက်ထားသူများအတွက်။ ။လွှတ်တော်ရှေ့နေကြီး ဦးအေးမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်။ ။လွှတ်တော်ရှေ့နေကြီး ဦးဗမျိမ်း လိုက်ပါဆောင်ရွက်၍

လျှောက်ထားခံရသူ အမှတ် (၇) နှင့် အမှတ် (၈) တို့အတွက်။ ။အစိုးရ ရှေ့နေကြီးဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

ဦးချုန်ထွန်း။ ။အမှုတွင် သက်ဆိုင်သည့် အခင်းဖြစ် ပစ္စည်းမှာ ရေနံချောင်းမြို့နယ်၊ ကုန်းသောင် အရှေ့ကွင်းဧရိယာ ၄ ကေ ဒဿမ ၄၀ ရှိ ကိုင်းမြေဖြစ်သည်။ ထိုမြေမှာ လျှောက်ထားသူ ဦးကံဆင့်တို့က မိဘများထံမှ အမွေဆက်ခံ ပိုင်ဆိုင်သည့်မြေဖြစ်သည်။ ထိုကိုင်းမြေကို လျှောက်ထားသူ အမှတ် ၄၊ ဒေါ်စိန်ဥနှင့် ၎င်း၏ ခင်ပွန်းတို့က ကိုင်းလုပ်ကိုင်နေစဉ် ၁၉၅၇ ခု၊ ဖေဖော်ဝါရီလ ၁၆ ရက် နေ့တွင် မောင်သောင်းညွှန့် ဆိုသူနှင့် အပေါင်းပါ ၅ ဦးတို့က ဒေါ်စိန်ဥတို့ပိုင်ပဲများကို ဝင်ရောက် သိမ်းယူပြီးလျှင်၊ ပဲခင်းအချို့ကို ကိုယျက်ဆီး ပစ်သောကြောင့် ထိခဝတ်ကြောင်းဖြင့်တရားစွဲဆိုရာ၊ ရေနံချောင်းမြို့ စတုတ္ထရာဘက်ထရိတ် တရားသူကြီးက တရားခံများကို အသီးသီး အပြစ်ပေးလိုက်လေသည်။ ထိုအမှုတွင် စုဒ္ဓိတက အမှတ် ၁၊ ဦးဇာဂရက အဆို ပါ ကိုင်းမြေကို ယခုလျှောက်ထားသူအမွေဆိုင် အားလုံးတို့က မိမိအား ဆွမ်းကွမ်းမြေအဖြစ်ဖြင့် လှူဒါန်းကြောင်း သက်သေခံသေးသည်။ ၁၉၅၇ ခု၊ ဖေဖော်ဝါရီလ

၂၀ ရက်နေ့တွင် ဦးဇာဂရသည် ရေနံချောင်းမြို့နယ်ယာယီဝိနိစ္ဆယဌာနတွင်အဆိုပါကိုင်းမြေသည် မိမိအားလျှဒါန်းပြီးဖြစ်သော မိမိ၏ ပုဂ္ဂလိကပိုင်ဟုဆိုကာ လက်ရောက်ရလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။ ၁၉၅၇ ခု၊ ဩဂုတ်လ ၁၀ ရက် နေ့တွင် မြို့နယ်ဝိနိစ္ဆယဌာနကအခင်းဖြစ် ကိုင်းမြေသည် ဦးဇာဂရအား လှူဒါန်းခြင်းပြီးမြောက်ခဲ့၍၊ ဦးဇာဂရပိုင် မြေဖြစ်ကြောင်းဖြင့် စီရင်ချက်ချမှတ်လေသည်။ ၁၉၅၈ ခု၊ဇွန်လ ၂၂ ရက် နေ့တွင် ရေနံချောင်းမြို့နယ် ယာယီ ဝိနိစ္ဆယဌာနက ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၂၄ အရ၊ ဇာရီပြုလုပ်ပေးရန် ရေနံချောင်းမြို့နယ် တရားမတရားသူကြီးရုံးတော်သို့ ပေးပို့ခဲ့လေသည်။ ၁၉၅၈ခု၊ စက်တင်ဘာလ ၁၃ ရက် နေ့တွင် ဦးကံဆင့် နှင့် ညီအစ်ကို မောင်နှစ်များက နိုင်ငံတော် ဝိနိစ္ဆယဌာန (မန္တလေးမြို့) သို့အယူခံလွှာတင်သွင်းလေသည်။ ၁၉၅၈ ခု၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင်နိုင်ငံတော် ဝိနိစ္ဆယဌာနတာဝန်ခံ ဆရာတော်က ယာယီ ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၉ အရ၊ စောဒနာဝင်ရန် ရက်ကုန်ဆုံးနေပြီးဖြစ်၍ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်းဖြင့် ပြဆိုပြီးလျှင်၊ အယူခံလွှာကို ပယ်ခဲ့လေသည်။ဦးကံဆင့်နှင့် ညီအစ်ကိုမောင်နှစ်မ များက၊ ရေနံချောင်းမြို့၊ ယာယီဝိနိစ္ဆယဌာနနှင့် နိုင်ငံတော် ဝိနိစ္ဆယဌာန (မန္တလေး) တို့၏ စီရင်ချက်များကို ပယ်ဖျက်ပေးပါရန်၊ ဤရုံးတော်သို့လာရောက် ကြခြင်းဖြစ်သည်။ လျှောက်ထားသူများက အဓိက အားဖြင့် ပြဆိုသော အချက်များမှာ—

1959

ဦးကံဆင့် ဟိ ၆ နှင့် ဦးဇာဂရ ဟိ ၇။

(၁) စုဒိတက ဦးဇာဂရက မိမိအား အဆိုပါ ကိုင်းမြေကို လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင် အက်ဥပဒေအရ မှတ်ပုံတင်ရုံးတွင် ရေစစ်တြီ မှတ်ပုံတင် ပြုလုပ်ထားသည့် အလှူစာချုပ် စာတမ်းကိုငင်း၊ ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၃၁ အရ သက်ဆိုင်ရာ ဝိနိစ္ဆယဌာနတွင် မှတ်ပုံတင်ထားသည့် စာချုပ် စာတမ်းကိုငင်း လုံးဝ မတင်ပြနိုင်ခဲ့ခြင်း၊ အမှန်မှာ ဦးဇာဂရက ၎င်းအား စာချုပ်စာတမ်း လုံးဝမရှိဘဲ လှူဒါန်းခြင်းသာဖြစ်သည်ဟု ပြဆိုခဲ့ခြင်းတို့ကြောင့် ဝိနိစ္ဆယဌာနများတွင် ပုဒ်မ ၃၀ အရ၊ စီရင်ပိုင်ခွင့် အာဏာမရှိသဖြင့် ထိုဌာနများမှ ချမှတ်သော စီရင်ချက်များသည် အထုမထောက်ဘဲ မူလကပင် ပျက်ပြယ်လျက် ရှိသည်ဟု ယူဆသင့်ခြင်း။

(၂) ရေနံချောင်းမြို့နယ်၊ ယာယီဝိနိစ္ဆယဌာနက စီရင်ချက် ချမှတ်သည်ကို၎င်း ယခုလျှောက်ထားသူများက လုံးဝမသိရှိခဲ့ရဘဲ၊ ဇာရီမူပြုလုပ်မှုသာလျှင်၊ ပဌမဆုံး စတင် သိရှိရသည်တကြောင်း၊ မိမိတို့မှာ မမာမကျန်းရှိနေသည်တကြောင်းတို့ကြောင့်ကာလစည်းကမ်းသတ်ဥပဒေနှင့်အကျုံးမဝင်စေသင့်ခြင်း၊မည်သို့ပင်ဖြစ်စေ စီရင်ချက်များသည် ဥပဒေအာဏာ

၁၉၅၉

ဦးကံဆင့် ပါ ၆ နှင့် ဦးဇာဂရ ပါ ၇။

တည်သော စီရင်ချက်များ မဟုတ်သဖြင့် ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်ရန်အကြောင်းမရှိခြင်း။

(၃) ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၇ အရ၊ နိုင်ငံတော် ဝိနိစ္ဆယဌာန (မန္တလေးမြို့) တာဝန်ခံ ဆရာတော်သည် အဆိုပါ ရုံးသို့ တင်သွင်းသည့် အယူခံကို ပယ်ချနိုင်ခွင့် အာဏာ လုံးဝမရှိဘဲ ပယ်ချလိုက်ခြင်းဖြင့်၊ မိမိ၌ မရှိသည့် အာဏာကို သုံးစွဲရာ ရောက်ခဲ့ခြင်း။

စုဒိတက ဦးဇာဂရ က မိမိအား အမွေဆိုင်များက ရေစစ်တြိရုံးတွင်မှတ်ပုံတင်သည့် အလှူ စာချုပ် စာတမ်းဖြင့်ငင်း၊ ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၃၁ အရ၊ ရေနံချောင်းမြို့နယ် ဝိနိစ္ဆယဌာနတွင် မှတ်ပုံတင်သည့်၊ စာချုပ် စာတမ်းဖြင့်ငင်း လှူဒါန်းခဲ့သည်ဟု ပြောဆိုခြင်းအလျဉ်းမရှိသည့် အပြင် စာချုပ် စာတမ်းကိုလည်း တင်ပြနိုင်ခဲ့ခြင်းမရှိချေ။ မင်္ဂလာပြောင်းနိုင်သည့် ပစ္စည်းကို လှူဒါန်းသည်ဟု ဆိုရာ၌ မှတ်ပုံတင် အက်ဥပဒေအရ ရေစစ်တြိရုံးတွင် မှတ်ပုံတင်သည့် စာချုပ် စာတမ်းသော်ငင်း ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၃၁ အရ သက်ဆိုင်ရာ ဝိနိစ္ဆယဌာနတွင် မှတ်ပုံတင်သည့် စာချုပ် စာတမ်းသော်ငင်း မရှိလျှင်၊ ထိုသို့ လှူဒါန်းခြင်းသည် အရာမရောက်သည့်ပြင် ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၃၀ အရ ဝိနိစ္ဆယဌာနများက လက်ခံ စစ်ဆေး ကြားနာစီရင်ပိုင်ခွင့် ရှိသည့် အာဏာနယ်နိမိတ်အတွင်း ကျရောက်သည့် အမှုမျိုး မဟုတ်ကြောင်းကို ဤရုံးတော်က (၁) ဒေါ်အိ ပါ ၆ နှင့် ပြည်မြို့ မြို့နယ်ဝိနိစ္ဆယဌာန ပါ ၄ တို့ပြင်၊ (၂) ဦးသုန္ဒရ ပါ ၂ နှင့် နိုင်ငံတော် ဝိနိစ္ဆယဌာန မန္တလေးမြို့ ပါ ၂ တို့တွင် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။.

ကာလစည်းကမ်းသတ် အက်ဥပဒေအရ သတ်မှတ်ထားသည့် ကာလအပိုင်း အခြားကျော်လွန်ပြီးသည့် အကြောင်းကြောင့်ဖြစ်စေ၊ မှတ်ပုံတင် အက်ဥပဒေပါ ပြဋ္ဌာန်းချက် တခုခုကြောင့်ဖြစ်စေ တရားမရုံးမျှား၌ တရားစွဲဆိုခြင်း မပြုနိုင်သည့် ဝိနည်းဓမ္မခန်း အဓိကရဏ်းမှုမျှားကို ဝိနိစ္ဆယဌာနများ၏ စီရင်ပိုင်ခွင့် နယ်နိမိတ်အတွင်းမှ ထုတ်ပယ်ထားခြင်း၏ အကြောင်းရင်းကို သိရှိနိုင်ရန်မှာ ခဲယဉ်းမည်မဟုတ်ဟု ယူဆရပေမည်။ ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၁၅ တွင် ဝိနိစ္ဆယဌာနများက လုံလောက်နာကိုးကားရမည်မှာ ဝိနည်းတော်သာလျှင် ဖြစ်သည်။ ကျင့်သုံးရမည့် ကျင့်ထုံးဥပဒေမှာ ဝိနိစ္ဆယဌာန အက်ဥပဒေနှင့် ထိုအက်ဥပဒေအရ ပြုထုံးစံသည့် နည်းဥပဒေများဖြစ်သည်။ ထို့ကြောင့် ကာလစည်းကမ်းသတ် အက်ဥပဒေနှင့် မှတ်ပုံတင် အက်ဥပဒေဆိုင်ရာ ဥပဒေရပ်များကို ဝိနိစ္ဆယဌာနများ၏စီရင်ပိုင်ခွင့် အာဏာ နယ်နိမိတ်မှ ထုတ်ပယ်ထားခြင်းဖြစ်ဟန်ရှိ၏။

(၁) ၁၉၅၈ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၆၁။

(၂) ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၃ ကြည့်ပါ။

ဒဏ္ဍာရီ

ဦးကံဆင့် ပါ ၆ နှင့် ဦးဇာရီ ပါ ၇။

ထို့ကြောင့် ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၃၀ နှင့် ၃၁ ကို ထောက်ထား၍ ယခုတည်ဆဲ ဥပဒေအရမှာ မှတ်ပုံတင် အက်ဥပဒေပါ ပြဋ္ဌာန်းချက် တခုခုကြောင့် တရားမရုံးများတွင် တရားစွဲဆိုခြင်း လက်ခံခြင်း မပြုနိုင်သည့် လှုံ့ဒါန်းပြောင်းလဲပေးကမ်းမှု မျိုးကို၊ ဝိနိစ္ဆယဌာနမှူးက (ဝိနည်းတော်အရ မည်သို့ပင် ယူဆနိုင်စေကာမူ) အတည်ပြုခြင်း၊ လက်ခံခြင်း မပြုနိုင်ချေ။ ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၃၀ နှင့် ၃၁ တို့ကိုပြုပြင် ပြောင်းလဲခြင်း မပြုသေးသမျှ ကာလပတ်လုံး၊ ဤအတိုင်းပင် ဤရုံးတော်က လိုက်နာ ဆုံးဖြတ်ရမည်ဖြစ်သည်။

နိုင်ငံတော် ဝိနိစ္ဆယဌာနသို့ လျှောက်ထားသူများက အယူခံဝင်ခြင်းမှာ ကာလ စည်းကမ်းသတ်ကျော်လွန်နေသည့် ကိစ္စနှင့် စပ်လျဉ်း၍ ဦးကံဆင့်တို့က မိမိတို့သည် မြို့နယ် ယာယီဝိနိစ္ဆယဌာနကစီရင်ချက်ချမှတ်သည်ကို မသိရကြောင်း၊ ဇာရီပြုလုပ်မှုသာ သိရကြောင်း ကျမ်းကျိန်ချက် ပြုလုပ်၍ ဤရုံးတော်တွင် အခိုင်အမာ ပြောဆိုကြသည်။ မူလကပင် ၎င်းကိုင်းမြေနှင့် စပ်လျဉ်း၍ ထုဇဝတ်မှု ပြုလုပ်ခြင်း၊ ယာယီမြို့နယ် ဝိနိစ္ဆယဌာနတွင် ခုခံခဲ့ခြင်းစသည်တို့ကို ထောက်ထားလျှင် တနှစ်ခန့်မျှ မိမိတို့အား အရှုံးပေးထားသည့် ထိုစီရင်ချက်ကို သိလျက်နှင့် အရေးမယူဘဲ လျစ်လျူရှုထွဋ် နေခဲ့သည်ဟု ယူဆရန် ခဲယဉ်းသည်။ ထို့ကြောင့် ဇာရီမှုပြုလုပ်၍ မိမိတို့အား နှင်ထုတ်ရန် မြို့နယ်တရားမ တရားရုံးက ဆင့်စာရသည့်အခါမှသာလျှင် မိမိတို့အားအရှုံး ပေးလျက် စီရင်ချက် ချထားသည်ကို သိရပါသည်ဟု ဆိုခြင်းမှာ ယုံကြည်ဘွယ်ရာ ရှိသည်။ ထို့ပြင် ဦးကံဆင့်တို့အား ဝိနိစ္ဆယဌာနက စစ်ဆေးသောအခါတွင် အခင်း ဖြစ် ကိုင်းမြေနှင့် စပ်လျဉ်း၍ ထုဇဝတ် ရုံးတွင် စစ်ဆေးဆဲ ထုဇဝတ်မှု ရှိနေသောကြောင့် ဝိနိစ္ဆယဌာနက တစုံတရာ အရေးယူဆုံးဖြတ် စီရင်ခြင်းမပြုသေးကြောင်းဖြင့် ၎င်းတို့က ကန့်ကွက်လျှောက်ထားသောကြောင့် ဝိနိစ္ဆယဌာနက ဆက်လက် အရေးယူသောအခါ မိမိတို့အား အကြောင်းကြားလိမ့်ဦးမည်ဟု ယုံကြည်လျက်ရှိခဲ့ကြောင်းဖြင့်၊ ဦးကံဆင့်တို့က ဤရုံးတော်တွင် ကျမ်းကျိန် ချက်တင်သွင်း ဖော်ပြထားသေးသည်။ မည်သို့ပင်ဖြစ်စေ ဤရုံးတော်သို့ ယခု လျှောက်ထားခြင်းမှာ အခြေခံ ဥပဒေပုဒ်မ ၂၅ အရ အမှုခေါ် စာချွန်တော် အမိန့်အတွက် လျှောက်ထားခြင်း ဖြစ်သည်။ စီရင်ပိုင်ခွင့် အာဏာ မရှိဘဲ ချမှတ်ထားသည့် စီရင်ချက် အမိန့်များသည် မူလကပင် အရာရောက်ခြင်း၊ အာဏာတည်ခြင်းမရှိသောကြောင့် ထိုစီရင်ချက်အမိန့်စသည်များသည် အချုပ်နှီးနှောဖြစ်သည်ဟု ယူဆရပေမည်။ ထိုကဲ့သို့သော အမိန့်များကို အကျိုးထိခိုက်ခြင်း ခံရသူများက ကြေနပ်၍ ငြိမ်ခံနေခဲ့ခြင်း မရှိလျှင်သော်ငင်း၊ အရေးယူ ဆောင်ရွက်ရန် အလွန်အမင်း ပေါ့လျော့ ပျက်ကွက်ခြင်း မရှိလျှင်သော်ငင်း ဤရုံးတော်က ဝင်ရောက်စွက်ဖက်၍ ပယ်ဖျက်ရမည် ဖြစ်သည်။

၁၉၅၉

ဦးကံဆင့် ပါ ၆ နှင့် ဦးဘဂရ ပါ ၇။

ယခုအမှုတွင် လျှောက်ထားသူများသည် အယူခံ ဝင်ရန် အလွန်အမင်း ပေါ့လျော့ပျက်ကွက်ခြင်း ရှိသည်ဟူ၍ငင်း။ သဘောတူ၍ ငြိမ်ခံနေခဲ့ခြင်း ရှိသည်ဟူ၍ငင်းယူဆနိုင်ရန် အကြောင်းမရှိသဖြင့် ကာလစည်းကမ်းသတ် ကျော်လွန်စေကာမူ ဤရုံးတော်က အရေးယူ ဆောင်ရွက်ရမည်ဖြစ်သည်။

လျှောက်ထားသူများက နိုင်ငံတော် ဝိနိစ္ဆယဌာန (မန္တလေးမြို့) သို့ ၁၉၅၈ ခု၊ စက်တင်ဘာလ ၁၃ ရက် နေ့တွင် တင်သွင်းသည့်အယူခံတွင် ၁၉၅၈ ခု၊ စက်တင်ဘာလ ၁၅ ရက်နေ့၌ တာဝန်ခံဆရာတော်က အမိန့်ချမှတ်၍ ထိုအယူခံကို ပယ်လိုက်ခြင်းမှာ ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၇ အရ၊ တာဝန်ခံ ဆရာတော်အား ပေးအပ်ထားသော တာဝန်ဝတ္တရားနှင့် ဆန့်ကျင်ပါသည်ဟု လျှောက်ထား သူများက၊ ဤရုံးတော်တွင် ပြောဆိုကြသည်။ တာဝန်ခံ ဆရာတော်မှာ ပုဒ်မ ၇ (၂) အရ၊ "အဓိကရုဏ်းမှုများကြားနာစစ်ဆေး စီရင် ဆုံးဖြတ်သော ဝိနည်းဓိရ ဆရာတော်များ မဖြစ်စေရ" ဟု အတိ အလင်း ပြဋ္ဌာန်းထားသောကြောင့် တကြောင်း၊ ပုဒ်မခွဲ (၃) တွင် အသေးစိတ် ဖေါ်ပြထားသော တာဝန်ခံ ဆရာတော်များ၏ တာဝန်ဝတ္တရားများတွင် ဤကဲ့သို့ အယူခံလွှာကို ပယ်ချနိုင်သော အာဏာ မပါရှိသောကြောင့် တကြောင်း၊ ဤကဲ့သို့ အယူခံလွှာ တခုခုကို အပြီးအပြတ် ပယ်ချနိုင်သော အာဏာမရှိဟု ယူဆရမည်ဖြစ်သည်။ အယူခံလွှာ တခုခုကို ပယ်လိုက်ခြင်းသည် အယူခံမှုကို အရှုံးပေးလိုက်သည့် သဘောသို့ သက်ရောက်သည်။ ထိုကဲ့သို့ ပြုလုပ်ရန် အာဏာမှာ ဝိနည်းဓိရ ဆရာတော်များကသာလျှင် ကြားနာပြီးမှ အသုံးပြုရမည် စီရင်ဆုံးဖြတ်နိုင်သော အာဏာဖြစ်သည်။ တာဝန်ခံဆရာတော်များကဆောင်ရွက်နိုင်သောကိစ္စမျိုးမဟုတ်ခေ။

အထက်ပါ အကြောင်းများကြောင့်၊ ရေနံချောင်းမြို့ ယာယီ ဝိနိစ္ဆယဌာနက ၁၃၁၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက် (၁၉၅၈ ခု၊ ဩဂုတ်လ ၁၀ ရက်) နေ့တွင်ချမှတ်သည့် ဝိနိစ္ဆယအမိန့်ကိုငင်း၊ နိုင်ငံတော် ဝိနိစ္ဆယဌာန (မန္တလေးမြို့) တာဝန်ခံဆရာတော်က ၁၃၂၀ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက် (၁၉၅၈ ခု၊ စက်တင်ဘာလ ၁၅ ရက်) နေ့တွင် ချမှတ်သည့်အမိန့်ကိုငင်း ပယ်ဖျက်လိုက်သည်။

တရားလွှတ်တော်ချုပ်

ဦးကျော်သိန်း ပါ ၂ (အယူခံ တရားလိုများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ (အယူခံတရားခံ)*

† ၁၉၅၈ မတ်လ ၃၁ ရက်။

အဂတိ လိုက်စားမှု တားမြစ်ရေး အက်ဥပဒေ တည်မြဲခြင်း၊ ကျယ်ဝန်းခြင်း၊ ရှင်းလင်းချက် ကျယ်ဝန်းခြင်း၊ ''ပြုမှု'' နှင့် ''ပျက်ကွက်မှု'' တို့နှင့် သက်ဆိုင်သော ပစ္စည်း၊ ပြည်သူပိုင်ပစ္စည်း၊ နိုင်ငံပိုင်ပစ္စည်း၊ မခွဲခြားနိုင်ခြင်း၊ ထိန်းသိမ်း စောင့်ရှောက်သူ၊ အုပ်ထိန်းသူ (Custodian) အာဏာနှင့် ပစ္စည်း ခြားနားခြင်း ''ယုံမှတ်အပ်နှံ'' ဆိုသည့်စကား ''ဖေါက်လွဲ ဖေါက်ပြန်မှု'' ဆိုသည့်စကား၊ ''ပြည်သူ့ဝန်ထမ်း'' ဆိုသည့်စကား၊ ပုဒ်မ ၂၊ ရာဇသတ်ကြီး ပုဒ်မ ၂၁၊ အခန်း ၉၊ ပြည်သူ့ဝန်ထမ်းနှင့် ပတ်သက်သော အမှု ၂ မျိုး။

အဂတိ လိုက်စားမှုတားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၃ အရ၊ ရုံးတော်က ယူဆနိုင်ခွင့်၊ ပုဒ်မ ၄ (၁) အရ၊ ''အကျင့် ဖေါက်ပြန်မှု'' ပြုသင့်သည့် အမှု၊ မပြုသင့်သည့် အမှုဟု ညွှန်ကြားထားခြင်းမရှိ၊ ရုံးတော်များက ချိန်ဆ ဆုံးဖြတ်ရန်ကိစ္စ။

သတ္တုနှင့် သက်ဆိုင်သော အခွင့် အရေးပေးခြင်း (M.C.R.) နည်းဥပဒေ ပုဒ်မ ၃၄ (၁၁) မည်သည့်အမှုမျိုးနှင့်သာ သက်ဆိုင်ခြင်း၊ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၁၃၊ မည်သူ့ကိုသာ (P.L.) ပေးနိုင်ခြင်း၊ မည်သည့်အခါ (P.L.) ပေးခြင်းဖြင့် ဖေါက်လွဲ ဖေါက်ပြန်ပြုခြင်း၊ တရားရုံးများ၏တာဝန်၊ ပူးပေါင်းကြံစည်ခြင်း အောင်မြင်သည်နှင့် တပြိုင်နက် ပြစ်မှုကြီး ကျူးလွန်ရာ ရောက်ခြင်း၊ ရာဇသတ်ကြီးပုဒ်မ ၁၂၀ ကို မသုံးထိုက်၊ သို့သော် ကိုးကားရုံဖြင့် မှားယွင်းခြင်းမဟုတ်၊ ရာဇဝတ်မကင်း ကြံစည်မှု၊ တရားလိုဘက်က တာဝန် ရာဇသတ်ကြီး ပုဒ်မ ၁၀၇ (၂)။

အခြေခံ ဥပဒေပုဒ်မ ၆၃ (၂)၊ တားမြစ်ချက်၊ ဝန်ကြီးများ ဆုံးဖြတ်ချက်၊ တရားရုံးတော်က ချမှတ်သော စီရင်ချက်များနှင့် ခြားနားပုံ။

သက်သေခံ ဥပဒေ ပုဒ်မ ၁၂၁၊ ၁၂၄ လျှို့ဝှက်သော စာရွက် စာတမ်းများကို၊ မည်သည့်အခါ ရုံးတော်များက၊ ဘတ်ရှစ်ဆေးခြင်းမပြုပိုင်။

ဆုံးဖြတ်ချက်။ ။အဂတိ လိုက်စားမှု တားမြစ်ရေးအက်ဥပဒေသည် အခြေခံ ဥပဒေကို တစုံတရာမျှမထိခိုက် မဆန့်ကျင်သောကြောင့် တည်မြဲရ ပေမည်၊ သို့သော် ၎င်းအက်ဥပဒေမှာ ကျယ်ဝန်းပေသည်။

---

* ၁၉၅၆ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၁။

† နိုင်ငံခြားတရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးအောင်သာကျော်နှင့် တရားလွှတ်တော် တရားဝန်ကြီး ဦးဘညွှန့်တို့ ရှေ့မှောက်တွင် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း အမိန့် ချမှတ်သည်။

မှတ်ချက်။ ။ဤစီရင်ချက်ကို သက်ဆိုင်ရာ မြန်မာနိုင်ငံ စီရင်ထုံးတွင် ထည့်သွင်း ဖေါ်ပြခြင်း မပြုမီခဲ့သဖြင့် ယခုမှ ထည့်သွင်းဖေါ်ပြရခြင်း ဖြစ်ပါသည်။

၁၉၅၈

ဦးကျော်သိန်း
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်အစိုးရ။

ထိုရှင်းလင်းချက်သည်၊ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေ ပုဒ်မ ၄ (၁) (က) (ခ) နှင့် (ဂ) တွင် ထည့်သွင်းဘတ်ရန်မလို၊ ဘတ်၍လည်း မဖြစ်နိုင်၊ ရှင်းလင်းချက်ကို မထည့်သွင်းဘဲနှင့်ပင် ရှင်းလင်းပြီးသား ဖြစ်နေသည်၊ ရှင်းလင်းချက်တွင် ဖေါ်ပြထားသော ပြုမှုနှင့် ပျက်ကွက်မှုတို့မှာ ပုဒ်မ ၄ (၁) (ဃ) နောက်ဆုံးပိုင်းဖြစ်သော ယုံမှတ်အပ်နှံထားသည့် ပြည်သူ့ပိုင် ပစ္စည်းနှင့် သာသက်ဆိုင်ရပေမည်။

ငင်းအက်ဥပဒေတွင် ၁၉၅၁ ခုနှစ်တွင် အက်ဥပဒေအမှတ် ၁၆ အရ၊ ထည့်သွင်းထားသော ရှင်းလင်းချက်တွင် ဖေါ်ပြထားသည့် အကြောင်းအရာများမှာ၊ အလွန်ကျယ်ဝန်းသည်။

နိုင်ငံတော် အချုပ်အချာအာဏာသည် နိုင်ငံသားတို့အပေါ်တွင် တည်ရှိသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ "ပြည်သူပိုင်ပစ္စည်း" နှင့် "နိုင်ငံပိုင်ပစ္စည်း" ဟု ခွဲခြားဘို့ရန်မဖြစ်နိုင်၊ နိုင်ငံတော်ကို အုပ်ချုပ်ရာ၌ ပြည်သူပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက၊ ထိန်းသိမ်း စောင့်ရှောက်ရသည်၊ သတ္တုတွင်းဝန်ကြီးမှာ သတ္တုတွင်းများ၏ အုပ်ထိန်းသူ (Custodian) ဟု ယူဆရပမည်။

ပစ္စည်းတခုကို ပေးနိုင်ခြင်း၊ ဝေခွဲနိုင်ခြင်း၊ ငှါးရမ်းနိုင်ခြင်းအာဏာ (Power of Appointment) နှင့် "ပစ္စည်း" (Property) မှာ ခြားနားသည်။ [*Exparte Gilchrist, In Re Armstrong*, (1866) L.R. Q. B.D 521] စီရင်ထုံးကို လက်ခံသည်။

မြန်မာပြည် အဂတိ လိုက်စားမှုတားမြစ်ရေးအက်ဥပဒေတွင်ထည့်သွင်းထားသော ယုံမှတ်အပ်နှံသည်ဆိုသည့် စကားရပ်မှာ၊ ဥပဒေစကားရပ်သက်သက်မဟုတ် [*Lakeside* v. *Simmonds*, 1927 A.C. 487 ; *N. N. Burjorjee* v. *K.E.*, A.I.R. (1935) Ran. 453,] တို့ကိုရည်ညွှန်းသည်။

ဖေါက်လဲ့ ဖေါက်ပြန်မှု ဆိုသည်မှာ၊ ယုံမှတ်အပ်နှံထားသော ပစ္စည်းနှင့်သာ သက်ဆိုင်သည်၊ အခြားအကျင့် ဖေါက်ပြန်မှုများမှာ ရာဇသတ်ကြီးတွင် ပါပြီး အမှုများသာဖြစ်၍ အမှုသစ်မဟုတ်၊ အဂတိ လိုက်စားမှု တားမြစ်ရေး ဥပဒေမရှိလျှင်လည်း၊ ရာဇသတ်အတိုင်း စွဲဆိုနိုင်သည်။

"ပြည်သူ့ဝန်ထမ်း" ဆိုသည့်စကားရပ်ကို၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ ၌ အတော်ပင် အစုံအလင ရှင်းလင်း ဖေါ်ပြထားသည်၊ သို့သော် လွတ်လပ်သော မြန်မာပြည်၏ပါလီမန်က ပိုမိုသေချာအောင်၊ အစိုးရအဖွဲ့ဝင်ဖြစ်သော ဝန်ကြီးများကိုလည်း ပြည်သူ့ဝန်ထမ်းဟု ထည့်သွင်း သတ်မှတ်ခဲ့လေသည်။

အဂတိ လိုက်စားမှု တားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၂ အရ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များကိုလည်း ပြည်သူ့ဝန်ထမ်းဟု သတ်မှတ်ခဲ့သည်။

ရာဇသတ်ကြီးအခန်း ၉ တွင် ပြည်သူ့ဝန်ထမ်းများနှင့် ပတ်သက်၍ အမှု ၂ မျိုးကိုသာ ထည့်သွင်းခဲ့သည်။ ပုဒ်မ ၁၆၁ မှ ၁၆၉ အထိမှာ ပြည်သူ့ဝန်ထမ်းများကသာ ကျူးလွန်နိုင်သော အမှုမျိုးများဖြစ်ပြီး၊ ပုဒ်မ ၁၇၀ နှင့် ၁၇၁ တို့မှာ သာမညလူက ပြည်သူ့ဝန်ထမ်းယောင်ဆောင်သော ပြစ်မှုများပြစ်သည်။ အဂတိ လိုက်စားမှု တားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၃ အရ၊ ရာဇသတ်ကြီး ပုဒ်မ ၁၆၁ မှ ၁၆၅ အထိ တခုခုသော ပုဒ်မနှင့် တစ္ဆေးခဲ့ဆိုလျှင်၊ အဘိုးထန် ပစ္စည်း လက်ဆောင်ရရှိခဲ့ပါက၊ သို့မဟုတ် တောင်းဆိုခဲ့ပါက၊ လာဘ်လာဘီကို လက်ခံသည်၊ ထောင်းဆိုသည်ဟု ရုံးတော်က ယူဆနိုင်ခွင့်ပြုသည်။ ပုဒ်မ ၄ (၁) အရ၊ "အကျင့်ဖေါက်ပြန်မှု" ဟူသော ရာဇဝတ်မှုအသစ်တခုကိုလည်း ထပ်ဆင့် ဖန်တီးပေးပြန်သည်။

၁၉၅၁ ခုနှစ်တွင် အက်ဥပဒေ ၁၆ အရ၊ ရှင်းလင်းချက်တွင် ''ဖေါက်ပြန်မှု''၊ သို့တည်းမဟုတ် ''ဖေါက်လွဲ ဖေါက်ပြန်မှု'' ဆိုသော စကားကို ဖေါ်ပြထားသော်လည်း၊ ဖေါက်ပြန်တိုင်း အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေအရ၊ အကျင့်ဖေါက်ပြန်မှု မဖြစ်နိုင်။

၁၉၅၈ ဦးကျော်သိန်း ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်အစိုးရ။

အက်ဥပဒေတွင် အဘယ်ပြုမူချက်ကို ပြုသင့်သည်၊ အဘယ်ပြုမူချက်ကို မပြုသင့်ဟု ဆုံးဖြတ်ပုံဆုံးဖြတ်နည်း တစုံတရာ ညွှန်ကြားထားခြင်းမရှိသည်မှာ မှန်သည်။ သို့အတွက် ဤအမှုမျိုးကို စစ်ဆေးရာ၌၊ တရားရုံးတော်များက၊ သူတဦးတယောက်သည် တခုခုသောပြုမူချက်ကို ပြုကျင့်ခဲ့ရာ၊ ထိုအချိန်အခါ၌၊ ပတ်ဝန်းကျင် အခြေ အနေကို ထောက်ထားပြီး၊ ယင်းကဲ့သို့သော အခြေ အနေ၌ သတိတရား ရှေသူ့ားပြုကာ၊ ယုတ္တိတန်စွာ ဆင်ခြင်စဉ်းစားတတ်သူတဦးသည် စိတ်ကောင်း စေတနာကောင်းနှင့် မည်ကဲ့သို့ ပြုမူမည်ကို ချိန်ဆပြီး၊ ဆုံးဖြတ်ရပေမည်။

သတ္တုနှင့် သက်ဆိုင်သောအခွင့်အရေးပေးခြင်း (M.C.R.) နည်းဥပဒေပုဒ်မ ၃၄ (၁၁) မှာ သတ္တုလုပ်ငန်းလုပ်ရန် ခွင့်ပြုချက်ရသူများနှင့် အစိုးရအငြင်းပွါးမှုမှာသာ သက်ဆိုင်သည့် ပုဒ်မ ဖြစ်သည်။

ၚင်းနည်းဥပဒေပုဒ်မ ၁၆ အရ (C.A.) မရှိလျှင် (P.L.) မပေးနိုင်ပေ၊ ပုဒ်မ ၁၁၃ ကလည်း ထိုကဲ့သို့ပင် ထပ်မံ ဖေါ်ပြထားသည်ကို တွေ့မြင်ရသည်။

သို့အတွက် ဦးကျော်မြင့်က (C.L.) မရှိသော အဖတ်ကို (P.L.) ပေးထား၌၊ နည်းဥပဒေကို ကျော်ပြီး ပေးခဲ့ခြင်းသည် မျက်မြင်အားဖြင့် ဖေါက်လွဲ ဖေါက်ပြန် ပြုခြင်းဖြစ်သည်ဟု ယူဆရမည်။

မြေနှင့် အခွန်တော် အက်ဥပဒေနှင့် နည်းဥပဒေ နှစ်ရပ်စလုံးတို့တွင် ပါရှိသော အချက်အလက်များကို သုံးသပ်၍ တခုနှင့် တခု ဆန့်ကျင်နေပါမူ၊ ပြေပြစ်အောင် ဥပဒေ ကောက်ယူနိုင်ရန် တရားရုံးများတွင် တာဝန်ရှိသည်။

ပူးပေါင်း ကြံစည်ခြင်းအားဖြင့်၊ နောက်ဆုံးတွင် မရထိုက်သော (P.L.) ကို ရရှိ၍ အကြံအစည်အောင်မြင်ခဲ့သည်။ သို့အကြံအစည် အောင်မြင်ထမြောက်သည်နှင့် တပြိုင်နက်၊ ကြံစည်ရုံမက၊ ပြစ်မှုကြီးကိုပင်၊ ကျူးလွန်ရာ ရောက်သည်ဟု ယူဆရမည်ဖြစ်၍၊ ရာဇသတ်ကြီး ပုဒ်မ ၅၂၀ (ခ) ကို မသုံးထိုက်။ [Mallimogala Venkatramiah, A.I.R. (1938) Madras 130] သုံးသပ်ဝေဖန်သည်။

ရာဇသတ်ကြီး ပုဒ်မ ၁၂၀ (ခ) ကို ကိုးကားရုံမျှနှင့် မှားယွင်းသည်ဟု မဆိုလို၊ သို့သော် ထိုပုဒ်မကို အားထားလျှင် ရာဇဝတ်မကင်း ကြံစည်သည်ဆိုရာ၌၊ တကယ်ပင် နှစ်ဦးသဘောတူ လုပ်ကိုင်ကြသည်ဆိုသော အချက်ကို သက်သေအထောက်အထားနှင့် တရားလိုဘက်က ပြရန်တာဝန်ရှိသည်။

ရာဇဝတ်မကင်း ကြံစည်မှုဆိုသည်မှာ၊ ရာဇသတ်ကြီး ပုဒ်မ ၁၀၇ (၂) အရ၊ အားပေး ကူညီမှု တမျိုးပင် ဖြစ်သည်။

အခြေခံ ဥပဒေပုဒ်မ ၈၇ (၂) တွင် ပါရှိသော တားမြစ်ချက်မှာ၊ သမတ ကိုယ်တိုင် မိမိ၏ သဘော အတိုင်း ဆုံးဖြတ်ရမည်ဖြစ်သော အချက် အလက်များနှင့်သာ သက်ဆိုင်မည်။

ဝန်ကြီးများမှာ ဆုံးဖြတ်ချက် ပေးရမည်၊ သို့သော် ၎င်းတို့ ရေးသား ဆုံးဖြတ်ချမှတ်သော အမိန့်များကို တရားရုံးတော်က ချမှတ်သော စီရင်ချက်များနှင့်ကား၊ မနှိုင်းယှဉ်ထိုက်။ တရားရုံး စီရင်ချက်များမှာ ကဲ့သို့ အကိုးအကားနှင့် စုံစုံလင်လင် ရေးသားရန်မလို။

၁၉၅၈
ဦးကျော်သိန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်အစိုးရ။

ရှေးက ဝန်ကြီးတဦး ချမှတ်သည့် အမိန့်ကို၊ မယယ်နိုင်ဟု ဆိုခြင်းမှာလည်း၊ လက်ခံရန်မသင့်၊ တရားရုံးများမှာကဲ့သို့ ရှေးက ဆုံးဖြတ်ချမှတ်ခဲ့သော စီရင်ထုံးကို အမြဲတစေ လိုက်နာရသောမူကို၊ ဝန်ကြီး လုပ်ငန်းများ ဆောင်ရွက်ရာ၌ လိုက်နာ နိုင်မည်မဟုတ်ပေ၊ အခြေ အနေပြောင်းလဲပါက၊ ဝန်ကြီးတဦးသည် ကိုယ်တိုင်ပင် ချမှတ်သော အမိန့်ကို ပယ်ဖျက်နိုင်ရမည်။ သို့ပင်ဖြစ်စေကာမူ၊ ပယ်ဖျက် ပြင်ဆင်ရာ၌၊ လုံလောက်သော အကြောင်းယုတ္တိလည်း ရှိရမည်၊ စိတ်စေတနာကောင်းနှင့် ပြုမူခြင်းလည်း ဖြစ်ရမည်။

အတွင်းဝန်ရုံး၏ စာရွက် စာတမ်းများကို တရားရုံးများက စစ်ဆေး ကြည့်ရှုခြင်းမပြုပိုင်ဆိုသော လျှောက်လဲချက်ကို လက်မခံနိုင်။ သက်သေခံ အက်ဥပဒေ (Evidence Act) ပုဒ်မ ၁၂၃၊ ၁၂၄ အရ၊ နိုင်ငံတော်နှင့် သက်ဆိုင်သော လျှို့ဝှက်ထားရမည့် စာရွက် စာတမ်းများ၊ သို့မဟုတ် စာရွက် စာတမ်းများကို တင်သွင်းလျှင် ပြည်သူတို့၏ အကျိုးကို ထိခိုက်လိမ့်မည်ဟု ဌာနအကြီးအကဲလုပ်သူက ပြောပြီး၊ မပြဘဲ နေနိုင်ရန် အခွင့်အရေးကို တောင်းဆိုမှသာ၊ တရားရုံးများက ဘတ်ရွစစ်ဆေးခြင်း မပြုပိုင်။

အယူခံတရားလိုများအတွက်။ ။ဒေါက်တာ ဧမောင်၊ ဦးကျော်မြင့်၊ ဦးကျော်ခင် နှင့်မွန်စံလှိုင်တို့ လိုက်ပါ ဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။နိုင်ငံတော် ရှေ့နေချုပ်ကြီး ဒေါက်တာ ဘဟန်နှင့် ဦးရန်အောင်တို့ လိုက်ပါ ဆောင်ရွက်သည်။

ဦးမြင့်သိန်း။ ။မြန်မာပြည် လွတ်လပ်ရေး ရခါနီး အချိန်တွင်၊ အဘိုးတန် သတ္တုများ အလွန်ပေါများသည့် နတ်မြင်းဒေသ၌၊ သတ္တုများ တူးဖေါ်နိုင်ရန် လျှောက်လွှာများ တင်သွင်းခဲ့ကြသည်။ ဤအမှုနှင့် ပတ်သက်၍ လျှောက်သူ သုံးဦး၏ နာမည်ကိုသာ ဖေါ်ပြရန် လိုအပ်ပေသည်။ ၎င်းတို့မှာ (၁) ၁၉၄၇ ခုနှစ်၊ ပြိုလနှင့် မေလအတွင်း သတ္တု ရှာဖွေရန် လိုင်စင် (P.L.) လျှောက်သူအဖတ်။ (၂) ၁၉၄၈ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် အလားတူ လိုင်စင် လျှောက်သူ၊ အောင်စံရိမ်နှင့် (၃) ၁၉၄၈ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် သတ္တုတူးဖေါ်ရန် (M.L.) လျှောက်သူ ဦးသာဝင်းတို့ဖြစ်ကြသည်။ ရှာဖွေရန် လိုင်စင်ဖြစ်စေ၊ တူးဖေါ်ရန် မြေငှါး ပတ်တာ စာချုပ် ဖြစ်စေ တခုခုကို ရရှိပါက၊ သတ္တုများကို တူးယူနိုင်ခွင့်ရှိသည်။ ခြားနားခြင်းမှာ အခွန်အခပေးရခြင်း၌ သာဖြစ်သည်။ ဤကဲ့သို့ သတ္တုရှာဖွေရန်သော်၎င်း၊ သတ္တုတူးဖေါ် ရန်သော်၎င်း လျှောက်ထားရာ၌၊ ဘဏ္ဍာတော်မင်းကြီးထံမှ သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့်လက်မှတ် (C.A.) ကို တင်ကြိုရရှိမှသာလျှင်၊ လိုင်စင်ကိုသော်၎င်း၊ မြေငှါးစာချုပ်ကိုသော်၎င်း ရနိုင်မည်။

P.L.-Prospecting License.
M.L.-Mining Lease.
C.A.-Certificate of Approval.

၁၉၅၇
ဦးကျော်သိန်း
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်အစိုးရ။

ဤကဲ့သို့သော လျှောက်လွှာများမှာ၊ ခရိုင်ဝန်ဖြစ်သော ကော်လိတ်တော် အထူရှိ၊ တိုင်းမင်းကြီး၊ ဘဏ္ဍာတော်မင်းကြီးတို့မှ အဆင့်ဆင့်၊ သတ္တုတွင်းဌာနဝန်ကြီးထံသို့ လျှောက်ထားရမည်။ နတ်မြင်း သတ္တုတွင်းအတွက်၊ ဘဏ္ဍာတော်မင်းကြီးက အဖတ်ကို ပေးပါရန် ထောက်ခံ၍၊ သတ္တုတွင်းဌာနအတွင်းဝန်ဖြစ်သူ ယခုအယူခံသူ ဦးကျော်သိန်း ထံသို့၊ လျှောက်လွှာများ တင်ပို့ခဲ့သည်။ ထိုအချိန်အခါ၌၊ မြန်မာပြည် လွတ်လပ်ရေး ရပြီးဖြစ်၍ သတ္တုတွင်းဌာနဝန်ကြီးမှာ ဦးထွန်းမြင့် ဖြစ်သည်။ ဦးကျော်သိန်းကမူ၊ ဘယ်သူ့ကိုမှ မထောက်ခံဘဲ၊ လုပ်ရိုး လုပ်စဉ်အတိုင်း စုံလင်စွာ ဖေါ်ပြပြီး၊ ဦးထွန်းမြင့် ထံသို့ အစီရင်ခံစာ တင်ဆက်ခဲ့ရာ၊ ဦးထွန်းမြင့်က အဖတ်မှာ ဘဏ္ဍာတော်မင်းကြီး၏ သတ္တု ရှာဖွေမှု လျှောက်ပိုင်ခွင့် လက်မှတ် (C.A.) မရှိ၍၊ မစဉ်းစားထိုက်ဟု ဆုံးဖြတ်သည်။ အောင်ဂစ်ရိမ်ဆိုသူမှာလည်း၊ ၎င်းလျှောက်ထားသော မြေမှာ ဦးသာဝင်း လျှောက်သော မြေ၏ တစိတ်တဒေသသာ ဖြစ်၍၊ မစဉ်းစားထိုက်။ ဦးသာဝင်းသာလျှင် ပြည်ထောင်စု အမျိုးသားဖြစ်သည့် အားလျော်စွာ၊ သတ္တုရှာဖွေခွင့် လိုင်စင် (M.L.) ရထိုက်သူဖြစ်သောကြောင့်၊ သူ့အား လိုင်စင် ထုတ်ပေးရမည်ဟု ၁၉၄၈ ခုနှစ်၊ မေလ ၁၃ ရက် နေ့စွဲနှင့်အမိန့်ချမှတ်လိုက်သည်။

ဤကဲ့သို့ ဘဏ္ဍာတော်မင်းကြီး၏ ထောက်ခံချက်ကို လက်မခံဘဲ၊ ဦးထွန်းမြင့်က မိမိသင့်တော်သလို မိမိသဘောအရ အမိန့်ချမှတ်ထု၌၊ အုကယ် စင်စစ် ဦးထွန်းမြင့်တွင် ယင်းသို့ အမိန့်ချပိုင်ခွင့် အာဏာရှိ မရှိဟူသော ပြဿနာ ပေါ်ပေါက်သည်။ ဤကဲ့သို့ ဖေါ်ပြရခြင်းမှာ၊ နိုင်ငံတော် ရွှေနေချုပ်ကြီးက (M.C.R.) ခေါ် သတ္တုနှင့် သက်ဆိုင်သော အခွင့် အရေးပေးခြင်းနည်းဥပဒေများအရ၊ ချုပ်ချယ်ထားသော စည်းကမ်းချက်များရှိ၍၊ ဝန်ကြီးမှာ မိမိသဘောအတိုင်း အခွင့်အရေးပေးနိုင်ရန် လုံးဝ အာဏာမရှိဟု ဆိုသည်။ သို့သော် အယူခံသူတို့၏ ရွှေနေကြီး ဒေါက်တာ ဦးမောင်က ဝန်ကြီးသည် မိမိသဘောအတိုင်း ပေးပိုင်ခွင့် ရှိသည်ဟု ဆိုသည်။

ဦးထွန်းမြင့် ချမှတ်သော အမိန့်ကို ဦးကျော်သိန်းက ကြေနပ်ပုံမရ။ အဖတ်ကပင် ၁၉၄၇ ခုနှစ်ကုန်ဆုံး၍၊ ၁၉၄၈ ခုနှစ်အတွက် သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့် (C.A.) လက်မှတ် တောင်းခဲ့ရာ ဘဏ္ဍာတော်မင်းကြီးက တောင်းရန်မလိုကြောင်းနှင့် စာပြန်ကြားခဲ့သည်ဖြစ်၍၊ ၁၉၄၈ ခုနှစ်အတွက် လက်မှတ်မရှိသည်နှင့် အဖတ်၏ လျှောက်လွှာကိုဝယ်ခြင်းမှာ၊ မှားယွင်းသည်ဟု ဦးကျော်သိန်းက ယူဆပုံရသည်။ သို့သော်လည်း ၎င်း၏ အတွင်းဝန်ကလေးက ဝန်ကြီး ဦးထွန်းမြင့်သည်၊ မိမိသင့်လျော်သည်ဟု ထင်ပါက မည်သည့်အမိန့်မျိုးကို မဆို ချမှတ်ပိုင်သော အာဏာရှိသည်ဟု ဖေါ်ပြ၍ ဘဏ္ဍာတော်

C.A.-Certificate of Approval.
M.L.-Mining Lease.
M.C.R.-Mineral Concession Rules.

ခဏ္ဍာ

ဦးကျော်သိန်း
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်အစိုးရ။

မင်းကြီးထံသို့ ဥးသာဝင်းအား သတ္တုတူးဖော်ခွင့် ပတ္တာစာချုပ်နှုံ ထုတ်ပေးစေရန် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၂၁ အရ၊ နိုင်ငံတော် သမတ၏ နာမည်နှင့် အမိန့်ချကြောင်း အကြောင်းကြားလိုက်သည်။

နတ်မြင်း သတ္တုတွင်း၏ကိစ္စမှာ ထိုအခြေနှင့်ပင်ရပ်စဲထိုက်သော်လည်း၊ ၁၉၄၈ ခုနှစ်၊ သြဂုတ်လ ၂၇ ရက်နေ့၌ ထိုစဉ်အခါက မကွယ်လွန်သေးသူ ဝတ်လုံတော်ရှ ဆာပေါ်ထွန်းကအဖတ်၏ ရွှေနေအဖြင်နှင့် ဝန်ကြီး ဦးထွန်းမြင့်ကို တွေ့ဆုံပြီး လျှောက်လွှာတစောင်တင်ဆက်သည်။ မိမိ၏ အမှုသည် အဖတ်မှာ ပဌမဦးစွာ လျှောက်သူဖြစ်၍၊ သတ္တုတွင်းများနှင့် သက်ဆိုင်သော ခွင့်ပြုချက်နည်း ဥပဒေ (M.C.R.) ပုဒ်မ ၁၁၃ အရ၊ သူသာရထိုက်ကြောင်း လျှောက်ထားရာ၊ ဦးထွန်းမြင့်က အဖတ်မှာ၊ နိုင်ငံခြားသားဖြစ်ကြောင်း။ (C.A.) လက်မှတ်မရှိကြောင်း။ ဦးသာဝင်းကို သတ္တုတူးဖော်ခွင့် ပတ္တာစာချုပ် ထုတ်ပေးရန် အမိန့်ချပြီးဖြစ်ကြောင်းများကို ပြောကြားလိုက်သည်ဟု၊ ဦးထွန်းမြင့်၏ သက်သေထွက်ချက်ရှိသည်။ ထို့နောက် ဦးထွန်းမြင့်က ဦးကျော်သိန်းကို ခေါ်ပြီး၊ ဆာပေါ်ထွန်းအား မိမိကျွေးကွဲသို့ပြောလိုက်သည်ဟု ထုတ်ဖော်ပြောပြပြီး၊ လျှောက်လွှာပေါ်တွင် သင့်တော်သလို ပြန်ကြားပါဟု ရေးမှတ်၍၊ ဦးကျော်သိန်းကို လျှောက်လွှာလွှဲအပ်လိုက်ကြောင်း ဆက်လက်၍ အစစ်ခံသည်။ ဦးကျော်သိန်းကမူ၊ ဦးထွန်းမြင့်က ကျွေးကွဲသို့မပြော သင့်လျော်သလို အကြောင်းပြန်ပါဟုသာ လျှောက်လွှာပေါ်တွင် ရေးချပေးသည်။ ထို့ကြောင့် ဆာပေါ်ထွန်းထံသို့ နောက်မှ အကြောင်းကြားမည်ဟုပြန်ကြားလိုက်သည်ပြင်၊ ရွှေနေချုပ်ကြီးထံသို့လည်း အဖတ်၏ လျှောက်လွှာမှာ (M.C.R.) ပုဒ်မ ၃၄ (၁၁)၊ သို့မဟုတ် အခြားပုဒ်မများတွင် အကျုံးဝင်မဝင် အကြံပေးပါရန်နှင့် အမှုချိန်းဆိုသော ရက်၌ လာရောက် လျှောက်ထားရန် အကြောင်း ကြားလိုက်သည်ဟု ထွက်ဆိုသည်။

နည်းဥပဒေ ပုဒ်မ ၃၄ (၁၁) မှာ၊ အဖတ် တင်သွင်းသော လျှောက်လွှာမျိုးများနှင့် လုံးဝမဆိုင်၊ သတ္တု လုပ်ငန်းလုပ်ရန် ခွင့်ပြုချက်ရသူများနှင့် အစိုးရအငြင်းပွါးမှုမှာသာ သက်ဆိုင်သည့် ပုဒ်မဖြစ်သည်။ သို့သော်လည်း ရွှေနေချုပ်ရုံးရှိ၊ အစိုးရရွှေနေကြီးက၊ ၁၉၄၉ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့စွဲနှင့် ထိုလျှောက်လွှာသည် ပုဒ်မ ၃၄ (၁၁) ၌ အကျုံးဝင်သည်ဟု ပြန်ကြားလိုက်သည်။

ကျွေးကွဲသို့ ရွှေနေချုပ်ရုံးမှ ပြန်စာမရမီ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ဦးတင်အောင်ဆိုသူ တဦးက ဦးသာဝင်းအတွက် ဝန်ကြီး ဦးထွန်းမြင့်ကို တွေ့ဆုံ၍ (M.L.) မရမီအတွင်း ယာယီသဘောဖြင့် သတ္တုရှာဖွေနိုင်ရန် အမိန့်တောင်းသည်။

M.C.R. Mineral Concession Rules.
C.A.-Certificate of Approval.
M.L.-Mining Lease.

၁၉၅၈
ဦးကျော်သိန်း
ပါ ၂ ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်အစိုးရ။

ဦးသွန်းမြင့်ကလည်း လျောက်ထားသည့် အတိုင်းဖြစ်နိုင်က ဆောင်ရွက်ပေးပါရန် ဦးကျော်သိန်းကို အမိန့်ပေးသည်။ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့၌ တကြိမ် ဦးတင်အောင် လာရောက်ပြီး အမိန့်မရသေးဟု ပြော၍၊ ထိုနေ့တွင်ပင် အမိန့်ထုတ်ရန်၊ ဦးထွန်းမြင့်က ထပ်မံပြီး အမိန့်ချမှတ်ပြန်သည်။ ဤနောက်ဆုံးအမိန့်နှင့် ပတ်သက်၍၊ ဦးကျော်သိန်းက ဦးထွန်းမြင့်ကို ရှင်းပြခဲ့သည်ဟု ဦးကျော်သိန်း လက်မှတ်နှင့် မှတ်တမ်း ရှိသော်လည်း၊ ဦးထွန်းမြင့်က ရှင်းမပြဟု ထွက်ဆိုသည်။ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာ လ ၁၀ ရက်နေ့၌၊ ဝန်ကြီး ဦးထွန်းမြင့်က ဦးသာဝင်းကို၊ ပြည်သူ့ပစ္စည်းကာကွယ် ထိန်းသိမ်း စောင့်ရှောက်မှု အက်ဥပဒေအရ၊ ဖမ်းဆီးထားကြောင်း သိရှိရ၍ (M.L.) ပေးခြင်း ကိစ္စကို ရပ်ဆိုင်းထားရန် နှုတ်ဖြင့် ဦးကျော်သိန်းကို အမိန့်ပေးသည်။

၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဦးထွန်းမြင့် သည်၊ ဝန်ကြီး ဌာထူးကို စွန့်လွှတ်လိုက်ရသည်။ ထိုနေ့အထိ ဦးကျော်သိန်းက၊ ဦးထွန်းမြင့် အား၊ အဖတ်၏ လျောက်လွှာနှင့် ပတ်သက်၍ ရွှေနေချုပ်ကြီး၏ အကြံဉာဏ်ကို တောင်းထားသည့် အကြောင်း မပြောခဲ့ဘပ၊ အစိုးရရွှေနေကြီး၏ ထင်မြင်ချက်ကို ရပြီးဖြစ်သောအခါ၊ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့စွဲနှင့် ဝန်ကြီးသစ် ဦးကျော်မြင့်ထံသို့ ဦးကျော်သိန်းက မှတ်တမ်းတင်ဆက်သည်မှာ၊ ဝန်ကြီး ဦးထွန်းမြင့်က နတ်မြင်းကိစ္စကို ရပ်ဆိုင်းထားမကြောင်းအဖတ်၏ လျောက်လွှာကို စစ်ဆေး ကြားနာရန်ဖြစ်ကြောင်း။ ဝန်ကြီး ဦးထွန်းမြင့်က နောက်အလုပ် ဆက်ခံမည့် ဝန်ကြီးကို နတ်မြင်း သတ္တုတွင်းကိစ္စနှင့် ပတ်သက်၍ အသစ်ပြန်၍ စဉ်းစားစေလိုကြောင်း ပါရှိသည်။ ဦးထွန်းမြင့်ကထိုကိစ္စကိုအသစ်ပြန်၍ စဉ်းစားရန်၊ ဦးကျော်သိန်းကို မိမိဘယ်အခါကမှ မပြောမိပါဟု ထွက်ဆိုသည်။

ထိုသို့ အစီရင်ခံသည့်အတိုင်း၊ ဦးကျော်မြင့်၏ သဘောတူညီချက်ကို ရရှိ၍၊ အမှုကို ကြားနာရန်၊ ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့သို့ ချိန်းဆိုပြီး တွေ့ဆုံကြသော်လည်း၊ အစိုးရရွှေနေက ဦးသာဝင်း၏ အပြောကိုလည်း ကြားနာသင့်သည်ဟု အကြံပေးသည့်အလျောက်၊ အမှုကို ထပ်မံ ချိန်းလိုက်ရသည်။ အမှုကို ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၈ ရက်နေ့၌ ကြားနာသည့်အခါ၌၊ ဦးသာဝင်းသည်၊ အချုပ်မှ လွတ်ပြီးဖြစ်သည်။ အဖတ်လည်း၊ ပြည်ထောင်စုသားဖြစ်ကြောင်း လက်မှတ်ရရှိပြီးဖြစ်မှုမက၊ ဘဏ္ဍာတော်မင်းကြီးထံမှ၊ ၁၉၄၇ ခုနှစ်အတွက်၊ (C.A.) ရရှိခဲ့၍၊ ယင်း (C.A.) ကို ၁၉၄၈ ခုနှစ်အတွက် နောက်ထပ် လျောက်ရန်မလိုကြောင်းဟူသော စာကို တင်ပြနိုင်ခဲ့သည်။ ဆာပေါ်ထွန်းသာမက ဦးသာဝင်း၏ ယောကျ်ားဖြစ်သူ ဦးသာဝင်းအတွက် ရှိန်ပါ ဆောင်ရွက်သည့် ရွှေနေကြီး ဦးလှဖေနှင့် အစိုးရ ရွှေနေကြီးတို့၏ လျောက်ထားချက် မျာ်းကို ကြားနာပြီးအမှုကို အမိန့်ချမှတ်ရန် ရက်ချိန်းလိုက်သည်။

M.L.-Mining Lease.
C.A.-Certificate of Approval.

၁၉၅၇
ဦးကျော်သိန်း
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်ဆိုးရ။

၁၉၄၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့စွဲနှင့် ဦးကျော်သိန်းက၊ အမှုအကြောင်းနှင့် ပတ်သက်၍ အသီးသီးသော လျှောက်ထားချက်များတို့ကို ဝေဖန်ပြီး၊ အဖတ်ကို ပေးထိုက်သည်ဟုဖေါ်ပြသော အစီရင်ခံစာ မှတ်စုကို၊ ဝန်ကြီး ဦးကျော်မြင့်ထံသို့ တင်သွင်းသည်။ ၁၉၄၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့စွဲနှင့် ဦးကျော်မြင့်နှင့် တကွ၊ ဆို့ရယ်လစ်ပါတီအဖွဲ့မှ အခြားဝန်ကြီးများသည်၊ ဝန်ကြီးဌာနမှ နှုတ်ထွက်စာများကို ဝန်ကြီးချုပ်ထံသို့ တင်သွင်းကြသည်။ နောက်တနေ့ ၁၉၄၉ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် အဖတ်အား၊ (P.L.) ပေးရန် ဦးကျော်မြင့်က အမိန့်ချမှတ်သည်။

အကယ်စင်စစ်မှာ၊ ဦးကျော်မြင့်၏ ဌာနမှ နှုတ်ထွက်စာကို ၁၉၄၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍၊ နိုင်ငံတော် သမတက လက်ခံခဲ့သည့်အတွက် ၁၉၄၉ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့၌ ဦးကျော်မြင့်သည် ဝန်ကြီးမဟုတ်တော့ပေ။ သို့သော်လည်း ချမှတ်သော အမိန့်မှာ ဝန်ကြီးမဟုတ်တော့၍၊ တရားမဝင်သော အမိန့်ဖြစ်နေသည်ကို၊ ဘယ်သူကမှ သတိမပြုဘဲ ကိစ္စကို ဆက်လက် ဆောင်ရွက်သွားရာ၊ ၁၉၄၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့၌ မြိတ်မြို့ ကော်လိတ်တော် အရာရှိက၊ အဖတ်ကို (P.L.) ထုတ်ပေးလိုက်သည်။

ယင်းသို့ သတိမပြုမိကြသည့် အကြောင်းမှာ ဤကဲ့သို့ နှုတ်ထွက်စာကို ၁၉၄၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကပင်စ၍ လက်ခံသည်ဟူသော ကျေညာစာတမ်းသည်၊ အဟတ်ဥ္စ စနေနေ့တိုင်း ထုတ်ဝေသော မြန်မာနိုင်ငံတော်ပြန်တမ်း၊ ၁၉၄၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့စာစောင်၌မှပါရှိသည်။ ထိုနေ့အလျင်ဦးစွာ မဆွ ထုတ်ပြန်သော အထူး ပြန်တမ်း မိတ္ထူတခုကို ကရားလိုက တင်ပြသော်လည်း၊ ဘယ်နေ့ ဘယ်ရက်က အကယ်စင်စစ် ထုတ်ပြန်သည်ဟု တရားလိုဘက်က သက်သေမပြနိုင်၍၊ ဦးကျော်မြင့်ကိုယ်တိုင်ပင် ၁၉၄၉ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့၌၊ မိမိဝန်ကြီးမဟုတ်တော့ကြောင်းကို မသိဟူသော အချက်ကို လက်ခံပြီး အထူးခုံရုံး ၁၉၅၃ ခု နှစ်၊ အမှုနံပါတ် ၂ တွင် ဦးကျော်မြင့်အား၊ တရားသေလွှတ်ခဲ့သည်။

ဦးကျော်မြင့်၏ ဝန်ကြီးဌာနမှ နှုတ်ထွက်စာကို၊ ဦးတင်က ဆက်ခံသည်။ ထိုအချိန် အခါ၌ အဖတ်မှာလည်းဒုက္ခမျိုးစုံနှင့်တွေ့နေရသည်။ ပြည်ထောင်စုသားဖြစ်ရန် လျှောက်လဲရေးအရာရှိ* က၊ အဖတ်သည် မိမိလျှော်၌ လိမ်လည်၍၊ ပြည်ထောင်စုသား လက်မှတ်ကို ပေးပါရန် ထောက်ခံချက် ရယူသွားကြောင်း အစီရင်ခံသည်ကို သတင်းစာများတွင် ပါရှိ၍၊ ဝန်ကြီး ဦးတင်က ထိုပြည်ထောင်စုသားဖြစ်ကြောင်း လက်မှတ်ကို ရုပ်သိမ်းရန်၊ တရားရေးဝန်ကြီးဌာနသို့ အကြောင်းကြားစေလိုကြောင်းနှင့် ဦးကျော်သိန်းအား၊ ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့၌ အမိန့်ပေးသည်။ သို့သော်လည်း ဦးတင်မှာ အခြားဌာနသို့

* Citizenship Election Officer.
P.L.-Prospecting License.

ပြောင်းသွားရပြန်၍၊ ဦးတင်၏ နေရာ၌၊ ဦးကျော်မြင့် နောက်တဖန်ရောက်လာပြန်ရာ၊ ဦးကျော်သိန်း အကြံပေးသည့်အတိုင်း ပြည်ထောင်စုသား လက်မှတ်ကို တကယ်ပင် ချပ်သိမ်းမှသာ အရေးယူသင့်ကြောင်းကို ဦးကျော်မြင့်က သဘောတူခဲ့သည်။

ဦးကျော်သိန်း ပါ ၂ နှင့် ပြည်ထောင်စု ပြန်မှန်ကြောင်း တော်အစိုးရ

၁၉၅၂ ခုနှစ်၊ ဇွန်လလောက်တွင်၊ အဖတ်၏ (P.L.) ကို ဆက်လက်ပေးရန်နှင့် (M.L.) သတ္တုဘူးဖေါ်ရန် လက်မှတ် စာချုပ် ပေးသင့် မပေးသင့် ပြဿနာ ပေါ်ပေါက်လာသည်။ ဘဏ္ဍာတော်မင်းကြီးနှင့် ဦးကျော်သိန်းတို့ တိုင်ပင်ပြီး ထောက်ခံသည့်အတိုင်း၊ အဖတ်အား၊ (P.L.) ဆက်လက်၍ ပေးရန်၊ ၎င်းအပြင် အဖတ်၏ ပြည်ထောင်စုသား လက်မှတ်ကို မချပ်သိမ်း သရွေ့ ပြည်ထောင်စုသားဟု အသိအမှတ် ပြုရန်ဟူသော ဖေါ်ပြချက်များကို ဦးကျော်မြင့်က လက်ခံပြန်သည်။

သက်သေခံ စာရွက် စာတမ်းများကို ကြည့်ရှုခြင်းအားဖြင့်၊ အဖတ်အား ဆက်လက်၍၊ (P.L.) ထုတ်ပေးကြောင်း တွေ့ရှိရသည်။ (M.L.) ကိစ္စပြီးပြတ်ပုံမပေါ်၊ အဖတ်မှာလည်း နိုင်ငံခြားငွေ ကြီးကြပ်ရေး အက်ဥပဒေအရ တရားစွဲဆိုပြီး ထောင်ဒဏ်ကျခံရကြောင်းသိရှိရသည်။ ဦးကျော်မြင့်နှင့် ဦးကျော်သိန်းတို့အပေါ် တင် ယုံမှတ် အပ်နှံသည့် ပြည်သူပိုင် ပစ္စည်းနှင့် ပတ်သက်၍ ဖေါက်လွဲ ဖေါက်ပြန်မှုကို ပြုကျင့်ရန် သဘောတူညီကြသည်ဟု စွပ်စွဲပြီး အဂတိ လိုက်စားမှု တားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၄ (၁) (ဃ) နှင့် ရာဇသတ်ကြီးပုဒ်မ ၁၂၀ (ခ) အရ တရားစွဲဆို၍ ထောင်ဒဏ် ၁ နှစ်စီ ခံရကြသည်။

အမှုမှာ အဂတိ လိုက်စားမှု တားမြစ်ရေး အက်ဥပဒေပေါ် တင် အဓိကအခြေတည်သော အမှုဖြစ်၍၊ ၎င်းအက်ဥပဒေ ကျယ်ဝန်းခြင်းကို သုံးသပ် ဝေဖန်ရပေမည်။ ရာဇသတ်ကြီး ဥပဒေကို ရေးဆွဲသူပါရဂူများက၊ ပြည်သူ့ဝန်ထမ်းများသည် မိမိတို့ လုပ်ကိုင်ဆောင်ရွက်သည့် ရာထူးကို အမှီပြု၍၊ ရာဇဝတ်မှုများ ကျူးလွန်ကောင်း ကျူးလွန်ပေလိမ့်မည်ဟု အမှတ်ရှိခဲ့ကြသော်လည်း၊ သီးခြား ဥပဒေ မလိုဟူ၍ ယူဆကြသည်။* ပြည်သူ့ဝန်ထမ်းများ ခိုးမှု လိမ်လည်မှုပြုကာလ၊ ရာဇသတ်ကြီး ဥပဒေတွင် ပါရှိပြီးဖြစ်

P.L.-Prospecting License.
M.L.-Mining Lease.

* " Those offences which are common between public servants and other members of the community, we leave the general provisions of the Code. If a public servant embezzles money, we leave him to the ordinary law of criminal breach of trust. If he falsely pretends to have disbursed money to the public, and by this deception induces the government to allow it in its accounts, we leave him to the ordinary law of cheating . . . . . we think it desirable that the property of the state, in general, be protected by exactly the same laws which are considered as sufficient for the protection of the property of the subject ".

၁၉၅၈
ဦးကျော်သိန်း
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်အစိုးရ။

သော ခိုးမှု၊ လိမ်လည်မှုတို့တွင် အကျုံးဝင်မည်ဖြစ်၍၊ အထူးဥပဒေများ မလိုဟု ယူဆကြသည်။ သို့အတွက် [ရာဇသတ်ကြီး အခန်း ၉ တွင် ပြည်သူ့ဝန်ထမ်းများနှင့် ပတ်သက်၍ အမှု ၂ မျိုးကိုသာ ထည့်သွင်းခဲ့သည်။ ပုဒ်မ ၁၆၁ မှ ၁၆၉ အထမှာ၊ ပြည်သူ့ဝန်ထမ်းများကသာ ကျူးလွန်နိုင်သောအမှုမျိုးများဖြစ်ပြီး၊ ပုဒ်မ ၁၇၀ နှင့် ၁၇၁ တို့မှာ သာမည လူက ပြည်သူ့ဝန်ထမ်းယောင်ဆောင်သောပြစ်မှုများ ဖြစ်သည်] ။ အခန်း ၉ တွင် ပါရှိသော အချက် အလက်များမှာ အထူးပင် စုံလင်၍၊ ပြည်သူ့ဝန်ထမ်း တဦး သည်၊ တားမြစ်ထားခဲ့ပါလျက် ကုန်ကူးသန်း ရောင်းဝယ်ပါက၊ ပြစ်မှုဖြစ်ကြောင်းပင် ပါရှိသည်။ "ပြည်သူ့ဝန်ထမ်း" ဆိုသည့် စကားရပ်ကို ပုဒ်မ ၂၁ ၌ အတော်ပင် အစုံ အလင် ရှင်းလင်းဖေါ်ပြထားသည်။ သို့သော် လွတ်လပ်သောမြန်မာပြည်၏ပါလီမန်က ပိုမို၍သေချာအောင် အစိုးရအဖွဲ့ဝင်ဖြစ်သော ဝန်ကြီးများကိုလည်းပြည်သူ့ဝန်ထမ်းဟု ထည့်သွင်း သတ်မှတ်ခဲ့သည်။

ထိုနှစ်တွင်ပင် အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၎ကဲ့သို့ ပြဋ္ဌာန်းရာ၌ ပုဒ်မ (၁) အရ၊ တံစိုးလက်ဆောင်ပေးခြင်း၊ အဂတိ လိုက်စားခြင်းများ တားမြစ်ရန်အတွက်၊ ပိုမိုထိရောက်သော ပြဋ္ဌာန်းချက်များ ပြုလုပ်ရန် လိုအပ်သည်ဖြစ်ကြောင်းဖေါ်ပြထားသည်။ [ပုဒ်မ ၂ အရ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များကို လည်း၊ ပြည်သူ့ဝန်ထမ်းဟု သတ်မှတ်ခဲ့သည်။ ပုဒ်မ ၃ အရ ရာဇသတ်ကြီးပုဒ်မ ၁၆၁ မှ ၁၆၅ အထိ တခုခုသော ပုဒ်မနှင့် တရားစွဲဆိုလျှင်၊ အဘိုးတန်ပစ္စည်း လက်ဆောင် ရရှိခဲ့ပါက၊ သို့မဟုတ် တောင်းဆိုခဲ့ပါက၊ လာဘ်လာဘကို လက်ခံသည်၊ တောင်းဆိုသည်ဟု ရုံးတော်က ယူဆနိုင်ခွင့်ပြုသည်။ ပုဒ်မ ၄ (၁) အရ "အကျင့်ဖေါက်ပြန်မှု" ဟူသော ရာဇဝတ်မှု အသစ်တခုကိုလည်း ထပ်ဆင့် ဖန်တည်းပေးပြန်သည်။] ၎ကဲ့သို့ ပြစ်မှုမျိုးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) လာဘ်လာဘကို အမြဲတစေ လက်ခံခြင်း၊ လက်ခံရန် သဘောတူခြင်း။

(ခ) အဘိုးတန် ပစ္စည်းကို အဘိုးစားနားတစုံတရာ မရှိဘဲဖြစ်စေ၊ ထိုက်တန်သောအဘိုးမပေးဘဲ ဖြစ်စေ၊ မိမိအတွက်သော်၎င်း၊ သူတပါးအတွက်သော်၎င်း အမြဲတစေ လက်ခံခြင်း၊ ရယူခြင်း။

(ဂ) ပြည်သူ့ဝန်ထမ်းအဖြစ် မိမိ၏ အခြေ အနေကို အလွဲသုံးစားပြု၍၊ အဘိုးတန်ပစ္စည်း ငွေကြေးအကျိုးအမြတ် တစုံတရာတခုကို မရိုးမသား၊ မိမိအတွက်သော်၎င်း၊ သူတပါးအတွက် သော်၎င်း ရယူခြင်း။

(ဃ) အများပြည်သူတို့၏ အကျိုး ထိခိုက်အောင် လိမ်လည်ခြင်း၊ ယုံမှတ်အပ်နှံသည့် ပြည်သူပိုင်ပစ္စည်းကို အလွဲသုံးစားပြုခြင်း၊ သို့တည်းမဟုတ် ဖေါက်လွဲ ဖေါက်ပြန် ပြုခြင်း။

၁၉၅၁ ဦးကျော်သိန်း ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်အစိုးရ။

ပုဒ်မ ၄ (၂) အရ၊ အကျင့် ဖေါက်ပြန်မှုကို ကျူးလွန်လျှင်၊ ထောင်ဒဏ် ၇ နှစ်အထိ ကျခံစေရန် သတ်မှတ်ထားသည်။ ပုဒ်မ ၄ (၃) အရ ရာဇသတ်ကြီး ပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၅ တခုခုနှင့် တရားစွဲခံရသူ တရားခံတဦးသည်၊ မိမိ၏ထင်ရှားသိသာသော ဝင်ငွေ ရလမ်းများနှင့် အဆမတန် ရှေ့ငွေပစ္စည်းများ ပိုင်ပါက၊ သက်သေခံ အထင်အရှား မပြနိုင်ခဲ့လျှင်၊ အကျင့် ဖေါက်ပြန်မှုကို ကျူးလွန်သည်ဟု ရုံးတော်က ယူဆရပေမည်ဟု သတ်မှတ်သည်။ [၁၉၅၁ ခုနှစ်တွင် ပြင်ဆင်သော ဥပဒေအမှတ် ၄၅၊ ပုဒ်မ ၄-က (၁) ကို ထပ်သွင်း၍၊ ထိုပုဒ်မအရ၊ အကျင့် ဖေါက်ပြန်မှု ကျူးလွန်သူကို ဖမ်းဆီးနိုင်သော အရာရှိများကို ဖေါ်ပြထားသည်။ ပုဒ်မ ၅ အရ အမှု စစ်ဆေးနိုင်သော တရားသူကြီးများကို သတ်မှတ်သည်။ ပုဒ်မ ၆ အရ တရားစွဲဆိုရန်၊ ကျူးလွန်သူမှာ ဝန်ကြီးဖြစ်ပါက၊ နိုင်ငံတော်သမတ၏တရားစွဲဆိုရန်သဘောတူညီချက်ကိုရယူရမည်။ အခြားပြည်သူ့ဝန်ထမ်းများအတွက်၊ ၎င်းအား ရာထူး၌ ခန့်ထားနိုင်ခွင့်၊ ထုတ်ပယ်နိုင်ခွင့် ရှိသည့်အာဏာပိုင်၏သဘောတူညီချက်ကို ရယူရမည်။ ၁၉၅၁ ခုနှစ်တွင် အက်ဥပဒေ အမှတ် ၁၆ အရ၊] ရှင်းလင်းချက် ထုတ်ဖေါ်ပြရာ၌ အောက်ပါအတိုင်း ပါရှိသည်။

"အကျင့် ဖေါက်ပြန်မှု၊ သို့တည်းမဟုတ်ဖေါက်လွဲဖေါက်ပြန်မှုဆိုသော စကားရပ်တွင်၊ မှားသော စီမံအုပ်ချုပ်မှု၊ သို့တည်းမဟုတ် မှားသော ပျက်ကွက်မှု၊ သို့တည်းမဟုတ်ရှိရင်း အခြေ အနေများတွင်မပြုသင့်သော အရာကို ပြုမှု၊သို့တည်း မဟုတ်ရှိရင်း အခြေအနေများတွင်ပြုသင့်သော အရာကိုမပြုမှုပါဝင်သည်"။

ထိုရှင်းလင်းချက်တွင်၊ အထက်ပါအတိုင်း ဖေါ်ပြထားသော်လည်း [ဖေါက်ပြန်တိုင်း အာဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေအရ၊ အကျင့်ဖေါက်ပြန်မှုမဖြစ်နိုင်။] ငါးပါးသီလကို ချိုးဖေါက်ပါလျှင်၊ အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေနှင့် ငါးပါးသီလ ချိုးဖေါက်မှုကို အရေးယူနိုင်မည်မဟုတ်။ လူကိုသတ်ပါက၊ ရာဇသတ်ကြီး အရ လူသတ်မှုသာဖြစ်ရပေမည်။ နွားကိုသတ်ပါက၊ မြူနီစီပါယ်ဥပဒေကို ကျူးလွန်မှုသာဖြစ်နိုင်ပေလိမ့်မည်။ အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေနှင့် အရေးယူနိုင်မည်မဟုတ်။ [ရှင်းလင်းချက်သည် ပုဒ်မ ၄ (၁) (က) (ခ) နှင့် (ဂ) တွင် ထည့်သွင်းဘတ်ရန်မလို ဘတ်ရှိလည်းမဖြစ်နိုင်။ရှင်းလင်းချက်ကို မထည့်သွင်းဘဲနှင့်ပင် ရှင်းလင်းပြီးသား ဖြစ်နေသည်။ ထိုနည်းအတူ ပုဒ်မ ၄ (၁) (ဃ) ပဋ္ဌမမှီငြမ်းမှာ လိမ်လည်မှုနှင့်သက်ဆိုင်သည်။ ဒုတိယပိုင်းမှာ အလွဲသုံးစားခြင်းနှင့် သက်ဆိုင်သည်။ ရှင်းလင်းချက်တွင် ဖေါ်ပြထားသော ပြုမှုနှင့် ပျက်ကွက်မှုတို့မှာ ပုဒ်မ ၄ (၁) (ဃ) နှောက်ဆုံးပိုင်း ဖြစ်သော ယုံမှတ်အပ်နှံထားသည့် ပြည်သူပိုင်ပစ္စည်းနှင့်သာ သက်ဆိုင်ရပေမည်ကို ဤရုံးတော်က ဖေါ်ပြလိုက်သည်။]

၁၉၅၈

ဦးကျော်သိန်း
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်အစိုးရ။

ဤအမှုကို သုံးသပ် ဆင်ခြင်ရာ၌၊ အယူခံသူများသည်၊ "ဖေါက်လဲ့ ပေါက်ပြန်မှု" ကို ကျူးလွန်ခဲ့ကြသလောဟု ဆုံးဖြတ်ရပေမည်။ ဤကဲ့သို့ ဆုံးဖြတ်နိုင်ရန်၊ အယူခံသူများ၏ ပညာရှိ ရှေနေကြီး ဒေါက်တာ ဦးမောင်၏ ဥပဒေငြင်းချက်များကို ပဌမစဉ်းစားရပေမည်။ ဦးမောင်က အခြေခံဥပဒေပုဒ်မ ၆၃ ကို ကိုးကားသည်။ ၎င်းပုဒ်မမှာ အောက်ပါအတိုင်းဖြစ်သည်။

"၆၃။ ။(၁) ဤအခြေခံ ဥပဒေတွင် နိုင်ငံတော်သမတသည်၊ မိမိ၏ သဘောအတိုင်း ပြုမူရမည်ဟုသော် ၎င်း၊ ပုဂ္ဂိုလ်တဦးဦးထံမှဖြစ်စေ၊ အဖွဲ့တခုခု ထံမှဖြစ်စေ အကြံပေးချက်အရ၊ သို့တည်းမဟုတ် အမည်တင်သွင်းချက်အရ၊ သို့တည်းမဟုတ် အကြောင်းကြားချက်အရ၊ ပြုမူရမည်ဟုသော်၎င်း၊ ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်အပ်သည်မှတပါး၊ အခြားကိစ္စများတွင် မိမိအား ပေးအပ်ထားသော အာဏာများနှင့် အလုပ်ဝတ္တရားများကို ပြည်ထောင်စု အစိုးရ၏ အကြံပေးချက်အရသာလျှင် သုံးစွဲ ဆောင်ရွက်ရမည်။

(၂) နိုင်ငံတော် သမတထံသို့ အကြံပေးချက်ကိုသော်၎င်း၊ အမည်တင်သွင်းချက်ကိုသော်၎င်း၊ အကြောင်းကြားချက်ကို သော်၎င်း၊ တင်သွင်းသည် မတင်သွင်းသည်၊ သို့တည်းမဟုတ်၊ နိုင်ငံတော် သမတက ထိုအချက်တခုခုကို ရသည် မရသည်၊ အကယ်၍ တင်သွင်းခဲ့သော်၊ သို့တည်းမဟုတ် ရခဲ့သော်၊ မည်သို့သော အကြံပေးချက်မျိုးဖြစ်သည်၊ သို့တည်းမဟုတ် မည်သို့သော အမည်တင်သွင်းချက်မျိုးဖြစ်သည်၊ သို့တည်းမဟုတ် မည်သို့သော အကြောင်းကြားချက်မျိုး ဖြစ်သည်ဟူသော အချက်များကို မည်သည့်တရားရုံးတွင်မျှ စစ်ကြော မေးမြန်းခြင်း မပြုရ။

ထို့နောက် ဦးမောင်က ပုဒ်မ ၁၂၁ (၁) ကို ညွှန်ပြ၍၊ ၎င်းပုဒ်မအတိုင်းဆိုလျှင် ပြည်ထောင်စု အစိုးရ၏ အုပ်ချုပ်မှု ဆိုင်ရာ အရေးယူ ဆောင်ရွက်ချက်အားလုံးကို နိုင်ငံတော် သမတနာမည်နှင့် အရေးယူ ဆောင်ရွက်သည်။ သို့ပါ၍ ဝန်ကြီးတဦးသည် နိုင်ငံတော် သမတနာမည်ကို သုံးစွဲ၍ အရေးယူ ဆောင်ရွက်ခဲ့သော်၊ ထိုဝန်ကြီးအား မည်ကဲ့သို့ အကြံပေးခဲ့သည်ကို၊ ပုဒ်မ ၆၃ (၂) အရ၊ တရားရုံးများက စစ်ဆေး မေးမြန်း ပိုင်ခွင့်မရှိ။ သို့အတွက် အတွင်းဝန်၏ တိုက်တွန်းချက် အစီရင်ခံချက် မှတ်စုများပါ ရှိသော စာရွက် စာတမ်းများကိုပင်၊ ရုံးတော်ကြီးက မကြည့်ပိုင်ဟု လျှောက်ထားသည်။

အဖတ်ကို (P.L.) ပေးရာ၌၊ နိုင်ငံတော် သမတ နာမည်နှင့် ထုတ်ပေးခဲ့သည်မှာ မှန်သော်လည်း၊ ဤကဲ့သို့ ပေးခြင်းမှာ ပုဒ်မ ၁၂၁ အရသာ ပေးခြင်းဖြစ်သည်။ နိုင်ငံတော်သမတမှာ အဖတ် အကြောင်းကို ကိုယ်တိုင် လုံးဝ သိရှိမည်မဟုတ်။ သမတအား

P.L.-Prospecting License.

၁၉၅၈
ဦးကျော်သိန်း
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်အစိုးရ။

အဖတ် ကိစ္စနှင့် ပတ်သက်၍ အကြံပေးခဲ့ခြင်းမရှိ။ [ပုဒ်မ ၆၃ (၂) တွင် ပါရှိသော တားမြစ်ချက်မှာ၊ သမတကိုယ်တိုင် မိမိ၏ သဘောအတိုင်း ဆုံးဖြတ်ရမည်ဖြစ်သော အချက် အလက်များနှင့်သာ သက်ဆိုင်မည်။ အတွင်းဝန်ရုံး၏ စာရွက် စာတမ်းများကို တရားရုံးများက စစ်ဆေး ကြည့်ရှုခြင်းမပြုပိုင်ဆိုသော လျှောက်လဲချက်ကို လက်မခံနိုင်၊ သက်သေခံ အက်ဥပဒေ* ပုဒ်မ ၁၂၃၊ ၁၂၄ အရ၊ နိုင်ငံတော်နှင့်သက်ဆိုင်သော လျှို့ဝှက်ထားရမည့် စာရွက် စာတမ်းများသို့မဟုတ် စာရွက်စာတမ်းများကို တင်သွင်းလျှင်၊ ပြည်သူတို့၏ အကျိုးကို ထိခိုက် လိမ့်မည်ဟု ဌာနအကြီးအကဲလုပ်သူက ပြောပြီး မပြဘဲ နေနိုင်ရန်အခွင့် အရေးကို တောင်းဆိုမှသာ၊ တရားရုံးများက ဘုတ်ရှု စစ်ဆေးခြင်း မပြုပိုင်။]

ဦးမောင်က ဆက်လက်၍၊ နတ်မြင်း သတ္တုတွင်းကို ဝန်ကြီးအား ယုံမှတ် အပ်နှံထားခြင်းမရှိ။ ထိုသတ္တုတွင်းတွင် လူတဦးတယောက်ကို၊ သတ္တုရှာဖွေ ထုတ်ယူခွင့်သာ ပေးနိုင်ကြောင်း။ အပ်နှံခြင်း (entrustment) နှင့် အုပ်စီးနိုင်ခြင်း (control) မှာကွဲလွဲကြောင်း။ ဝန်ကြီးက သတ္တုရှာဖွေခွင့်သာ ပေးနိုင်ကြောင်း။ ဝန်ကြီး၏ လက်တွင် အပ်နှံထားသော ပစ္စည်းမဟုတ်သည့်အပြင်၊ ဝန်ကြီး၏ ပေးပိုင်ခွင့်အာဏာသည် (Property) "ပစ္စည်းပစ္စယံ" ပင် မဟုတ်ကြောင်း။ "ပြည်သူပိုင်ပစ္စည်း" နှင့် "နိုင်ငံပိုင်ပစ္စည်း" ဆိုသည်မှာ ခြားနားကြောင်းတို့ကို အကျယ်တဝင့် လျှောက်လဲသည်။

[နိုင်ငံတော် အချုပ်အချာ အာဏာသည်၊ နိုင်ငံသားတို့အပေါ် တွင် တည်ရှိသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ "ပြည်သူပိုင်ပစ္စည်း" နှင့် "နိုင်ငံပိုင်ပစ္စည်း" ဟု ခွဲခြားဘို့ရန် မဖြစ်နိုင်သည့်အပြင်၊ အခြေခံဥပဒေပုဒ်မ ၂၂၄ ကလည်း၊ သစ်တောနှင့် သတ္တုစသည်တို့သည်၊ ပြည်ထောင်စု နိုင်ငံ၏ ပစ္စည်းဖြစ်သည်ဟု အတိအလင်း ဖေါ်ပြထားသည်။]

[ပစ္စည်းတခုကို ပေးနိုင်ခြင်း၊ ဝေခွဲနိုင်ခြင်း၊ ငှါးရမ်းနိုင်ခြင်းအာဏာ (Power of Appointment) နှင့် "ပစ္စည်း" (Property) မှ ခြားနားသည်ကို (*Exparte* Gilchrist,† *In Re* Armstrong) စီရင်ထုံးအရ လက်ခံပါသည်။] သို့သော်ထိုကဲ့သို့ ခွဲခြားရမည့် ပြဿနာမှာ၊ ဤအမှုတွင် ပေါ်ပေါက်ခြင်းမရှိ။ [နိုင်ငံတော်ကို အုပ်ချုပ်ရာ၌ ပြည်သူပိုင် ပစ္စည်းများကို နိုင်ငံတော် အစိုးရက ထိန်းသိမ်း စောင့်ရှောက်ရသည်။ သတ္တုတွင်းဌာနဝန်ကြီးမှာ သတ္တုတွင်းများ၏အုပ်ထိန်းသူ (Custodian) ဟု ယူဆရပေမည်။]

---

*Evidence Act.

† 1866 L.R.Q.B.D. 521.

၁၉၅၈

ဦးကျော်သိန်း
ပါ ၂
နှင့်
မြည်ထောင်စု
မြန်မာနိုင်ငံ
တွေ့အစိုးရ။

အိန္ဒိယ အဂတိ လိုက်စားမှု တားမြစ်ရေး ဥပဒေဘွင့် ပြည်သူ့ပစ္စည်းများနှင့် ပတ်သက်၍ ယုံမှတ်အပ်နှံထားခြင်း (entrustment)၊ အုပ်စီးခြင်း (control) ဆိုသည့်စကားနှစ်ရပ်ကို သုံးထားကြောင်းနှင့် ဦးမောင်က ဖေါ်ပြသည်။ [မြန်မာပြည် အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေတွင်] ယုံမှတ် အပ်နှံသည် ဆိုသည့်စကားရပ် တခုတည်းကိုသာ [ထည့်သွင်းထား၍]၊ အပ်နှံခြင်းနှင့် အုပ်စီးခြင်းမှာ ခြားနားကြောင်းကို ဦးမောင်က လျှောက်လဲပြန်သည်။ [သို့သော်လည်း ယုံမှတ်အပ်နှံသည် ဆိုသည့် စကားရပ်မှာ ဥပဒေစကားရပ် သက်သက်မဟုတ်။] ***Lakeside*** **v.** ***Simmonds,*** ****N. N. Burjorjee*** **v.** ***K.E.*** † စီရင်ထုံးများကို ကြည့်ပါ။ လူတိုင်းနားလည်သော စကားရပ် ဖြစ်သည့်အလျောက်၊ သတ္တုဌာနဝန်ကြီးကို အပ်နှံထားရာ၌ သတ္တုတွင်းများနှင့် ပတ်သက်၍၊ လူတဦးအား ငှါးနှိုင်ပေမည်။ လုပ်ပိုင်ခွင့် ပေးနိုင်ပေမည်။

ဦးကျော်သိန်းနှင့် ဦးကျော်မြင့်တို့သည် (P.L.) မရထိုက်သူ အဖတ်အား (P.L.) ထုတ်ပေးခဲ့ကြ၍၊ အကျင့် ဖေါက်ပြန်မှု ကျူးလွန်ရန် ရာဇဝတ်မကင်းသည့် ပူးပေါင်း ကြံစည်ခြင်းကို ပြုမူကြသည်ဟူ၍ အဂတိ လိုက်စားမှု တားမြစ်ရေး အက် ဥပဒေပုဒ်မ ၄ (၁) (ဃ) နှင့် ရာဇသတ်ကြီး ပုဒ်မ ၁၂၀ (ခ) နှင့် စွပ်စွဲသည်ကို အောက်ရုံးများက လက်ခံပြီး၊ ပြစ်မှုကျူးလွန်သည်ဟု ယူဆကာ အပြစ်ပေးခဲ့သည်။

[ယင်းသို့ ပူးပေါင်း ကြံစည်ခြင်းအားဖြင့် နောက်ဆုံးတွင် အဖတ်သည် မရထိုက်သော (P.L.) ကို ရရှိ၍ အကြံအစည် ၎ အောင်မြင်ခဲ့သည်။ သို့အကြံအစည် အောင်မြင် ထမြောက်သည်နှင့် တပြိုင်နက်၊ ကြံစည်ရုံမက ပြစ်မှုကြီးကိုပင် ကျူးလွန်ရာ ရောက်သည်ဟု ယူဆရမည်ဖြစ်၍၊ ရာဇသတ်ကြီးပုဒ်မ ၁၂၀ (ခ) နှင့် တရားမစွဲထိုက်ဟု (**Mallimogala Venkatramiah**) ‡စီရင်ထုံးတွင် ဖေါ်ပြထားသည်။ ၎င်းစီရင်ထုံးမှာ ကြံစည်သည်သာမက ပြစ်မှုကျူးလွန်သည့် အခြေသို့ ရောက်ခဲ့လျှင်၊ ပုဒ်မ ၁၂၀ (ခ) နှင့် လုံးဝ မသက်ဆိုင်ရဟု ဆုံးဖြတ်ထားသည်။ ပုဒ်မ ၁၂၀ (ခ) ကို မသုံးထိုက်ဟူသောမူကို၊ ဤရုံးတော်က လက်ခံသည်။ သို့သော် လုံးဝ မဆိုင်ဆိုသည့် စကားရပ်မှာကား လွန်လွန်းဟုသည်ဟု ယူဆသည်။] ဥပမာဆိုသော်၊ လူအများပါဝင်သော တော်လှန်ရေးကဲ့သို့ ရာဇဝတ်မကင်းသည့် ကြံစည်မှုတခုတွင် ဝေပုံကျသည့်အလျောက် တဦးက မီးရထားလမ်းဖျက်၊ တဦးက ရုံးပုံစေ့စု ရန်ထားပြတိုက်၊တဦးကရုံးများကိုမီးရှို့ခဲ့ပါလျှင်၊ အမှုတမှုထဲတွင် အားလုံးတရှိုးခံများကို စွပ်စွဲ စစ်ဆေးနိုင်ရန်၊ ပုဒ်မ ၁၂၀

* 1927 A.C. 487.
† A.I.R. (1935) Ran. 453.
‡ A.I.R. 1938 Madras 130.
P.L.-Prospecting License.

(ခ) ကို ကိုးကားနိုင်ရပေလိမ့်မည်။ ၎င်းတို့ ကျူးလွန်သော ပြစ်မှုများကို၊ ပြစ်မှုအနေနှင့် တရားမစွဲဘဲ ကြေစည်မှုအတွက် လှမ်းသော ခြေလှမ်းများအဖြစ်နှင့် သက်သေခံတင်သွင်းနိုင်သည်။ (*Abdul Salem* v. *K.E.*) * စီရင်ထုံးကို ကြည့်ပါ။

၁၉၄၉ ခုနှစ်၊ ဧပြေလ ၂ ရက်နေ့တွင် ချမှတ်သော အမိန့်မှာ၊ ဦးကျော်မြင့်သည် ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ချမှတ်သည့် အမိန့်မဟုတ်သောကြောင့် ယင်းအမိန့်ချမှတ်ခြင်းမှာ အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၄ (၂) တွင် ပါရှိသော အကျင့်ဖေါက်ပြန်မှုမဖြစ်နိုင်ဟူ၍ ယူဆကာ၊ ထိုနေ့အရင်က ကြေစည်ပြုမူချက်များကိုသာ အဓိကထား၍၊ တရားလိုက ပုဒ်မ ၁၂၀ (ခ) ကို ကိုးကားပုံရသည်။ သို့သော် ဦးကျော်သိန်းနှင့် ဦးကျော်မြင့်တို့၏ ပြုမူချက်များကို သုံးသပ် ဝေဖန်ရာ၌၊ အဖတ်ကိစ္စတခုလုံးတွင် အစ အဆုံးတလျောက်လုံး ပြုမူချက်ဟူသမျှကို ခြုံ၍ စဉ်းစားရမည်ဖြစ်သောကြောင့် ၁၉၄၉ ခုနှစ်၊ ဧပြေလ ၂ ရက်နေ့က ပြုမူချက်ကိုပါ ထည့်သွင်း စဉ်းစားရပေမည်။

[ဤအမှုတွင် ပုဒ်မ ၁၂၀ (ခ) ကို ကိုးကားရုံမျှနှင့် မှားယွင်းသည်ဟုမဆိုလို။ သို့သော် ထိုပုဒ်မကို အားထားလျှင် ရာဇဝတ်မကင်း ကြေစည်သည်ဆိုရာ၌၊ တကယ်ပင် နှစ်ဦးသဘောတူ လုပ်ကိုင်ကြသည်ဆိုသော အချက်ကို သက်သေအထောက် အထားနှင့် တရားလိုဘက်က ပြရန် တာဝန်ရှိသည်။] ထိုတာဝန်ကို ကြေနပ်လောက်အောင် တရားလိုဘက်က ထမ်းဆောင်ခဲ့ပါသလော ဟူသော ပြဿနာကို ဤရုံးတော်က ထပ်မံ၍ စစ်ဆေးရဦးမည်။

မူလစစ်ဆေးသည့် ခုံရုံးတော်က၊ ဤအချက်နှင့်ပတ်သက်၍ **Barindra Kumar Ghose** † စီရင်ထုံးကို အကိုးအကားပြသည်။ ၎င်းစီရင်ထုံးတွင် ရာဇဝတ်မကင်း ကြံစည်သူများသည် မကြံစည်မီက တကယ် သဘောတူညီချက်ယူကြသည်ကို တိုက်ရိုက်သက်ဆိုင်သော သက်သေ သာဓကပြနိုင်ရန် အလွန်ခဲယဉ်း၍၊ ၎င်းတို့အတူဖြစ်စေ၊ တဦးစီပင်ဖြစ်စေ၊ လုပ်ပုံကိုင်ပုံများကို ထောက်ထားပြီး သဘောတူညီချက် ရရှိခဲ့ကြသည်ဟု ယူဆရမည်ဖြစ်ကြောင်းဖေါ်ပြထားသည်။

ယခုအမှုတွင် ထိုကဲ့သို့ ယူဆနိုင်လောက်အောင် ကိုးကားသောအကြောင်းအချက်များကို၊ ခုံရုံးတော်က အောက်ပါအတိုင်း ဖေါ်ပြထားသည်။

(၁) ဦးထွန်းမြင့်က အသေအချာ အပြီးအစီး၊ ဦးသာဝင်းကို (P.L.) ပေးပါလျက်၊ ဦးကျော်သိန်းက ချယ်လှယ်ပြီး အမှုကို ပြန်ဖွင့်ခဲ့သည်။

(၂) ဦးကျော်မြင့်ကလည်း၊ ဥပဒေနှင့် မကိုက်ညီသော အမိန့်ကို ရာထူးမှ နုတ်ထွက်ပြီးမှ ကတိုက် ကရိုက်ချမှတ်ခဲ့သည်။

၁၉၅၈ ဦးကျော်သိန်း ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ။

---

* I.L.R. 49. Cal : 573.

† I.L.R. 37 Cal. : 467.

P.L.-Prospecting License.

၁၉၅၈

ဦးကျော်သိန်း
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်အစိုးရ။

(၃) ဦးကျော်သိန်းမှာ အတွင်းဝန်ဖြစ်၍ ဦးကျော်မြင့်မှာ ဝန်ကြီးဖြစ်သည်။
(၄) ၎င်းတို့ နှစ်ဦးက တဦးစီ တတ်နိုင်သလို ဆောင်ရွက်ကြ၍ နောက်ဆုံး၌ မရထိုက်သူ အဖတ်မှာ (P.L.) ကို ရရှိသွားသည်။

စောဒကရုံးတော်၌ အယူခံသူများ၏ ပညာရှိရှေ့နေကြီးက သဘောတူညီချက် ရှိခဲ့ကြောင်း အထောက်အထားမရှိပါဟု လျှောက်ထားခဲ့ရာ၊ စီရင်ချက်၌ ရာဇဝတ် မကင်း ကြုံစည်မှုများတွင် သဘောတူညီခဲ့ကြကြောင်း သက်သေပြနိုင်ရန် ခဲယဉ်းသည်ဟု ရေးသားထားသည်။ ထို့ပြင်၊ ဦးကျော်သိန်းက ကနဦးချယ်လှယ်သည်ကို၊ ဦးကျော်မြင့်ကလိုက်လျောခဲ့သည်။နောက်ဆုံး၌၊အဖတ်(P.L.) ရရှိသွားသည်။ ဘယ်အချိန်အခါက ၎င်းတို့နှစ်ဦး သဘောတူညီကြသည်ကိုမူ၊ တရားလိုဘက်က သက်သေမပြနိုင်သော်လည်း၊ သဘောတူညီချက် ရှိသည်ဟု ယူဆထိုက်ကြောင်း ဆက်လက် ရေးသားထားသည်။

ဤမျှလောက်နှင့် သဘောတူညီချက်ရှိခဲ့ကြသည်ဟု ဤရုံးတော်က မယူဆနိုင်။ ကိစ္စတခု ပြီးပြတ်သွားရုံနှင့် သဘောတူ ကြုံစည်ခဲ့ကြသည်ဟု ယူဆမည်ဆိုလျှင်၊ ဤအမှု၌ ဘဏ္ဍာတော်မင်းကြီးနှင့် အစိုးရ ရှေ့နေကြီးများကိုပါ ထည့်သွင်းရပေလိမ့်ဦးမည်။ အတွင်းဝန်နှင့် ဝန်ကြီးဖြစ်၍၊ အကြံတူ သဘောတူ လုပ်ကြသည်ဟု ယူဆလျှင်လည်း အလွန် မလျော်ကန်သော ယူဆချက်ပင်ဖြစ်ပေလိမ့်မည်။ ခုံရုံးတော်က ကိုးကားသော စီရင်ထုံးတွင် အင်္ဂလိပ်ဘုရင် အစိုးရကို တော်လှန်ရန် လှုံ့ဆော်ကြောင်း၊ တချိန်တည်းလိုပင် ဗုံးများ နေရာတကာ၌ ဖေါက်ခဲ့ကြောင်း၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများ နေရာအများ၌ တွေ့ရှိကြောင်း၊ တရားခံဖြစ်သူ အချို့တို့ကို စော်ဘောကပင် မသက်ဘူး၍၊ ရဲအဖွဲ့က အမြဲလိုက်လံ ကြည့်ရှုနေသောကြောင့်၊ ၎င်းတို့ ဘယ်သွားသည်၊ ဘယ်လာသည်၊ ဘာလုပ်သည်စသည်တို့ကို၊ သက်သေသာဓက အထောက်အထားပြနိုင်ရုံမျှမက အချို့တရားခံများကလည်း၊ ဖြောင့်ချက်ပေးကြသည်ကို တွေ့ရှိနိုင်သည်။ ဦးကျော်မြင့်တို့ အမှုတွင် ဤကဲ့သို့ သက်သေခံအထောက်အထားများ မရှိ၍၊ ကြိုတင် သဘောတူညီချက်ရှိသည်ဟု ယူဆရန် အကြောင်းမရှိချေ။ ယင်းသို့ဖြစ်ရာ၊ ဦးကျော်မြင့်မှာ ပြစ်မှုကျူးလွန်ခဲ့ပါလျှင် အကျင့်ဖေါက်ပြန်မှုကိုသာ ကျူးလွန်ခဲ့သူဖြစ်ပေမည်။ ဦးကျော်သိန်းမှာ ကျူးလွန်ရန် လှုံ့ဆော်အားပေးကူညီခြင်း ပြစ်မှုကိုသာ ကျူးလွန်သူ ဖြစ်ပေလိမ့်မည်။ မည်ကဲ့သို့ အားပေးကူညီပါသနည်းဟု မေးခဲ့ပါလျှင်၊ ဒေါ်နောက်ပါ အတိုင်း ဖြေဆိုရပေမည်။

ဦးကျော်သိန်းမှာ အတွင်းဝန်ဖြစ်၍ မိမိမှတဆင့် ဝန်ကြီးထံသို့ အမှုတွဲများ တင်သွင်းရသည်။ ပဌမအကြိမ် နတ်မြင်းသတ္တုတွင်းကိစ္စ စာရွက် စာတမ်းများ၊ ဦးကျော်

P.L.-Prospecting License.

သိန်းထံသို့ ဘဏ္ဍာတော်မင်းကြီးထံမှ အဖတ်ကိုပင် ပေးပါရန်ထောက်ခံချက်နှင့် ရောက်လာသည့်အခါ၌ ဦးကျော်သိန်းသည် အတော်ပင် စုံလင်စွာ ရေးမှတ်၍၊ မည်သူ့ကို ပေးသင့်သည်ဟု ဖေါ်မပြဘဲ၊ ဝန်ကြီးထံသို့ တင်ဆက်သည်။ ဦးထွန်းမြင့်ကလည်း သေချာကနစ္စာ အကြောင်းများပြပြီး၊ ဦးသာဝင်းကို (M.L.) ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ အဖတ်အတွက် ဆာပေါ်ထွန်းနှင့် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့၌ တွေ့ဆုံပြီးနောက်၊ ဦးတင်အောင်နှင့် တွေ့ကာ ၁၉၄၈ ခုနှစ်၊ စက်တင်္ဘာလ ၂ ရက်နေ့က တကြိမ်၊ ၁၉၄၈ ခုနှစ်၊ စက်တင်္ဘာလ ၆ ရက်နေ့က တကြိမ် အမိန့်ချပြန်ရာ၊ ယင်းအမိန့်များကို ထောက်ရှုခြင်းအားဖြင့်၊ မူလအခြေအနေမှာ တစုံတခုမပြောင်းလွဲဘဲ၊ ဦးသာဝင်းသာ ရရန်ဖြစ်ကြောင်း ကောင်းစွာ သိသာနိုင်သည်။

၁၉၄၉ ခုနှစ်၊ စက်တင်္ဘာလ ၁၀ ရက်နေ့က ဦးသာဝင်း ဖမ်းဆီးခံရသည်ဟုဆို၍ကြားသိရ၍၊ ဝန်ကြီး ဦးထွန်းမြင့်က ဆက်လက် ဆောင်ရွက်ခြင်းကို တားမြစ်ထားရန် အမိန့်ချမှတ်သည်။ ထိုနောက် ဦးကျော်သိန်းသည် ဦးထွန်းမြင့် ဝန်ကြီးရာထူး စွန့်လွှတ်သွားရသည်ကို ချက်ကောင်းယူ၍ နောက်ဆက်ဆံသည့်ဝန်ကြီး ဦးကျော်မြင့်ထံသို့၊ ၎င်းရာထူး လက်ခံပြီး ၁၃ ရက်မျှ အကြာတွင် အဖတ် ကိစ္စကို အစိုးရရွှေနေကြီး အကြံပေးချက်အရ၊ ပြီး ပြီးသားကိစ္စဖြစ်သော်လည်း၊ ပြန်ဖွင့်ရန် ချယ်လှယ်ခဲ့သည်။ အမှုကြားနာရာ၌လည်း၊ ဦးသာဝင်းကို အသိမပေးဘဲ ကြားနာမည့် ၁၉၄၉ ခုနှစ်၊ မတ်လ ၄ ရက်နေ့၌၊ အစိုးရရွှေနေကြီးက အကြံပေးရှိသာ၊ ဦးသာဝင်း၏ ရွှေနေကို ကြားနာစေခဲ့သည်။ အဖတ် ဦးသာဝင်းတို့နှင့် အတူ အခြား လျှောက်သူ ၆ ဦးတို့အားလည်း လုံးဝအသံမပေးခဲ့ချေ။ အမှုကို ၁၉၄၉ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့က ကြားနာစဉ်၊ ဦးသာဝင်း၏ ရွှေနေ ဦးလှဖေက လိုက်ပါ ဆောင်ရွက်ရာ၌၊ အဖတ်သည် ပြည်ထောင်စု နိုင်ငံသားစင်စစ်မဖြစ်နိုင်ကြောင်း။ ဦးသာဝင်းသာ ရထိုက်ခံကြောင်း လျှောက်ဆဲသည်။ အမှုကြားနာပြီးနောက်လည်း၊ သက်သေခံ အထောက်အထားများနှင့် အဖတ် (P.L.) မရထိုက်ကြောင်းကို လျှောက်လှောတင်သွင်းသေးသည်။

ဦးကျော်သိန်းက အမှုကိစ္စနှင့် အကြောင်းမျိုးစုံကို၊ ၁၉၄၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့စွဲနှင့် ဦးကျော်မြင့် ထံသို့ အစီရင်ခံရာ၌၊ အဖတ်သာ ရထိုက်၍၊ အဖတ်ကိုသာပေးရန် တိုက်တွန်းသည်။ ထိုအစီရင်ခံ မှတ်စုတွင် ဦးထွန်းမြင့်က ၎င်းတင်းသတ္တုတွင်းကိစ္စကို၊ နောက်ဆက်ခံမည့်ဝန်ကြီးအသစ်က တဖန်ပြန်၍ စဉ်းစား၊ ဆုံးဖြတ်စေလိုကြောင်း ပါရှိသည်။ ထိုအချက်ကို ခံရုံးတော်နှင့် စောဒကရုံးတော်တို့က ယုတ္တိမရှိ၊ မှားတုတ် မမှန်သော အစီရင်ခံချက်ဟု ဆုံးဖြတ်ချက်ချသည်။ ယင်းဆုံးဖြတ်ချက်ကို ဤရုံးတော်က

ဘ၅၅၈
ဦးကျော်သိန်း ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ။

M.L.-Mining Lease.

၁၉၅၈
ဦးကျော်သိန်း
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် အစိုးရ။

သဘောမတူနိုင်ရန် အကြောင်းမမြင်၍ လက်ခံရပေမည်။ သို့အတွက် ဦးကျော်သိန်းက ချယ်လှယ်ပြီး၊ အဖတ်အား (P.L.) ထုတ်ပေးရန်၊ ဦးကျော်မြင့်ကို လွှဲ့ဆော်ခြင်း ကြောင့်၊ ဦးကျော်သိန်းသည် ထုဇသတ်ကြီး ပုဒ်မ ၁၀၇ အရကူညီသည်ဟု ယူဆရပေမည်။

ဦးကျော်မြင့်ကို စွပ်စွဲရာ၌ အဂေ အချက်မှာ၊ အလုပ်စွန့်လွှတ်သွားရသော ဝန်ကြီး ဦးထွန်းမြင့်၌ ပေးပိုင်ခွင့်အာဏာရှိသည့် အလျောက် သက်ဆိုင်သည့် ဥပဒေနှင့် ကိုက်ညီသော (M.C.R.) ပုဒ်မ ၁၁၃ အရ၊ ဦးသာဝင်း၏ လျှောက်လွှာကို လက်ခံ၍ ရှင်းလင်း သေချာစွာ ပေးခဲ့သော ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး၊ အဖတ်ကို (P.L.) ပေးခဲ့ခြင်း ဖြစ်သည်ဟု ခုံရုံးတော် စီရင်ချက်တွင် ဖေါ်ပြပါရှိသည်။

ခုံရုံးတော်နှင့် စောဇက ရုံးတော်တို့က၊ ဦးကျော်မြင့်၏ ဖေါက်လွဲ ဖေါက်ပြန်မှု ပြုလုပ်ချက်များကို ဖေါ်ပြထား၌၊ ဦးကျော်မြင့်သည် နုတ်ထွက်စာ တင်သွင်းပြီးနောက်၊ အမှုတွဲပင်ရှေ့မှောက်တွင် မရှိဘဲလျက်၊ အိမ်ကနေ၍ အဖတ်ကို (P.L.) ပေးရန် ကတိုက် ကရိုက် အမိန့်ချမှတ်ကြောင်း။ မိမိအရင်ဆောင်ရွက်သွားသော ဝန်ကြီး ဦးထွန်းမြင့် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ဖေါ်ပြသည်။ ဦးကျော်မြင့်၏ အမိန့်က လည်း ဦးထွန်းမြင့် ရေးသားခဲ့သလို အကြောင်းအချက် အထောက်အထား များ ဖေါ်မပြဘဲ၊ ဦးကျော်မြင့်၏ အမိန့်မှာ ပြီးစလွယ် အပေါ်ရိုက ရေးသားထားသော အမိန့်ဖြစ်သည်ဟု ဆိုထားသည်။

[ဝန်ကြီးများမှာ ဆုံးဖြတ်ချက် ပေးရမည်။ သို့သော် ၎င်းတို့ ရေးသား ဆုံးဖြတ် ချမှတ်သော အမိန့်များကို တရုံးရုံးတော်က ချမှတ်သော စီရင်ချက်များနှင့်ကား မနှိုင်း ယှဉ်ထိုက်ဟု ဤရုံးတော်က ထင်မြင်သည်။ တရုံးရုံး စီရင်ချက်များမှာကဲ့သို့ အကိုး အကားနှင့် စုံစုံလင်လင် ရေးသားရန်မလို။ ဤအမှုတွင်လည်း အတွင်းဝန် ဦးကျော် သိန်းက အမှုအကြောင်းစုံလင်စွာ ဖေါ်ပြထား၍ ထပ်မံပြီး ဝန်ကြီး ဖြစ်သူက အကြောင်းပြရန်မလို။ လက်မှတ်တိုထိုးလျှင်ပင် အတွင်းဝန်၏ထောက်ခံချက်ကိုသဘော တူ သည်ဟု ယူဆရချေမည်။ ရှေးကဝန်ကြီးတဦးချမှတ်သည့် အမိန့်ကို မပယ်နိုင်ဟု ဆိုခြင်းမှာလည်း လက်ခံရန်မသင့်။ တရုံးရုံးများမှာကဲ့သို့ ရှေးကဆုံးဖြတ်ချက်ချမှတ် ခဲ့သော စီရင်ထုံးကို အမြဲတစေ လိုက်နာရသောမူကို၊ ဝန်ကြီးလုပ်ငန်းများ ဆောင်ရွက် ရာ၌ လိုက်နာနိုင်မည်မဟုတ်ပေ။ အခြေအနေ ပြောင်းလဲပါက၊ ဝန်ကြီးတဦးသည် ကိုယ်တိုင်ပင် ချမှတ်သော အမိန့်ကို ပယ်ဖျက်နိုင်ရမည်။] အရင်အစိုးရက ချမှတ်သော အမိန့်ကိုလည်းနောက်အစိုးရက ပြင်သင့်လျှင် ပြင်နိုင်ကြောင်း လက်တွေ့ပင် ဖြစ်သည်။

P.L.-Prospecting License.
M.C.R.-Mineral Concession Rule.

[သို့ပင် ဖြစ်စေကာမူ ပယ်ဖျက် ပြင်ဆင်ရာ၌ လုံလောက်သော အကြောင်း ယုတ္တိ လည်းရှိရမည်။ စိတ်စေတနာကောင်းနှင့်ပြုမူခြင်းလည်းဖြစ်ရမည်။] ရွှေနေချုပ်ကြီးက၊ ဦးကျော်မြင့်သည် အဖတ်အား (P.L.) ပေးရန် အမိန့် ချမှတ်သည်မှာ (M.C.R.) နည်းဥပဒေ ပုဒ်မ ၁၆ ကို လွန်ဆန်၍ ပေးသည်ဟုလျှောက်ထားသည်။ [ပုဒ်မ ၁၆ * အရ (C.A.) မရှိလျှင် မပေးနိုင်ပေ။ ပုဒ်မ ၁၁၃ † ကလည်း ထိုကဲ့သို့ပင် ထပ်မံ ဖေါ်ပြထားသည်ကို တွေ့မြင်ရသည်။]

၁၉၅၈

ဦးကျော်သိန်း ပါ ၂ နှင့် မြည့်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ။

ဤလျှောက်ထားချက်ကို၊ ဦးမောင်က ချေပရာတွင်၊ မြေနှင့် အခွန်တော် အက်ဥပဒေ ပုဒ်မ ၃၇(က) † ကို ကိုးကားလျက်၊ ထိုပုဒ်မ အဆိုမှာ၊ ဝန်ကြီးက သင့်လျော်သလိုပေးနိုင်ကြောင်း ထင်ထင်ရှားရှားဖြစ်သည့် အလျောက်၊ ဘယ်အတွက်ပေးသည်ဟု တရားရုံးများက မေးပိုင်ခွင့်မရှိ။ ၎င်းအပြင်နည်းဥပဒေဆိုသည်မှာ အက်ဥပဒေအရ ဖန်တီးရသည်သာဖြစ်၍၊ အက်ဥပဒေနှင့် နည်းဥပဒေတို့ ဖီလာ ကန့်လန့် ဆန့်ကျင် နေပါမူ၊ အက်ဥပဒေတွင် ပါရှိသော အချက် အလက်များကိုသာ လက်ခံရမည်ဟု လျှောက်ထားသည်။

နည်းဥပဒေမှာ ၁၉၄၆ ခုနှစ်တွင် မြေနှင့် အခွန်တော် အက်ဥပဒေ ပုဒ်မ ၆၀ (၁) အရ ဖန်တီးသော နည်းဥပဒေဖြစ်သည်။ ထိုပုဒ်မကလည်း၊ နည်းဥပဒေများကို ဖန်တီးပါက၊ အက်ဥပဒေတွင် ပါရှိသကဲ့သို့ပင် ဖြစ်စေရမည်ဟု ဆိုသည်။

[ယင်းအက်ဥပဒေနှင့် နည်းဥပဒေများမှာ လွတ်လပ်ရေးမရခင်ကပင် တည်ရှိသော ဥပဒေအချက် အလက်များဖြစ်၍၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၂၂ တွင် သတ်မှတ်ထားသည့် "လက်ရှိတရားဥပဒေ" များဖြစ်သည်။ ဤကဲ့သို့ဖြစ်သည့် အလျောက်၊ ပုဒ်မ ၂၂၆ (၁) အရ၊ ဆက်လက်ပြီး အာဏာတည်နေသည်။ သို့အတွက်

P.L.-Prospecting License.

M.C.R.-Mineral Concession Rules.

C.A.-Certificate of Approval.

* *Rule* 16.—"No prospecting license or mining lease shall be granted except to a person holding a certificate of approval from the Financial Commissioner . . . . . "

† *Rule* 113.—"When both an application or applications for a prospecting license and an application or applications for a mining lease are presented in respect of the same area, the applicant or applicants for a mining lease not being in possession of a prospecting license in respect of that area, the prior right to the concession, whether license or lease shall, subject to any order which the President may pass in any particular case, be deemed to lie with the applicant who, "being the holder of a valid certificate of approval and after compliance with the procedure prescribed by the rules, shall have been the first to file his application with the Collector.

Provided . . . . . "

† *Sec.* 38A.—". . . . . the government . . . . . may dispose of such right and powers to any person in such manner as it may deem fit."

၁၉၅၈ ဦးကျော်သိန်း ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော် အစိုးရ။

ငင်းနည်းဥပဒေနှင့် အက်ဥပဒေနှစ်ရပ်စလုံးတို့တွင်ပါရှိသော အချက်အလက်များကို သုံးသပ်၍ တခုနှင့် တခု ဆန့်ကျင်နေပါမူ၊ ပြေပြစ်အောင် ဥပဒေကောက်ယူနိုင်ရန် တထုံးထုံးများတွင် တာဝန်ရှိသည်။] ဤကဲ့သို့ အားလုံးကို ခြုံ၍ ဘတ်ရှုပြီး အဓိပ္ပါယ် ကောက်ယူခဲ့လျှင်၊ ဝန်ကြီးဌ မိမိသဘောအတိုင်း အက်ဥပဒေ ပုဒ်မ ၃၈ (က) အရ ပေးလိုသောသူကိုပေးနိုင်ခွင့်ရှိသော်လည်း၊ သဘောအတိုင်းပေးလိုပါက၊ လက်ခံမည့်သူ သည်နည်းဥပဒေ ပုဒ်မ ၁၆ အရ၊ (C.A.) ရှိမှသာ ပေးနိုင်ခွင့်ရှိရမည်ဟူ၍ အဓိပ္ပါယ် ကောက်ယူရပေမည်။

[သို့အတွက်၊ ဦးကျော်မြင့်က (C.A.) မရှိသော အဖတ်ကို (P.L.) ပေးထား၍၊ နည်းဥပဒေကို ကျူးကျော်ပြီးပေးခဲ့ခြင်းသည်၊ မျက်မြင်အားဖြင့် ဖေါက်လဲ့ ဖေါက်ပြန်မှု ပြုခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်၍] ။ ဦးကျော်မြင့်နှင့် ဦးကျော်သိန်းတို့မှာ စွပ်စွဲချက် ကို ထုချေရန် တာဝန်ရှိသည်။

မူလခုံရုံးတော်၌၊ ဦးကျော်မြင့်က မိမိချမှတ်သော အမိန့်သည် ဥပဒေနှင့် ကိုက်ညီ သည်။ ချပိုင်ခွင့် အာဏာလည်း ရှိသည်ဟု ချေပခဲ့သည်။ ထိုနောက်တဖန်၊ စောဒက ရုံးတော်၌၊ ဦးကျော်မြင့်၏ ပညာရှိရွှေနေကြီးက၊ အကယ်၍ ဦးကျော်မြင့် ချမှတ်သော အမိန့်သည်၊ ဥပဒေနှင့် မကိုက်ညီဟု ဆိုခဲ့ငြားအံ့၊ ဦးကျော်မြင့်မှာ၊ စေတနာကောင်းနှင့် ချမှတ်သည်သာဖြစ်၍ မှားယွင်းစေကာမူ အပြစ်မပေးထိုက်ကြောင်းနှင့် လျှောက်ထား ခဲ့သည်။ ဤရုံးတော်၌လည်း၊ ဤကဲ့သို့ပင် ထပ်မံ၍ လျှောက်ထားသည်။

ဦးကျော်မြင့် အစစ်ခံချက်တွင် အမှုတွဲ မိမိထံသို့ ရောက်စဉ်က၊ စာရွက် စာတမ်း များအားလုံးကို ဘတ်ရှုသည်ဟု ပါရှိသည်။ ဝန်ကြီး ဦးထွန်းမြင့်၏ ဆန္ဒမှာ နောက် ဆက်ခံသူ ဝန်ကြီးက တဖန် ဆုံးဖြတ်စေလိုခြင်းဖြစ်ကြောင်းနှင့် ဦးကျော်သိန်း၏ မဟုတ် မမှန် အစီရင် ခံစေကာမူ၊ အမှုတွဲကို ကြည့်ရှုခြင်းအားဖြင့် ဦးထွန်းမြင့်သည် ဦးသာဝင်းသာ ရရှိစေရန် အမိန့်များ ချမှတ်ကြောင်းကို တွေ့ရပေမည်။ ဦးထွန်းမြင့် စိတ်ပြောင်းခဲ့သည်ဟု ယူဆရန်၊ အမှုတွဲတွင် လုံးဝမပေါ် ပေါက်ခြင်းကိုလည်း တွေ့ရ ချေမည်။ အမှုကြားနာသည့်အခါ၌လည်း၊ ရှေ့နေ ဦးလှဖေက အဖတ်သည် ပြည်ထောင် စုသား လက်မှတ်ကို လိမ်လည်၍ ရယူထားသူဖြစ်သောကြောင့် ဦးသာဝင်းက ကန့်ကွက် ထားကြောင်း၊ ဦးထွန်းမြင့်၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ရန် အကြောင်း လုံးဝမရှိ ကြောင်း၊ အစိုးရ ရှေ့နေကြီးကလည်း အဖတ်သည် နိုင်ငံတော်သားမဟုတ်ပါက၊ ငှင်းအား မပေးနိုင်ကြောင်း၊ အစိုးရချမှတ်သည့် မူနှင့် အခြေခံ ဥပဒေပုဒ်မ ၂၁၉ တွင် ပါရှိသည့် အချက် အလက်အတိုင်းသာ သတ္တု လုပ်ငန်းများကို လုပ်ပိုင်ခွင့် ပေးနိုင်မည်

C.A.-Certificate of Approval.
P L.-Prospecting License.

ဖြစ်၍ အထူး သတိပြုသင့်ကြောင်း လျှောက်ထားခဲ့သည်။ အမိန့်မချမီ ဦးသာဝင်းက လျှောက်လွှာတခု တင်သွင်းခဲ့ပြန်ရာ၊ အဖတ်၌ တကယ်ပင် ၁၉၄၇ ခုနှစ်အတွက် (C.A.) ရှိပါသလား၊ ရှိခဲ့သော် ၁၉၄၈ ခုနှစ်အတွက် (C.A.) လျှောက်ရန်မလိုဟု၊ ဘဏ္ဍာတော်မင်းကြီးက အကြောင်းပြန်ချက်မှာ မည်သည့် အကြောင်းကြောင့်၊ ဤကဲ့သို့ ပြန်ကြားပါသနည်းဟု စုံစမ်းပါရန် လျှောက်ထားသည်။ ၁၉၄၇ ခုနှစ်အတွက် (C.A.) ရရှိကြောင်းကို မြန်မာနိုင်ငံတော် ပြန်တမ်းတွင် လွယ်ကူစွာပင် တွေ့ရှိရသည်။ မည်သည့် အကြောင်းကြောင့် အဖတ်သည် (P.L.) ကို၊ ၁၉၄၈ ခုနှစ်အတွက် ထပ်မံလျှောက်ထားရန် မလိုဟူသော အချက်ကိုမူ၊ ဘဏ္ဍာတော်မင်းကြီးထံ၌ စုံစမ်းမှုသိနိုင်မည်ဖြစ်၍၊ ဦးကျော်မြင့်က မေးမြန်းရန် အမိန့်ချမှတ်သည်။ သို့သော်လည်း ပြန်စာမိမိထံသို့မရောက်ခင်ပင် နှတ်ထွက်စာတင်ပြီးဖြစ်၍၊ အဖတ်ရနိုင်စေရန် ၁၉၄၉ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့၌ ဒရောသောပါး အမိန့်ချမှတ်ချက်ရေးခဲ့သည်။ နောက်တဖန် ဝန်ကြီး ဖြစ်လာသည့် အခါ၌လည်း၊ အဖတ် ရထားသော အခွင့် အရေးများကို ဆက်လက်ပြီး ရယူ သုံးစွဲနိုင်စေရန် အမိန့်များ ချမှတ်ခဲ့ပြန်သည်။ ဤအကြောင်း ကြောင်းများကိုစု၍ ဝေဖန်သည်ရှိသော်၊ ဦးကျော်မြင့်သည် အဖတ်၏ ကိစ္စကို ဆောင်ရွက်ရာ၌၊ သဘောရိုး* နှင့် ဆောင်ရွက်သည်ဟု ပြောဆိုနိုင်ရန် ခက်ခဲသည်။ လွှတ်တော် တရားဝန်ကြီးတဦး၊ ခရိုင်တရားမနှင့် စက်ရှင် တရားသူကြီး ၂ ဦးတို့ ပါဝင်သော ခုံအဖွဲ့နှင့် လွှတ်တော်တရားဝန်ကြီး ၃ ဦးပါဝင်သော စောဒက ရုံးတော်က ဦးကျော်မြင့်သည် သိလျက်နှင့် လမ်းရိုးလမ်းစဉ်ကို မလိုက်ဘဲ ဖေါက်လွဲ ဖေါက်ပြန် ပြုမူသည်ဟူသော ဆုံးဖြတ်ချက်ကို ဤရုံးတော်က လက်ခံရပေမည်။

ဆုဇဝတ်မကင်း ကြံစည်ခြင်းရှိ မရှိဟူသော ပြဿနာ၌၊ ဤရုံးတော်သည် အောက်ရုံးများနှင့် အယူအဆ သဘော ကွဲလွဲသည်။ သို့သော် [ဆုဇဝတ်မကင်း ကြံစည်မှု ဆိုသည်မှာ၊ ဆုသတ်ကြီး ပုဒ်မ ၁၀၇ (၂) အရ အားပေး ကူညီမှုတမျိုးပင်ဖြစ်သည်။] အယူခံသူများသည် ထုချေဆု၌၊ ဆုဇဝတ်မကင်း ကြံစည်မှုနှင့် စွဲဆိုသည့်အတွက်၊ ၎င်းတို့မှာ မည်ကဲ့သို့မျှ ထိရောက်စွာ နစ်နာသွားသည်ကို မတွေ့ရသောကြောင့်၊ ဤရုံးတော်က စွက်ဖက်ရန် အကြောင်း မရှိမချ။

အယူခံသူများသည်၊ အများပြည်သူတို့၏ အကျိုးကို ထိခိုက်အောင် လိမ်လည်သည်ဟူသော စွဲချက်နှင့် ပတ်သက်၍ အပြစ်မရရှိ၊ တရားသေလွှတ်ခြင်းပင် ခံခဲ့ကြရသည်။ တံစိုးလက်ဆောင်ယူသည်ဟုလည်း၊ တရားလိုဘက်က မစွပ်စွဲခဲ့။ သို့နှင့်လည်း ဦးကျော်မြင့်မှာ နိုင်ငံရေးသက်တမ်း ကုန်ဆုံးခဲ့ရသည်။ ဦးကျော်သိန်းမှာ နိုင်ငံတော်

၁၉၅၇ ဦးကျော်သိန်း ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ။

C.A.-Certificate of Approval.
P.L.-Prospecting License.
* Section 52 Penal Code Section 2 (25) General Clauses Act.

၁၉၅၈
ဦးကျော်ဆိန်း
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် အစိုးရ။

ဝန်ထမ်း အဖွဲ့မှ ထုတ်ပယ်ခြင်းကို ခံခဲ့ရသည်။ ဤအကြောင်းအချက်များကို ထောက်ခံပြီး အယူခံသူများ ကျခံခဲ့ကြရသည့် အပြစ်ဒဏ်မှာ၊ ပြင်းထန်လှသည်ဟု ဤရုံးတော်က ယူဆသော်လည်း၊ ပြစ်ဒဏ်ကို ခံပြီးကြပြီဖြစ်၍ သက်သာခွင့် မပေးနိုင်တော့ပေ။

ဦးမောင်၏ နောက်ဆုံး လျှောက်ထားချက်ကို ဖေါ်ပြရပေမည်။ ဖေါက်ပြန်မှုဆိုသည်မှာ၊ မည်သို့ မည်ဆုဖြစ်ကြောင်း ၁၉၄၈ ခုနှစ်၊ အက်ဥပဒေက ရှင်းလင်းချ မပြ။ ဘယ်အချိန်အခါ၌ ဘယ်ကဲ့သို့ပြုထိုက်သည် မပြုထိုက်သည်ကိုလည်းအက်ဥပဒေတွင်ဖေါ် မပြ။ ၁၉၅၁ ခုနှစ်၊ အက်ဥပဒေက ရှင်းလင်းချက်ဟူ၍ ဖေါ်ပြပြန်ရာ၌လည်းစိတ်ကူးရှိသမျှ ပြုမူချက် ပျက်ကွက်ချက် အားလုံးကို ထည့်သွင်းထားရှိ၊ ပြည်သူ့ ဝန်ထမ်းများ၏ နေ့စဉ် ဆောင်ရွက်ရသော လုပ်ရိုး လုပ်စဉ် အသေးအဖွဲ ပြုမူချက်များပင် အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေ၌ အကျုံးဝင်နေသဖြင့်၊ ပြည်သူ့ဝန်ထမ်းများမှာ အလုပ်ပင် မလုပ်ရဲအောင် ဖြစ်နေကြောင်း၊ ဤကဲ့သို့သော ဥပဒေမရှိသင့်ကြောင်း လျှောက်ထားသည်။

[ရှင်းလင်းချက်တွင် ဖေါ်ပြထားသည့် အကြောင်းအရာများမှာ အလွန် ကျယ်ဝန်းသည်] မှန်သော်လည်း၊ တရားမစွဲခင်က ကြိုတင်၍ တရားစွဲဆိုခွင့်ကို ပုဒ်မ ၆ အရ၊ရယူမည်ဖြစ်၍၊ အသေးအဖွဲ ပြုမူချက်များဖြစ်ပါလျှင်၊ ဤကဲ့သို့ သဘောတူညီချက်ကို သက်ဆိုင်သူ အကြီးအကဲက ငြင်းဆိုနိုင်ခွင့် ရှိသည်။ ထို့ပြင်လည်း၊ ဤစီရင်ချက်တွင် ဖေါ်ပြထားသည့်အတိုင်း၊ [ဖေါက်လုံ့ ဖေါက်ပြန်မှု ဆိုသည်မှာ ယုံမှုတ်အပ်နှံထားသော ပစ္စည်းနှင့်သာ သက်ဆိုင်သည်။ အခြား အကျင့် ဖေါက်ပြန်မှုများမှာ၊ ရာဇသတ်ကြီးတွင် ပါပြီး အမှုများသာဖြစ်၍၊ အမှုအသစ်မဟုတ်။ အဂတိလိုက်စားမှု တားမြစ်ရေး ဥပဒေမရှိလျှင်လည်း ရာဇသတ်ကြီးအတိုင်း စွဲဆိုနိုင်သည်။] [အမြဲတစေလာဘ်လာဘယူသည်ကို၊ တားမြစ်ရေးအက်ဥပဒေအရသာအရေးယူနိုင်သော်လည်း တကြိမ်တည်းပင် လာဘ်လာဘယူခဲ့လျှင်၊ ထိုတကြိမ်အတွက် ရာဇသတ်ကြီးအတိုင်းတရားစွဲဆိုနိုင်သည်။]

ပြည်သူပိုင် ပစ္စည်းများနှင့် ပတ်သက်၍၊ နိုင်ငံအမျိုးအစားကို လိုက်၍ ပေးသော ပြစ်ဒဏ်များ ခြားနားသည်။ အချို့သော နိုင်ငံများ၌ သက်ဆိုင်သူ အားလုံးကို သုတ်သင်သည်။ အချို့သော နိုင်ငံများမှာမူ အလုပ်ပြုတ်ရုံလောက်သာပင်။ ဝန်ကြီးဖြစ်ခဲ့လျှင် မိမိသဘောအတိုင်း နုတ်ထွက်ခြင်းဖြင့်ပင် သင့်လျော်ပြီဟု သဘောထားသည်။ ဤပြည်ထောင်စုနိုင်ငံမှာမူ၊ ရာဇဝတ်မှုဟု သတ်မှတ်ထားသည်။

[အက်ဥပဒေတွင် အဘယ်ပြုမူချက်ကို ပြုသင့်သည်၊ အဘယ်ပြုမူချက်ကို မပြုသင့်ဟု ဆုံးဖြတ်ပုံ ဆုံးဖြတ်နည်း တစုံတရာ ညွှန်ကြားထားခြင်းမရှိသည်မှာ မှန်သည်]။ သို့အတွက် ဤအမှုမျိုးကို စစ်ဆေးရာ၌ တရားရုံးတော်များက၊ သူတဦးတယောက်သည် တခုခုသော ပြုမူချက်ကို ပြုကျင့်ခဲ့ရာ၊ ထိုအချိန်အခါ၌၊ ပတ်ဝန်းကျင် အခြေ အနေကို

ထောက်ထားပြီး၊ ယင်းကဲ့သို့သော အခြေ အနေ၌ သတိတရား ရှေသွားပြုကာယုတ္တိတန် စွာ ဆင်ခြင် စဉ်းစားတတ်သူတဦးသည်၊ စိတ်ကောင်း စေတနာကောင်းနှင့် မည်ကဲ့သို့ပြုမူမည်ကို ခွဲခြန်ဆပြီး ဆုံးဖြတ်ရပေမည်။] * အခြားနည်းမရှိနိုင်။ ဤအမှုတွင်လည်း ဤကဲ့သို့ပင် ခွဲခြန်ဆ၍ ဆုံးဖြတ်သည်။

၁၉၅၈
ဦးကျော်သိန်း ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ။

ဦးမောင်က ဤကဲ့သို့သော အက်ဥပဒေ မရှိထိုက်ဟု ဆိုသည်ကို၊ ဤရုံးတော်က ဝေဖန်လျှင် သင့်လျော်မည်မဟုတ်။ [ဥပဒေဖန်တီးရေး အာဏာသည် အခြေခံဥပဒေပုဒ်မ ၉၀ အရ၊ ပါလီမန်လွှတ်တော်၌သာရှိသည်။ ယင်းသို့ ဖန်တီးသောဥပဒေသည် အခြေခံဥပဒေကို မထိခိုက် မဆန့်ကျင်ခဲ့သော် တရားဝင် တည်မြဲရမည်သာဖြစ်သည်။ ဤအဂတိ လိုက်စားမှု တားမြစ်ရေး ဥပဒေသည်လည်း၊ အခြေခံ ဥပဒေကို တစုံတရာမျှ မထိခိုက် မဆန့်ကျင်သောကြောင့်၊ တည်မြဲရပေမည်] ။ နိုင်ငံတော် အစိုးရက အဂတိလိုက်စားခြင်းကို လုံးဝတားမြစ်ရန် ကြိုးစားရာ၌ ပြည်သူ့ဝန်ထမ်းများသည် လမ်းလွဲမလိုက်ရေး တိကျပြတ်သားစွာ ပြဋ္ဌာန်းထား၍၊ လမ်းလွဲလိုက်ပါကတရားရုံးများက ဥပဒေအတိုင်း ဆောင်ရွက်ဘို့ တာဝန်ရှိသည်သာ ဖြစ်သည်။ ၎င်းအချက်နှင့် ပတ်သက်၍ (*Queen* v. *Tolson*) † စီရင်ထုံးတွင်တရားဝန်ကြီး (Manisty, J.) ချမှတ်ခဲ့သောမူကိုတရားရုံးများကလိုက်နာကျင့်သုံးသင့်သည်ဟု ထင်မြင် ယူဆသည်။ ထိုမူမှာ အောက်ပါ အတိုင်း ဖြစ်သည်။

> "ကျွန်ုပ်၏ သဘောထားမှာ အက်ဥပဒေ၌ ရေးသားထားသော စကားများသည် ရှင်းလင်း ပြတ်သားလျက် ရှိပေသောကြောင့်၊ ရုံးများ၏ အဓိက တာဝန်သည်ကား ဥပဒေကဆိုသည့်အတိုင်း လိုက်နာ ဆောင်ရွက်ရန်သာ ဖြစ်တော့သည်။ အကယ်၍ ဥပဒေကို ပြင်ဆင်သင့်သည်ဟု ယူဆခဲ့ပါမူ၊ သို့ပြင်ဆင်ရန် အရေးမှာ၊ ပြင်ဆင် ပိုင်ခွင့် အာဏာရှိသည့် ဥပဒေပြု လွှတ်တော်၏ အရေးသာ ဖြစ်ပေသည်။" ‡

ယင်းသို့ဖြစ်ရာ အထက်ပေါ်ပြပါ အကြောင်းများကို ဖော်ထားပြီး၊ အယူခံလွှာကိုပယ်လိုက်သည်။

---

* **A reasonable and prudent man, acting in good faith.**

† **1889 23 Q.B.D. 163.**

‡ **"Such being the plain language of the Act, it is, in my opinon, the imperative duty of the Court to give effect to it, and to leave it to the legislature to alter the law if it thinks it might be altered."**

တရားလွှတ်တော်ချုပ်

† ၁၉၅၄ ခြေကုတ်လ ၂၃ ရက်။

ဦးဘဖေ ပါ ၇ (အယူခံတရားလိုများ)

နှင့်

ဦးလွန်းမောင် ပါ ၂ (အယူခံတရားခံများ)*

ပြဋ္ဌာန်းသောစကား၊ အဓိပ္ပါယ် ကောက်ယူခြင်း၊ အာဏာတွင်က အမိန့်နှင့် ညွှန်ကြားချက်၊ မည်သည့် အခါ အာဏာတွင်က အမိန့်ကို ညွှန်ကြားချက်ဟု ယူဆနိုင်ခြင်း၊ အာဏာတွင်ကဖြစ်သည် ညွှန်ကြားချက်ဖြစ်သည်ဟု မဆုံးဖြတ်မီ၊ တရားရုံးများ သုံးသပ်ရမည့် အချက်များ၊ အာဏာတွင်ကအမိန့်ဟု မဆုံးဖြတ်မီ၊ စီစစ်ရမည့် အချက်များ၊ ရန်ကုန် ဆူးလေစေတီတော်နှင့် စပ်လျဉ်းသည့် ယုံမှတ်အပ်နှံခြင်းအတွက် ၄စီမံ ဆောင်ရွက်ရန် စည်းကမ်းချက် စကင်း ဥပဒေအပိုဒ် ၆ (ခ)၊ အာဏာတွင်ကအမိန့် ညွှန်ကြားချက်မဟုတ်။ ပြတ်တောင်း ပြတ်တောင်း (intermittently) ကြော်ငြာခြင်းသည် ဆက်လက် (successively) ကြော်ငြာခြင်း မဟုတ်။

ဆုံးဖြတ်ချက်။ ။ပြဋ္ဌာန်းသောစကားများ၏ အဓိပ္ပါယ်ကို ကောက်ယူရာတွင် ဦးစွာပဌမ ၎င်းတို့၏ ရိုးရိုးသဘောအဓိပ္ပါယ်ကို လက်မလွှတ်ဘဲ၊ ကောက်ယူရမည်ဟူသော စည်းမျဉ်း ဥပဒေသနှင့် အညီ မျက်မြင်အားဖြင့် အာဏာတွင်ကဖြစ်သော စကားများကို ကောင်းမွန်ခိုင်မာသောအကြောင်း မရှိဘဲနှင့် ညွှန်ကြားချက်များမှသာ ဖြစ်သည်ဟု အဓိပ္ပါယ် မကောက်ယူရ။

Halsbury's Laws of England, Second Edition, Vol. 31, page 529, para (692) ကို ရည်ညွှန်းသည်။

အာဏာတွင်က အမိန့်များဆိုသည်မှာ၊ ၎င်းတို့အတိုင်းမလိုက်နာဘဲ၊ ပြုလုပ်လျှင် ပြုလုပ်သော အမှုကိစ္စမတည်မြဲဘဲ၊ ပျက်ပြယ်ရမည့် အမိန့်များဖြစ်သည်။

ညွှန်ကြားချက်များဆိုသည်မှာ၊ ၎င်းတို့အတိုင်း အတိအကျ မလိုက်နာခဲ့သော်လည်း၊ အဓိက အချက်များတွင် (substantially) လိုက်နာခဲ့လျှင် ပြုလုပ်ခဲ့သော အမှုကိစ္စမပျက်ပြယ်ဘဲတည်နိုင်သော အမိန့်များဖြစ်သည်။

(Craises on Statute Law, Fifth Edition, page 240) ကို ရည်ညွှန်းသည်။

မျက်မြင်အားဖြင့် အာဏာတွင်ကဖြစ်သော အမိန့်ကို ခိုင်မာသော အကြောင်းရှိလျှင်၊ ညွှန်ကြားချက်မျှသာဖြစ်သည်ဟု အဓိပ္ပါယ် ကောက်ယူနိုင်သေးသောကြောင့်၊ အမိန့်ပြဋ္ဌာန်းချက် တခုခု၏ အဓိပ္ပါယ်ကို မကောက်ယူမီ၊ ထိုအမိန့်ချက်ပါ၊ စကားလုံးများကိုသာကြည့်၍ မနေဘဲ တရားရုံးများသည်၊ ထိုအမိန့်ပြဋ္ဌာန်းချက်များ ပါသော၊ ဇာတ်ဥပဒေ၊ နည်းဥပဒေ၊ စ ကင်းအစရှိသောသက်ဆိုင်ရာ

---

* ၎၅၅၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးသိန်းဖေမောင်၊ နိုင်ငံတော် တရားဝန်ကြီး ဦးမြင့်ဂိုန်းနှင့် တရားလွှတ်တော် တရားဝန်ကြီး ဦးသောင်းစိန်တို့ ဒီဝှမ့ောက်တွင် တရားဝန်ကြီးချုပ် ဦးသိန်းမောင် အမိန့်ချမှတ်သည်။

မှတ်ချက်။ ။ဤစီရင်ချက်ကို၊ သက်ဆိုင်ရာ မြန်မာနိုင်ငံ စီရင်ထုံးတွင် ထည့်သွင်း ဖေါ်ပြခြင်း မပြုခဲ့မိသဖြင့်၊ ယခုမှ ထည့်သွင်းဖေါ်ပြရခြင်းဖြစ်ပါသည်။

ပြဋ္ဌာန်းချက်တစောင်လုံးကိုငဉ်း၊ ထိုသက်ဆိုင်ရာ ပြဋ္ဌာန်းချက် တစောင်လုံး၏ အလေးအလေးနှင့် ရည်ရွယ်ချက်တို့ကိုငဉ်း သုံးသပ်ပြီးမှသာလျှင်၊ ထိုစကားလုံးမျာ်း၏ အဓိပ္ပါယ်ကိုကောက်ယူပြီးလျှင် သက်ဆိုင်ရာ အမိန့်သည်၊ စင်စစ်ပင်၊ အာဏာတ်ကဖြစ်သည်၊ သို့တည်းမဟုတ် ညွှန်ကြားချက်မျှသာ ဖြစ်သည်ဟု စီရင် ဆုံးဖြတ်ရမည်။

ဦးဘစေ ပါ ၃ နှင့် ဦးလှန်းမောင် ပါ ၂။

(Craises on Statute Law, Fifth Edition, pp. 242 to 243) ကို ရည်ညွှန်းသည်။

သက်ဆိုင်ရာ အမိန့်တွင်ပါသော အာဏာတ်က စကားလုံးမျာ်း၏ အဓိပ္ပါယ်ကို ကောက်ယူရာ၌၊ အမိန့်ပါသော အက်ဥပဒေ၊ စကင်း သို့မဟုတ်အခြားပြဋ္ဌာန်းချက် တစောင်လုံး၏ အလေးအလေးနှင့် ရည်ရွယ်ချက်မျာ်းကို ထောက်ရှုပြီးလျှင်၊ အကယ်၍ ထိုအမိန့်သည် အမျာ်းပြည်သူ၏ အကျိုးငှါ၊ သို့မဟုတ် အမျာ်းပြည်သူနှင့် သက်ဆိုင်သော တရားဖြောင့်မှန်မှုတိုးတက်စေရန် ရည်ရွယ်ပြဋ္ဌာန်းသော အမိန့်ဖြစ်ကြောင်း တွေ့မြင်ရလျှင်၊ ထိုအမိန့်သည် အတိအကျ လိုက်နာရမည့် အာဏာတ်က အမိန့် ဖြစ်သည်ဟု အဓိပ္ပါယ် ကောက်ယူရမည်။

(Halsbury's Laws of England, Second Edition, Vol. 31 page 530, para 692) ကို ရည်ညွှန်းသည်။

ရန်ကုန်မြို့၊ ဆူးလေစေတီတော်နှင့်စပ်လျဉ်းသည့် ယုံမှတ်အပ်နှံခြင်းအတွက် စီမံဆောင်ရွက်ရန်၊ စည်းကမ်းချက် စကင်း ဥပဒေအပိုဒ် ၆ (ခ) ပါ၊ ၁၅ ရက် ဆက်လက်ကြော်ငြာရမည်ဟူသော စကာ်မျာ်းကို စီစစ်သော်၊ ၎င်းတို့သည်၊ မျက်မြင်အာ်းဖြင့် အာဏာတ်က အမိန့်အဓိပ္ပါယ် သက်ရောက်သော စကာ်မျာ်းဖြစ်ကြသည်။ ထိုအမိန့် ပြဋ္ဌာန်းချက်သည်၊ အမျာ်းပြည်သူတို့၏ အကျိုးငှါဖြစ်ကြောင်း၊ တနည်းအာ်းဖြင့် သက်ဆိုင်ရာ အမျာ်းဆုံးသိ၍ ရွေးကောက်ပဲသည်လည်း၊ အမျာ်းပြည်သူတို့ အလိုငှါ၊ တရားဖြောင့်မှန်သော ရွေးကောက်ပဲဖြစ်စေရန်၊ ရည်ရွယ်ချက် ရှိကြောင်း ထင်ရှာ်းသည်။ ၁၅ ရက် ဆက်လက် ကြော်ငြာရမည်ဟူသော အမိန့်၊ ပြဋ္ဌာန်းချက်ကို ညွှန်ကြားချက်မျှသာဖြစ်သည်ဟု အဓိပ္ပါယ် ကောက်ယူရန်လည်း အကြောင်းမရှိသည်သာမက၊ ညွှန်ကြားချက်မျှသာဖြစ်သည်ဟု ကောက်ယူလျှင်ရွေးကောက်ပဲနှင့် စပ်လျဉ်း၍ မျာ်းစှာ အငြင်းအခုံဖြစ်ဘွယ်ရှိသည်။ ၁၅ ရက် ဆက်လက်ကြော်ငြာရမည်ဟူသော အမိန့်သည် တိကျပြတ်သာ်းသည်။ သို့တိကျပြတ်သာ်းသော အမိန့်ကို၊ အတိအကျ လိုက်နာရမည်၊ အာဏာတ်က အမိန့်မဟုတ်၊ အဓိက လိုက်နာလျှင်ပြီးသည့် ညွှန်ကြာ်ချက်မျှသာ ဖြစ်သည်ဟု ဆိုခြင်းကို မလိုလာ်းအပ်ပေ။ ထို့ကြောင့် ၁၅ ရက် ဆက်လက်ကြော်ငြာရမည်ဟူသော အမိန့်ပြဋ္ဌာန်းချက်သည်၊ တိကျစွာ လိုက်နာရမည့် အာဏာတ်က အမိန့်၊ ထိုကဲ့သို့ မလိုက်နာလျှင်၊ ရွေးကောက်တင်မြှောက်ခြင်း ပျက်ရမည့်အမိန့်ဖြစ်သည်။

ပြတ်တောင်း၊ ပြတ်တောင်း (intermittently) ကြော်ငြာခြင်းသည်၊ ဆက်လက် (successively) ကြော်ငြာခြင်းမဟုတ်၊ သတင်းစာ တစောင်တွင် ၄ ကြိမ်၊ အခြာ်းသတင်းစာ တစောင်တွင် ၄ ကြိမ်မျှ၊ ဘဏ္ဍာတော် အဖွဲ့က ကြော်ငြာခဲ့ခြင်းသည် ၁၅ ရက် ဆက်လက် ကြော်ငြာခြင်း မဟုတ်သဖြင့် စကင်းဥပဒေအပိုဒ် ၆ (ခ) နှင့် မကိုက်ညီ။

အယူခံ ဟရားလိုမျာ်းအတွက်၊ လွှတ်တော်ရွှေနေ ကြီး ဦးဘဝင်း လိုက်ပါ ဆောင်ရွက်သည်။

အယူခံတရားခံမျာ်းအတွက်၊ လွှတ်တော်ရွှေနေကြီး ဦးဘမောင် လိုက်ပါ ဆောင်ရွက်သည်။

၁၉၅၄ ဦးဘဖေ ပါ ၇ နှင့် ဦးလွန်းမောင် ပါ ၂။

ဦးသိမ်းမောင်။ ။ရန်ကုန်မြို့၊ ဆူးလေ စေတီတော်နှင့် စပ်လျဉ်းသည့်၊ ယုံမှတ်အပ်နှံခြင်းအတွက်၊ စီမံဆောင်ရွက်ရန်၊ စည်းကမ်းချက် စကင်းညဉဒေကို၊ ရန်ကုန်မြို့ တရားလွှတ်တော်က၊ ၁၉၅၂ ခုနှစ်၊ တရားမကြီးမှု နံပါတ် ၃၇၉ တွင် သတ်မှတ် ပြဋ္ဌာန်း၍ ပေးခဲ့လေသည်။

ထိုစကင်း ဥပဒေအရ၊ ရွေးကောက်တင်မြှောက်ခြင်း ခံရသော၊ ဘဏ္ဍာတော်ထိန်း လူကြီးများသည်၊ ရွေးကောက် တင်မြှောက်ခြင်းကို၊ တရားလွှတ်တော်က အတည်ပြုသည့်နေ့မှ ၅ နှစ်အတွက်သာ၊ ဘဏ္ဍာတော်ထိန်း အဖြစ်၌ တည်မြဲကြသည်။

၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်၊ ရာထူးသက်တမ်း ၅ နှစ် ကုန်ဆုံး၍ ဘဏ္ဍာတော်ထိန်းအဖြစ် ရပ်စဲကြရမည့် ပုဂ္ဂိုလ်များမှာ၊ ဦးရွှေဘ၊ ဦးဘိုးတုံ၊ ဦးချန်ထွန်း၊ ဦးဘသင်၊ ဦးဘခင်၊ ဦးမောင်မောင်စိန်နှင့် ဦးဘထွန်း ပေါင်း ၇ ယောက် ဖြစ်သည်။

ပုဂ္ဂိုလ် ၇ ဦးပါဝင်သော၊ ဘဏ္ဍာတော်ထိန်းအဖွဲ့က၊ ဘဏ္ဍာတော်ထိန်း လူကြီးသစ်များအဖြစ်နှင့် ရွေးကောက်ခြင်း ခံလိုသူများအမည်တင်သွင်းသည့် စာလွှာများ တင်ရန်၊ ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ကို၊ နောက်ဆုံးထား၍ ကြေငြာခဲ့လေသည်။

သို့ကြေငြာရာ၊ အရွေးကောက်ခံလိုသူ ပုဂ္ဂိုလ် ၉ ဦးက၊ အမည်တင်လွှာများကို အချိန်မီ တင်သွင်းခဲ့ကြလေသည်။ ထိုပုဂ္ဂိုလ် ၉ ဦးအနက်၊ တဦး၏ အမည်တင်လွှာကို၊ စကင်းဥပဒေနှင့် မညီညွတ်ဟု အကြောင်းပြပြီး၊ ဘဏ္ဍာတော်ထိန်း အဖွဲ့က ပယ်လိုက်လေသည်။ အခြားပုဂ္ဂိုလ်တဦးကလည်း မိမိ၏ အမည်တင်လွှာကို ပြန်၍ ရုပ်သိမ်းခဲ့လေသည်။

သို့အတွက်၊ ဘဏ္ဍာတော်ထိန်းအဖွဲ့က၊ ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင်၊ ဦးဘဖေ၊ ဦးဘခင်၊ ဦးဘထွန်း၊ ဦးဘသင်၊ ဦးငွေ၊ ဦးရွှေဘနှင့် ဦးဖေအောင်တို့သည်၊ ဘဏ္ဍာတော်ထိန်းလူကြီးသစ်များအဖြစ်၊ ရွေးကောက်တင်မြှောက်ခြင်း ခံရကြကြောင်း ကျေညာခဲ့လေသည်။

ထို့နောက် ဘဏ္ဍာတော်ထိန်းအဖွဲ့သည်၊ ထိုအဖွဲ့၏ အမှုဆောင် ဝန်ကြီးကို၊ ကိုယ်စား ပြု၍ အဆိုပါ၊ ပုဂ္ဂိုလ် ၇ ဦး အရွေးကောက်ခံရခြင်းကို အတည်ပြု၍ ပေးပါရန်၊ တရားလွှတ်တော် မူလဘက်တွင် လျှောက်ထားခဲ့လေသည်။

တရားလွှတ်တော် မူလဘက်က၊ ကိန်းကွက်လိုသူများ ကန့်ကွက်နိုင်ကြောင်း ကြေငြာသောအခါ၊ ဦးလွန်းမောင်နှင့် ဦးအုံးမောင်တို့ကကန့်ကွက်ကြလေသည်။

သူတို့၏ ကန့်ကွက်လွှာမှာ၊ အချက်ပေါင်းများစွာပြု၍၊ ထားသော်လည်း၊ ယခု အမှုနှင့် ကန့်ကွက်ချက်တခုသာလျှင် သက်ဆိုင်သည်။

၁၉၅၉
ဦးဘလေ ပါ ၃
နှင့်
ဦးလွန်းမောင်
ပါ ၂။

ထိုကန့်ကွက်ချက်မှာ၊ ဘဏ္ဍာတော်ထိန်း လူကြီး အသစအဖြစ် ရွေးကောက်ခြင်း ခံလိုသူများ အမည်တင်သွင်းရန် ကြော်ငြာခြင်းသည်၊ စကင်း ဥပဒေအပိုဒ် ၆ (ခ) နှင့် မညီညွတ်သည့်အတွက်၊ အဆိုပါ ပုဂ္ဂိုလ်များ ရွေးကောက်ခံရခြင်း အတည်မဖြစ်ထိုက်ပါ ဟူသော ကန့်ကွက်ချက်ဖြစ်သည်။

စကင်းဥပဒေပုဒ်မ ၆ (ခ) မှာအောက်ပါအတိုင်းဖြစ်သည်။ "၆ ဘဏ္ဍာတော်ထိန်း ဂေါဟကလူကြီး ရွေးကောက်ခြင်း အကြောင်း အလုပ်လက်ရှိဖြစ်သော၊ ဘဏ္ဍာတော်ထိန်း ဂေါဟကလူကြီးများက၊ ဂေါဟက လူကြီးသစ်များ ရွေးကောက်ပွဲကို၊ အောက်ပါနည်းလမ်းအဘိုင်း စီမံဆောင်ရွက်ရမည်"

(က) * * * * * * *

* * * * * * *

(ခ) ဘဏ္ဍာတော်ထိန်း ဂေါဟကလူကြီးရာထူး လစ်လပ်သည့် အခါ၌၊ အလုပ်လက်ရှိ၊ ဘဏ္ဍာတော်ထိန်း ဂေါဟကလူကြီးများက၊ ထိုလင်္ဂလပ်သည်မှ တလအတွင်း၊ နေ့စဉ် ထုတ်ဝေသည့်၊ မြန်မာသတင်းစာနှစ်ခုတွင်၊ ရွေးကောက်ရန် အမည်တင်သွင်းသည့်၊ စာလွှာ များ မည်သည့်နေ့ရက်တွင် တင်သွင်းကြရမည်ဟု၊ ရက်ချိန်း သတ်မှတ်ဘော်ပြလျက် ၁၅ ရက် ဆက်လက်ကြော်ငြာရမည်။"

စကင်း ဥပဒေအပိုဒ် ၆ (ခ) မှာ၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဖြစ်သော်လည်း၊ ဘဏ္ဍာတော်ထိန်းအဖွဲ့က၊ ကြော်ငြာများကို၊ အောက်ပါ အတိုင်းသာလျှင် သတင်းစာများတွင် ထည့်သွင်းခဲ့လေသည်။

ရန်ကုန်သတင်းစာတွင်၊ ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှာ တကြိမ်၊ ၉ ရက်နေ့မှာ တကြိမ်၊ ၁၅ ရက်နေ့မှာတကြိမ်၊ ၂၅ ရက်နေ့မှာတကြိမ် ပေါင်း ၄ ကြိမ်။

မဏ္ဍိုင် သတင်းစာတွင်၊ ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တကြိမ်၊ ၁၁ ရက်နေ့ တကြိမ်နှင့် ၂၆ ရက်နေ့ တကြိမ် ပေါင်း ၄ ကြိမ်။

ဦးလွန်းမောင်နှင့် ဦးအုံးမောင်တို့၏ ကန့်ကွက်ချက်မှာ၊ စကင်း ဥပဒေအရ၊ မြန်မာသတင်းစာနှစ်စောင်တွင်၊ ၁၅ ရက် ဆက်လက် ကြော်ငြာရမည် ဖြစ်ပါလျက်၊ မည်သည့်သတင်းစာတွင်မျှ ၁၅ ရက်ဆက်၍ မကြော်ငြာဘဲ၊ သတင်းစာနှစ်စောင်တွင်၊ စာစောင်လျှင် ၄ ကြိမ်ကျ၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း၊ ပြတ်တောင်း ပြတ်တောင်းသာ ကြော်ငြာခဲ့သည့်အတွက်၊ စကင်း ဥပဒေနှင့်မညီ၍၊ ဘဏ္ဍာတော်ထိန်း လူကြီးသစ်များ ရွေးကောက်ခံရခြင်း အတည်မဖြစ်ထိုက်ပါ ဟု ကန့်ကွက်ခြင်းဖြစ်သည်။

၁၉၅၄
ဦးဘဖေ ပါ ၇
နှင့်
ဦးလှန်းမောင်
ပါ ၂။

ထိုကန့်ကွက်ချက်များကို၊ ဖြေကြားရာ၌ အမှုဆောင် လူကြီး ဦးဘထွန်းက၊ စကင်း ဥပဒေအပိုဒ် ၆ (ခ) က၊ (၁၅ ရက် ဆက်လက် ကြော်ငြာရမည်) ဟူ၍သာ ဆိုကြောင်း။ နေ့စဉ် ရက်ဆက် ၁၅ ရက်ကြော်ငြာရမည်ဟု မဆိုကြောင်း။ ကြော်ငြာမျှားကိုလည်း၊ ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍၊ ၂၇ ရက်နေ့အထိ၊ သတင်းစာမျှားတွင် ထည့်သွင်းခဲ့ပြီးဖြစ်ကြောင်း ဖြေကြားခဲ့လေသည်။

တရားလွှတ်တော် မူလဘက် တရားဝန်ကြီးက (စည်းမျဉ်းတွင် ပါသော၊ စည်းကမ်းနှင့် လုံးလုံး လျားလျား ကိုက်ညီခြင်းမရှိသော်လည်း၊ အဆိုပါ ကြော်ငြာခြင်းသည် စည်းမျဉ်းတွင် ပါဝင်သော ရည်ရွယ်ချက်ကို အထမြောက်သော အခြေသို့ ရောက်စေနိုင်သည်ဟုယူဆ၍)၊ လူကြီးသစ် ၇ ဦးတို့၏ ရွေးကောက်ခံရခြင်းကို အတည်ပြုလိုက်သည်။

ဦးလှန်းမောင် နှင့် ဦးအုံးမောင်တို့က၊ တရားလွှတ်တော် အယူခံဘက်သို့၊ အယူခံဝင်သောအခါ၊ အယူခံဘက် တရားဝန်ကြီးများက၊ မြန်မာသတင်းစာ နှစ်စောင်တွင်၊ ၁၅ ရက် ဆက်လက် ကြော်ငြာရမည်ဟု စကင်း ဥပဒေတွင် အတည့်အလင်းပါရှိနေသည့် အတွက်၊ ထိုကဲ့သို့ ကြော်ငြာခဲ့မှသာလျှင်၊ ရွေးကောက်ခြင်း၊ အတည်ဖြစ်နိုင်ကြောင်း။ သတင်းစာမျှားတွင် ပို၍ ကြော်ငြာလေလေ၊ မဲပေးနိုင်မည့်ပုဂ္ဂိုလ်များ ပို၍သိလေလေ ဖြစ်နိုင်ကြောင်းမူလ ရုံးတော်သည် ကြော်ငြာမျှားကို၊ နေ့စဉ် ထုတ်မြန်မာသတင်းစာ နှစ်စောင်တွင်၊ ရက်ခြား ထည့်ခဲ့သော်လည်း၊ အကြိမ်ပေါင်း ၁၅ ကြိမ်စီ ထည့်ခဲ့သည်ဟု အထင်မှားခဲ့ပုံပေါ်ကြောင်း အကြောင်းပြပြုလျှင်၊ တရားလွှတ်တော် မူလဘက်အမိန့်ကို ပယ်ဖျက်လိုက်လေသည်။

သို့အတွက် ဘဏ္ဍာတော်ထိန်းအမှဲ့ အမှုဆောင်လူကြီး ဦးဘထွန်းက၊ ဤရုံးတော့်တွင် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ အယူခံဝင်ခွင့် တောင်းပြီးလျှင်၊ အယူခံဝင်ခဲ့လေသည်။

သို့ရာတွင်၊ သူအယူခံဝင်ခွင့် တောင်းခဲ့သည်မှာ၊ တရားလွှတ်တော် မူလဘက်အမိန့်အရ၊ ရွေးကောက်ခြင်း ဒီတည်ပြုခံရသော၊ လူကြီး ၇ ဦးအတွက် ဖြစ်သည်။ ရွေးကောက်ပွဲ ကျင်းပခဲ့သော ဘဏ္ဍာတော်ထိန်း လူကြီးဟောင်း ၇ ဦးအတွက် မဟုတ်ချေ။ သို့ပင်ဖြစ်လင့်ကစား လူကြီးဟောင်း လေးဦးသည်၊ အရွေးကောက်ခံခဲ့ကြရသော သူ ၇ ဦးထဲတွင် အပါအဝင်ဖြစ်ကြ၍၊ ယခုအယူခံမှုအတွက်၊ ဦးဘထွန်းကို ကိုယ်စားပြုကြသော်သူ ၇ ဦးထဲမှာလည်း ၄ ဦးသည် ပါဝင်လျက်ရှိသည်။ ထို ၄ ဦးမှာ ဦးရွှေဘ၊ ဦးဘသင်၊ ဦးဘခင်နှင့် ဦးဘထွန်းဖြစ်သည်။ ထိုလူဟောင်း ၄ ဦးပါရှိနေသောကြောင့်၊ ဤရုံးတော်က အယူခံလွှာကို လက်ခံခဲ့လေသည်။

အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း၊ ဤအယူခံမှုမှာ ဆုံးဖြတ်ဘို့ အချက်တခု သာရှိသည်။ ၎င်းမှာ စကင်း ဥပဒေက (နေ့စဉ်ထုတ်ဝေသည့်၊ မြန်မာသတင်းစာနှစ်ခု

တွင်၊ ရွေးကောက်ရန် အမည်တင်သွင်းသည့်စာလွှာများ မည်သည့်နေ့ရက်တွင် တင်သွင်းကြရမည်ဟု ရက်ချိန်း သတ်မှတ် ဘော်ပြလျက် ၁၅ ရက် ဆက်လက် ကြော်ငြာရမည်) ဟု ပါရှိပါလျက်၊ သတင်းစာ နှစ်စောင်တွင်၊ တစောင်လျှင် (၄) ကြိမ်ကျသာ၊ ပြတ်တောင်း ပြတ်တောင်း ထည့်ခဲ့သည့်အတွက် ရွေးကောက်ခြင်းသည်၊ စကင်း ဥပဒေ အရတည်ထိုက် မတည်ထိုက်ဟူသော အချက်ဖြစ်သည်။ (*)

၁၉၅၇ ဦးဘခေ ပါ ၃ နှင့် ဦးလှန်းမောင် ပါ ၂။

ဤအချက်နှင့် စပ်လျဉ်း၍၊ ရွေးဦးစွာ စကင်း ဥပဒေအပိုဒ် ၆ (ခ) က၊ ၁၅ ရက် ဆက်လက် ကြော်ငြာရမည် ("they shall advertise it * * * in two Burmese Daily Newspapers for 15 days successively") ဟူ၍သာ ဆိုကြောင်း။ နေ့စဉ် ရက်ဆက် ၁၅ ရက် (15 days consecutively) ဆက်လက် ကြော်ငြာရမည်ဟု မဆိုကြောင်း။ အမှုဆောင်လူကြီး ဦးဘထွန်း၏ ချေပ ချက်ကို စဉ်းစားရချေမည်။ ၎င်းကို စဉ်းစားသောအခါ ပြတ်တောင်း ပြတ်တောင်း (intermittently) ကြော်ငြာခြင်းသည်၊ ဆက်လက် (successively) ကြော်ငြာခြင်း မဟုတ်ကြောင်း ထင်ရှားသည်။ ထို့မှတပါး ရန်ကုန် သတင်းစာတွင် ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှာ တကြိမ်၊ ၉ ရက်နေ့မှာ တကြိမ်၊ ၁၅ ရက်နေ့မှာ တကြိမ်၊ ၂၅ ရက်နေ့မှာတကြိမ် ပေါင်း ၄ ကြိမ်သာလျှင် ကြော်ငြာခြင်းသည်၊ ထိုသတင်းစာတွင် ၁၅ ရက် ဆက်လက် ကြော်ငြာခြင်းမဟုတ်ကြောင်း ထင်ရှားသည်။ ထိုနည်းအတူ မကွိုင်သတင်းစာတွင်၊ ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ကကြိမ်၊ ၁၁ ရက်နေ့တကြိမ်၊ ၁၈ ရက်နေ့ တကြိမ်နှင့် ၂၆ ရက်နေ့ တကြိမ်ပေါင်း ၄ ကြိမ် ကြော်ငြာခြင်းသည်လည်း၊ ထိုသတင်းစာတွင် ၁၅ ရက် ဆက်လက်ကြော်ငြာခြင်း မဟုတ်ကြောင်း ထင်ရှားသည်။

ဤရုံးတော်တွင် တင်သွင်းသော၊ အယူခံငြင်းချက်အမှတ် ၂ တွင်၊ အယူခံတရားလို များ၏ ပညာရှိလွတ်တော် ရွေးနေကြီးက၊ သတင်းစာများတွင် ထည့်သွင်းခဲ့ခြင်းမှာ၊ စကင်း ဥပဒေအပိုဒ် ၆ (ခ) အရ လိုသည်ထက်၊ တကြိမ်သာလျှင် လျော့ခဲ့ပါ ကြောင်း၊ ရေးသားဖော်ပြခဲ့သည်။ သို့ရာတွင် ဤအယူခံမှုကို၊ ဤရုံးတော်က ကြားနာသောအခါ မှာ၊ ထိုပညာရှိ လွတ်တော် ရွေးနေကြီး ကိုယ်တိုင်က၊ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း သတင်းစာတစောင်လျှင် ၄ ကြိမ်စီသာ ဆည့်သွင်း ကြော်ငြာခဲ့ပါသည်ဟု အတည့် အလင်း ဝန်ခံခဲ့ရလေသည်။

ဒီအကွက် ဘဏ္ဍာတော်ထိန်းအမွဲက ကြော်ငြာခဲ့ခြင်းသည် စကင်း ဥပဒေအပိုဒ် ၆ (ခ) နှင့် မကိုက်ညီကြောင်း ထင်ရှားသည်။

---

*"(b) In case of vacancy in the Office of Trustees, they shall advertise it within one month from the date of occurrence in two Burmese Daily Newspapers for 15 days successively, fixing a date for submission of nomination papers."

၁၉၅၇ ဦးဘဖေ ပါ ၇ နှင့် ဦးလွန်းမောင် ပါ ၂။

သို့မဟုတ်ညီသည့်အတွက်၊ လူကြီးသစ်များကို ရွေးကောက်ခြင်းသည်၊ မည်သို့ဖြစ်ရမည်လဲဟူသော ပြဿနာကို၊ ဤခုံတော်က ဆက်လက် ၍ စီရင်ဆုံးဖြတ်ရမည်။ ထိုပြဿနာကို စီရင်ဆုံးဖြတ်ရာ၌၊ ဤခုံတော်သည် အောက်ပါအဓိပ္ပါယ်ဖကောက်ယူရေး ဆိုင်ရာ စည်းမျဉ်း ဥပဒေသများကို၊ အထောက်အထားပြု၍ စီရင်ဆုံးဖြတ်ရမည်။

ပြဋ္ဌာန်းသော စကားများ၏ အဓိပ္ပါယ်ကို ကောက်ယူဆာဘွင်၊ ဦးစွာပဌမဝင်းတို့၏ ရိုးရိုးသဘော အဓိပ္ပါယ်ကို လက်မလွှတ်ဘဲ၊ ကောက်ယူရမည်ဟူသော စည်းမျဉ်းဥပဒေသနှင့်အညီ မျက်မြင်အားဖြင့် အာဏာတွင်က ဖြစ်သော စကားများကို၊ ကောင်းမွန် ခိုင်မာသော အကြောင်း မရှိဘဲနှင့် ညွှန်ကြားချက်များမျှသာ ဖြစ်သည်ဟု အဓိပ္ပါယ်မကောက်ယူရ။ (*)

အာဏာတွင်က အမိန့်များဆိုသည်မှာ၊ ၎င်းတို့အတိုင်း မလိုက်နာဘဲ၊ ပြုလုပ်လျှင် ပြုလုပ်သော အမှုကိစ္စ မတည်မြဲဘဲ၊ ပျက်ပြယ်ရမည့် အမိန့်များဖြစ်သည်။ ညွှန်ကြားချက်များ ဆိုသည်မှာ၊ ၎င်းတို့အတိုင်းအတိအကျ မလိုက်နာခဲ့သော်လည်း၊ အဓိက အချက်များတွင် (substantially) လိုက်နာခဲ့လျှင် ပြုလုပ်ခဲ့သော အမှုကိစ္စ မပျက် ပြယ်ဘဲ တည်နိုင်သော အမိန့်များ ဖြစ်သည်။ (†)

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း၊ မျက်မြင်အားဖြင့် အာဏာတွင်ကဖြစ်သော အမိန့်ကို ခိုင်မာသော အကြောင်းရှိလျှင်၊ ညွှန်ကြားချက်မျှသာဖြစ်သည်ဟု အဓိပ္ပါယ်ကောက်ယူ နိုင်သေးသောကြောင့်၊ အမိန့်ပြဋ္ဌာန်းချက် တခုခု၏ အဓိပ္ပါယ်ကို မကောက်ယူမီ၊ ထိုအမိန့် ပြဋ္ဌာန်းချက်ပါ၊ စကားလုံးများကိုသာ ကြည့်၍ မနေဘဲ၊ တရားရုံးများသည်၊ ထိုအမိန့်ပြဋ္ဌာန်းချက်များပါသော၊ အက်ဥပဒေ၊ နည်းဥပဒေ၊ စကင်းအစရှိသော သက်ဆိုင်ရာ ပြဋ္ဌာန်းချက် တစောင်လုံးကိုငှင်း၊ ထိုသက်ဆိုင်ရာ ပြဋ္ဌာန်းချက် တစောင်လုံး၏ အလား အလာနှင့် ရည်ရွယ်ချက်တို့ကိုငှင်း၊ သုံးသပ်ပြီးမှသာလျှင်၊ ထိုစကားလုံး

---

*Cp. the following extract from Halsbury's Laws of England, 2nd Edition Vol. 31 page 529, para. 692 :—

"Upon the principle that the ordinary sense of enacting words is primarily to be adhered to, provisions which appear on the face of them to be imperative cannot without strong reason be held to be directory."

†Cp. the following extract from Craies on Statute Law, 5th Edition, p. 240 :—

" the difference being, as explained in Woodward v. Sarsons (1875, L.R. 10 C.P. 733,746) that an absolute enactment must be obeyed or fulfilled exactly, but it is sufficient if a directory enactment be obeyed or fufilled substantially ; *i.e.*, that the act permitted by an absolute enactment is lawful only if done in accordance with the conditions annexed to the statutory permission [Cf. Lord Atkinson Smith v. Cammell Laird, (1940) A.C. 242 at p. 258.]

မျာ်း၏ အဓိပ္ပါယ်ကို ကောက်ယူပြီးလျှင်၊ သက်ဆိုင်ရာ အမိန့်သည် စင်စစ်ပင်၊ အာဏာတို့ ကဖြစ်သည်။ သို့တည်းမဟုတ် ညွှန်ကြားချက်မျှသာ ဖြစ်သည်ဟု စီရင်ဆုံးဖြတ်ရမည်။ (*)

ဥပဒေ ပါ ၃ နှင့် ဦးလှန်းမောင် ပါ ၂။

သက်ဆိုင်ရာ အမိန့်တွင် ပါသော အာဏာတို့ကစကားလုံးများ၏ အဓိပ္ပါယ်ကို ကောက်ယူရာ၌၊ အမိန့်ပါသော အက်ဥပဒေ စကင်း၊ သို့မဟုတ် အခြားပြဋ္ဌာန်းချက် တစောင်လုံး၏ အလားအလာနှင့် ရည်ရွယ်ချက်များကို ထောက်ရှုပြီးလျှင်၊ အကဲ့ခြဲ ထိုအမိန့်သည်၊ အမျာ်းပြည်သူ၏ အကျိုးငှါ၊ သို့မဟုတ် အမျာ်းပြည်သူနှင့် သက်ဆိုင်သော တရားဖြောင့်မှန်မှု တိုးတက်စေရန်၊ ရည်ရွယ်ပြဋ္ဌာန်းသော အမိန့်ဖြစ်ကြောင်း တွေ့မြင်ရလျှင်၊ ထိုအမိန့်သည် အတိအကျ လိုက်နာရမည့်အာဏာတို့ကအမိန့်ဖြစ်သည်ဟု အဓိပ္ပါယ် ကောက်ယူရမည်။ (†)

---

*Cp. the following extract from Craies on Statute Law, Fifth Edition pp. 242 to 243 :—

"This was plainly stated by Lord Campbell in Liverpool Borough Bank v. Turner (1861, 30 L.J. ch. 379, 380) with regard to enactments expressed in merely affirmative language. 'No universal rule,' said he, 'can be laid down as to whether mandatory enactments shall be considered directory only or obligatory with an implied nullification for disobedience. It is the duty of Courts of justice to try to get at the real intention of the Legislature by carefully attending to the whole scope of the statute to be construed.' In Howard v. Bodington (1877), 2 P.D. 203, 211 (Lord Penzance, after citing this dictum of Lord Campbell, added as follows : I believe, as far as any rule is concerned, you cannot safely go further than that in each case you must look to the subject-matter, consider the importance of the provision and the relation of that provision to the general object intended to be secured by the Act, and upon a review of the case in that aspect decide whether the enactment is what is called imperative or only directory . . . .I have been very carefully through all the principal cases, but upon reading them all the conclusion at which I am constrained to arrive is this, that you cannot glean a great deal that is very decisive from a perusal of these cases. They are on all sorts of subjects. It is very difficult to group them together, and the tendency of my mind, after reading them, is to come to the conclusion which was expressed by Lord Campbell in the case of Liverpool Bank v. Turner."

†Cp. the following extract from Halsbury's Laws of England. Second Edition, Vol. 31 p. 530, para 692

"Generally in public statutes, enacting words where the thing to be done is for the public benefit or in advancement of public justice [A.G. v. Lock (1744), 3 Atk. 164, per Lord Hardwicke, L.C., at p. 166 ; 42 Digest 717 1367 ; R.v. Ti the Commissioners (1849), 14 Q.B. 459, per Cole-Ridge, J., at p. 474 ; 42 Digest 712, 1290] must be taken to have a compulsory force."

၁၉၅၇ ဦးဘဖေ ပါ ၇ နှင့် ဦးလွန်းမောင် ပါ ၂။

